

# ဝေကြာမ
# စုန်း




တို့ဆေးမိတာလား၊ ဆေးနဲ့လုပ်လိုက်တာလား ပဉ္စလုံးညှိဘိုးတော် လေချွန်နတ်စကားဝိုင်း
လေထဲမှာထိုင်ပြသောနည်း ကြက်ဥထဲက ဓါတ်လုံးလက်စွပ် အင်းအပင်းမှော်
ဆန်မန်းများမှ မီးတောက်သောနည်း ကဝေမီးတောက်များ ရက္ခစိုးမှော်နှင့် နဂါးသိုက် ကိုယ်တွေ့သရဲ
စိတ်တံခိုးနှင့်ဖွန်းကွေးပြခြင်း မီးထုံကူးတယ်ဆိုတာ ကျောက်ခဲတွေဘာကြောင့်အန်နေတာလဲ



ဘိုးတော်တု၊ ဘိုးတော်ယောင်များရဲ့လိမ်နည်းမျိုးစုံကို ဖော်ထုတ်လိုက်ပြီ

Design : Pae Gyi





## ဆရာစက္ကာမ

၏

# ဖဲမျက်လှည့်ပြနည်း

ဖဲလိမ်ရိုက်နည်းမဟုတ်ပါ။ မျက်လှည့်ပြနည်း လမ်းညွှန်စာအုပ်လေးသာ ဖြစ်ပါသည်။ ဖဲချပ်ကလေး များကို အသုံးပြု၍ လုပသော မျက်လှည့် ပြကွက်များကို ဖန်တီးနိုင်စေရန် မျက်လှည့်ပြပုံ အသေးစိတ်နည်း စနစ်များနှင့် လမ်းညွှန်ဗီဒီယိုခွေ ပါဝင်သည်။





## ဆရာစက္ကာမ

၏

# မျက်လှည့်ပြနည်း ၁၀၀

မျက်လှည့်ဝါသနာရှင်များ လေ့လာနိုင်ရန်အတွက် မျက်လှည့်ပညာ၏ လျှို့ဝှက်ချက်များ၊ Style၊ အပြောအဆို၊ တင်ပြပုံ၊ လေ့ကျင့်ခန်းများ ပါဝင်သည်။ မျက်မြင်ကိုယ်တွေ့ သင်ယူနိုင်ရန်အတွက် သင်ကြားရေး ဗီဒီယိုခွေ ပါဝင်သည်။

မျက်ပွင့်စာပေ — ဖုန်း–09-73002965၊ 09 7300 5882
e-mail : myatpwint.books@gmail.com





## ဆရာစက္ကာမ

၏

# အနီးကပ်မျက်လှည့်

အမေးနွားကျောင်းသား၊ အဖြေဘုရားလောင်း ဆိုသည့် ဆိုရိုးရှိ သည့်အတိုင်း၊ ဥဏ်စမ်းမေးခွန်းများသည် မေးရာတွင် လွယ်ကူသလောက် အဖြေကို ခက်ခဲနက်နဲစွာ စဉ်းစားကြ ရသည်။ ထိုသို့ အမေးလွယ်သလောက် အဖြေခက်ခဲနက်နဲသည့် မေးခွန်းများကို ဖြေဆို ပေးထားသည်။



တို့ဆေးမိတာလား၊ အညာမိတာလား
စိတ်တန်ခိုးနှင့် ဖွန်းများကွေးပြခြင်း၊ မီးထုံကူးတာလား၊
ကျောက်ခဲတွေအန်တာကို ယုံကြည်သလား။
လေပေါ်မှာထိုင်ပြသောဦးဝင်းနိုင်(အနုပညာ)၊
ဆန်မန်းများမှ မီးထတောက်ခြင်း၊
ကြက်ဥထဲက ဓါတ်လုံးလက်စွပ်၊
ရက္ခစိုးမော်နှင့်နဂါးသိုက်၊

**စက္ကာမ** ရှင်းလင်းဖော်ထုတ်ရှင်းပြထားသည် [စာအုပ် + DVD]

ဘိုးတော်လိမ်၊ နတ်ကတော်လိမ်၊ ဘညာကွိကွဇေဒင်ဆရာလိမ်တွေရဲ့ . . . . .
လိမ်နည်းများကို မှောက်ထားသောခွက်ကို လှန်လိုက်ဘိသကဲ့သို့ ဖွင့်ချလိုက်ပြီ။

မျက်ပွင့်စာပေ — ဖုန်း–09-73002965၊ 09 7300 5882
e-mail : myatpwint.books@gmail.com

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ♦ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ♦ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ♦ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ♦ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ♦ ပြည်တွင်း၊ ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ♦ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ♦ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ♦ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ♦ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- ♦ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ♦ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ♦ ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ♦ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေးလ

### လူမှုရေးဦးတည်ချက် (၄)ရပ်

- ♦ တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- ♦ အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ♦ မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- ♦ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဥုံဖွ


ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေခြင်း** - ၂၀၁၂၊ အောက်တိုဘာလ၊
ပထမအကြိမ်၊ ၅၀၀ အုပ်

**မျက်နှာဖုံးနှင့်အတွင်း** - ဦးဇော်မင်းအေး
ဇော်ပုံနှိပ်တိုက် (၀၇၁၂၅)
အမှတ် (၃၈၆) အင်ကြင်းမြိုင်လမ်း
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊

**ထုတ်ဝေသူ** - ဦးဝင်းဇော် ၁၅၇၆ (ယာယီ)
အောင်မင်္ဂလာစာပေ၊
အမှတ်(၁၄)၊ ကျောက်ရေတွင်းလမ်း
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့၊


**တန်ဖိုး** - ၃၀၀၀ ကျပ်၊

ဥုံဖွ CIP - ၇၉၃. ၈
စကြောမ(မှော်အနုပညာ)
အောင်မင်္ဂလာစာပေ ၁၅၇၆ (ယာယီ)
၁၀၄-စာ၊ ၁၉ × ၂၅ စင်တီ၊

**ဖြန့်ချိရေး**


**မရမ်းတလင်းစာပေ**
အမှတ်(၁၄)၊ ကျောက်ရေတွင်းလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့၊
ဖုန်း - ၀၁ - ၅၄၃၂၉၇

မျက်ပွင့်စာပေ
အမှတ်(၂၁၁)၊ ၃၇ လမ်း၊(အထက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၇၃၀၀ ၂၉၆၅၊
၀၉ ၇၃၀၀ ၅၈၈၂




# ဥံမွ

စေကြာမ ရေးသည်



ဤစာအုပ်
ဖြစ်မြောက်ရေးအတွက်
အဖက်ဖက်မှ
ဝိုင်းဝန်းကူညီပေးကြသော
မရမ်းတလင်းစာပေမှ ဦးဝင်းဇော်၊
မျက်ပွင့်စာပေမှ ဦးမျိုးမင်းသန်း၊
သရုပ်ဆောင်
ဦးဝင်းနိုင် (အနုပညာ)
ဂျင်မီဇရက်
ဆည်းဆာ တို့နှင့်
ဇောင်း ဓါတ်ပုံ-ဗွီဒီယိုမှ
ကိုဇောင်းနဲ့အဖွဲ့၊
ဒီဇိုင်း-ပဲကြီးတို့အား
အထူးကျေးဇူးတင်ရှိပါသည်



**စ ေ က္ကာ မ**
**(မျှော်အနုပညာ)**
**၀၁-၂၀၂၅၉၂**
**၀၉-၅၀ ၆၂၇၂၆**

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁ | ဝန်ချတောင်းပန်အပ်ပါသည်၊ | ၂ |
| ၂ | ဘယ်လိုလူတွေအလိမ်ခံရတာလဲ၊ | ၃ |
| ၃ | လူလယ်တွေမဟုတ်ပါဘူး လူယုတ်လူညံ့တွေပါ၊ | ၄ |
| ၄ | တို့ဆေးမိတာလား ဆေးနဲ့လုပ်လိုက်တာလား၊ | ၅ |
| ၅ | လွဲမှားတဲ့ ကိုးကွယ်ယုံကြည်မှုတွေကြောင့်၊ | ၆ |
| ၆ | ဘာကိုမှ ယူမထားဘူး၊ | ၈ |
| ၇ | ပဋ္ဌလှည့် ဘိုးတော်၊ | ၁၄ |
| ၈ | လေချွန်နတ် စကားဝိုင်း၊ | ၂၀ |
| ၉ | လေထဲမှာထိုင်ပြသောနည်း လျှို့ဝှက်ချက်၊ | ၂၄ |
| ၁၀ | တကယ်ကြားတာလား တကယ်မြင်တာလား၊ | ၃၀ |
| ၁၁ | အင်း အပင်း မှော်၊ | ၃၈ |
| ၁၂ | ဘာနေ့သားလဲ၊ | ၄၅ |
| ၁၃ | ကြက်ဥထဲက ခါတ်လုံးလက်စွပ်၊ | ၄၆ |
| ၁၄ | ဆန်မန်းများမှ မီးတောက်သောနည်း၊ | ၅၀ |
| ၁၅ | ကဝေမီးတောက်များ၊ | ၅၄ |
| ၁၆ | ရုက္ခစိုးမှော်နဲ့ နဂါးသိုက်၊ | ၅၈ |
| ၁၇ | ကိုယ်တွေ့သူရဲ၊ | ၆၀ |
| ၁၈ | အကြားအမြင်နဲ့ ဒဝါလောက၊ | ၆၂ |
| ၁၉ | ငွေဒါဏ်ခတ်ခံမလား လူဒါဏ်ခတ်ခံမလား၊ | ၆၈ |
| ၂၀ | အဖြူရောင် လှည့်စားမှုများ၊ | ၇၈ |
| ၂၁ | အာရုံရလို့လာတာ၊ | ၈၅ |
| ၂၂ | စိတ်တန်ခိုးနဲ့ ဇွန်းကွေးပြခြင်း၊ | ၈၆ |
| ၂၃ | မီးထုံကူးတယ်ဆိုတာ၊ | ၉၀ |
| ၂၄ | ကျောက်ခဲတွေအန်နေတာ ဘာ့ကြောင့်လဲ၊ | ၉၂ |
| ၂၅ | မှော် | ၉၄ |

# "အမှာစာ မဟုတ်ပါ"

တစ်နေ့သ၌ ကျွန်ုပ်သည် ကျွန်ုပ်နှင့်လွန်စွာမှ ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦးနှင့် မန္တလေးမြို့ ဈေးချိုအနီးရှိ နာရီစင်ကြီးအနီး၌ အမှတ်မထင်ဆုံမိကြလေ၏။ ထိုမိတ်ဆွေ၏အမည်မှာ'စိုးမိုးနိုင်'ဖြစ်ပြီး (စက္ကောမ)အမည်နှင့် မျက်လှည့်ပြရာ၌ ထင်ရှားကျော်ကြားသူဖြစ်၏။ ကိုစိုးမိုးနိုင်(စက္ကောမ)မှာ ကျွန်ုပ်နှင့်သက်တူရွယ်တူမဟုတ်ပါ။ ကျွန်ုပ်ထက်အသက်ငယ်သူဖြစ်သော်လည်း လူမှုဘဝအတွေ့အကြုံနှင့် ဒေသန္တရဗဟုသုတမှာ ကျွန်ုပ်ထက် အဆပေါင်းများစွာသာလေ၏။ ၎င်းကိုစိုးမိုးနိုင်(စက္ကောမ)နှင့် ကျွန်ုပ်မှာ နေအိမ်ချင်း မနီးမဝေးမှာနေထိုင်ကြသော်လည်း အကြောင်းမတိုက်ဆိုင်သောကြောင့် မဆုံတွေ့ကြသည်မှာကြာပြီဖြစ်၏။ ဆုံတွေ့သောအခါများ၌လည်း ကျွန်ုပ်တို့နှစ်ဦးမှာ ရောက်တတ်ရာရာတွေရာလေးပါး အကြောင်းအရာများကိုပြောဆိုတတ်ကြရာတွင် ၎င်းသည် **အာဝဇ္ဇန်း**ရွှင်ခြင်း၊ ဗဟုသုတနယ်ပယ် ကျယ်ဝန်းခြင်း၊ **တခ်ဏုပ္ပတ္တိဉာဏ်**ကောင်းခြင်းစသည့် စကားပြောကောင်းသူတို့ ရှိအပ်သော အင်္ဂါရပ်သုံးပါးနှင့်ပြည့်စုံခြင်းရှိသည့်အပြင်'**အာဂမယုတ္တိ**'တည်းဟူသော ကျမ်းဂန်အထောက်အထားနဲ့ကင်းပြီး ပြောဆိုလေ့မရှိသောကြောင့် ၎င်းပြောသမျှကိုသာ ကျွန်ုပ်ကနားထောင်ခေါင်းညိမ့်ပြီး ရသမျှဗဟုသုတများကို သိမ်းဆည်းရသည်ကသာများ၏။

ထိုသို့တွေ့တုန်းကြုံခိုက်မှာ ကျွန်ုပ်က လ္ဘက်ရည်သောက်ရင်း စကားစမြည်ပြောကြရန် ဖိတ်မန္တကပြုသောကြောင့် ၎င်းကသဘောတူပြီးလျှင် အနီးအနားတွင်ရှိသည့် လ္ဘက်ရည်ဆိုင်တစ်ဆိုင်၌ စကားလက်ဆုံကျကြလေတော့သည်။

(ကျွန်ုပ်) ကိုစိုးမိုးနိုင် ---- ခင်ဗျားမန္တလေးကို အလည်သက်သက်ရောက်လာတာလား။

(နိုင်) ရသေ့ကြီးဦးခန္တီရဲ့ ဒေါက်ခြာကြီးကို လာကြည့်တာဗျ။

(ကျွန်ုပ်) ရသေ့ကြီးဦးခန္တီရဲ့ ဒေါက်ခြာအစစ်မှ ဟုတ်နိုင်ရိုးလားဗျာ . . . ၊ ဥရောပတိုင်းပြည်တစ်ပြည်က ပြတိုက်တစ်ခုမှာ ဒေါက်ခြာအစစ်ကရောက်နေလေရဲ့လို့ ကျုပ်သတင်းသဲ့သဲ့ကြားတယ်။ နို့ . .ခင်ဗျားက ရသေ့ကြီးဦးခန္တီရဲ့ ဒေါက်ခြာကို တကူးတကန့်အချိန်ကုန်ခံပြီး ဘာဖြစ်လို့လာကြည့်ရတာလဲ၊ တဆိတ်လောက် လင်းစမ်းပါဦး၊

(နိုင်) ဒဂုံတောင်ပိုင်းမှာ ဘိုးတော်တစ်ယောက်ပေါ်နေတယ်။ ရသေ့ကြီးဦးခန္တီရဲ့ဒေါက်ခြာကို ဘုရားစဉ်ရှေ့မှာထားပြီး ကန်တော့ပွဲတွေထိုးထားတယ်၊ ဖယောင်းတိုင်အမွှေးတိုင်တွေလည်း ထွန်းညှိထားတာပေါ့ ကိုဝင်းဇော်ရာ၊ သစ်သီးတွေလည်း စုံနေတာပဲ . . . ၊ ဘုရားကို ကပ်ထားတာလား . . . ၊ ဒေါက်ခြာကြီးကိုကပ်ထားတာလား . . . မသိဘူး၊ စီးပွားရေးအတွက် ရသေ့ကြီးဦးခန္တီရဲ့ဒေါက်ခြာကြီးမှာလာပြီး ဆုတောင်းတဲ့သူတွေကလည်း တစ်နေ့တစ်နေ့ မနည်းဘူး။ အလှူခံငွေဖလားကြီးထဲမှာ တစ်ထောင်တန်ငါးထောင်တန်တွေကတော့ ပလူပျံနေတာပဲ။ သူအဓိဋ္ဌာန်ဝင်ပုတီးစိပ်နေတုန်း . . . ဟိမဝန္တာတောင်က ရသေ့ကြီးဦးခန္တီက ကြွလာပြီးတော့ " **သားတော်ကြီး ငါ့ဒေါက်ခြာနဲ့ သာသနာပြုပေတော့** " လို့ပြောပြီး ချီးမြှင့်သွားတယ်လို့ပြောတာပဲ၊

(ကျွန်ုပ်) အဲဒီတော့ . . . ခင်ဗျားက ယုံရောလားဗျာ။

(နိုင်) ဟာ ကိုဝင်းဇော်ကလည်း ကျွန်တော်က ရှာလကာရည်မှမဟုတ်ပဲ၊ အဲဒီလူ အရင်တုန်းကဘာလုပ်တယ်ဆိုတာ ကျွန်တော်ကောင်းကောင်းကြီးသိထားတယ်၊ ရသေ့ကြီးဦးခန္တီရဲ့ဒေါက်ခြာကို မန္တလေးတောင်ခြေမှာရှိတဲ့ ပြတိုက်က ခိုးလာတာဖြစ်ကောင်းရဲ့ ဆိုပြီးတော့ ဒီမှာလာကြည့်တာ၊ ဒီမှာမရှိရင်တော့ . . . ရဲစခန်းမှာသွားပြီးတော့ သတင်းပေးမလို့ပါ၊ ဒီလူက လူလိမ်ဆိုတာ ကျွန်တော်ကောင်းကောင်းသိတယ်၊ လူတွေကလည်း ယုံလွယ်လိုက်တာ မပြောပါနဲ့တော့ဗျာ။

(ကျွန်ုပ်) တရားကိုယ်အရ ပြောမယ်ဆိုရင်တော့ . . 'လောဘ' က 'လောဘ' ကို လိမ်တာဗျ။ အဘိဓမ္မာအရ ပြောမယ်ဆိုရင်တော့ . . . ' လောဘစေတသိတ်' ပေါ့။

(နိုင်) 'လောဘ' က 'လောဘ' ကို လိမ်တယ် . . . ဟုတ်လား၊ ကျွန်တော်နားသိပ်မရှင်းဘူး။

(ကျွန်ုပ်) ခင်ဗျား . . . စောစောကပြောတဲ့ ဘိုးတော်လိမ်က သူများပိုက်ဆံတွေကို မတော်မတရားလိုချင်တဲ့ 'လောဘ' ရှိတယ်၊ သူ့ဆီကိုလာတဲ့ ရသေ့ကြီးဦးခန္တီရဲ့ ဒေါက်ခြာအတုကြီးကို ရှိခိုးပြီးတော့ စီးပွားတက်ဖို့ ဆုတောင်းတဲ့ လူတွေကလည်း 'လောဘ' နဲ့လာကြတာ၊ အဲဒါကြောင့် 'လောဘ' က 'လောဘ'ကိုလိမ်တယ်လို့ ကျုပ်ပြောတာပေါ့ဗျ။ နို့ပေမယ့် . . . တစ်ခုတော့ရှိတယ်၊ အလိမ်ခံရတဲ့သူတွေမှာ 'ဆင်ခြင်တုံတရား' ဒါမှမဟုတ် 'ဗဟုသုတ' ဒါမှမဟုတ် 'စဉ်းစားတွေးခေါ်တဲ့ဉာဏ်' မရှိလို့ အလိမ်ခံရတာ၊ တစ်ချို့ကပြောပြောနေတယ်၊ 'လောဘ' ကြီးရင်အလိမ်ခံရမယ်တဲ့၊ လိမ်တဲ့သူက 'လောဘ' ကြီးတဲ့သူကိုပဲ လိမ်လို့ရတယ်လို့ ပြောပြောနေကြတယ်၊ ဒါမဟုတ်သေးဘူး၊ လုံးဝဥဿုံ မမှန်သေးဘူး။ 'လောဘ' ရှိပြီး ဆင်ခြင်တုံတရားမရှိမှ၊ 'လောဘ' ရှိပြီး ဗဟုသုတမရှိမှ၊ 'လောဘ' ရှိပြီး စဉ်းစားတွေးခေါ်ဉာဏ်မရှိမှ အလိမ်ခံရတာဗျ။

(နိုင်) အဲဒီ . . . လူလိမ်တွေ ဘယ်ခေတ်က စပြီးပေါ်လာတာလဲဗျာ။

(ကျွန်ုပ်) လူသားမျိုးနွယ်အစ ဘုံပိုင်စနစ်ကုန်ဆုံးပြီးတော့ ပုဂ္ဂလိကပိုင်ဆိုင်မှုစနစ် စတဲ့အချိန်ကစပြီးတော့ ခိုးမှု၊ လုယက်မှု၊ လိမ်မှုတွေက ပါဝင်ရှင်သန်လာတာဗျ။ လိမ်လည်မှုကိုတော့ '**အဒိန္နာဒါနကံ**' ထဲမှာပဲထည့်ထားတယ်။ သံသရာမှာ ပေးဆပ်ရမယ့် အကျိုးဝိပါတ်တွေက ခိုးတာပဲဖြစ်ဖြစ်၊ လုယူတာပဲဖြစ်ဖြစ်၊ လိမ်ယူတာပဲဖြစ်ဖြစ် အတူတူပဲလေ . . . ။ ခိုးခြင်း ၂၅ ပါးရှိတဲ့အထဲမှာ . . . လိမ်လည်တာကိုတော့ '**ထေယျာဝဟာရ**' ခိုးခြင်းမျိုးထဲမှာ ထည့်ထားတယ်၊

**(နိုင်)** ကျွန်တော် . . . . ကိုဝင်းဇော်နဲ့ ဒီနေ့ စကားပြောလိုက်ရတာ သိပ်ကောင်းတာပဲ။ စောစောက ကိုဝင်းဇော်ပြောသလို အလိမ်ခံရတဲ့သူတွေဟာ မသိနားမလည်လို့၊ ဗဟုသုတမရှိလို့ဆိုတဲ့ စကားက သိပ်မှန်တယ်ဗျာ။

**(ကျွန်ုပ်)** ဟုတ်တယ် . . . . အလိမ်ခံရဖို့က 'လောဘ'ကရှေ့ဆောင်ပြီးတော့ မသိနားမလည်မှု၊ ဗဟုသုတမရှိမှုတွေက တွန်းပို့ပေးတာဗျ။

**(နိုင်)** ခု . . . . ပြောနေတုန်း ဆိုနေတုန်း ကျွန်တော်စဉ်းစားမိတာ တစ်ခုရှိတယ် . . . . ကိုဝင်းဇော်၊ အဲဒါက ဘာလဲဆိုတော့ လူတွေအလိမ်မခံရအောင် ကျွန်တော်ဖွင့်ချခြင်တယ်၊ ဘိုးတော်လိမ် တော်တော်များများဟာ ကျွန်တော်တို့မျက်လှည့်နည်းတွေကို သုံးပြီးတော့ လိမ်ကြတာများတယ်။ သူတို့ကိုယ်သူတို့ အကြားအမြင်ရသလိုလို၊ ရုက္ခစိုးနဲ့ပဲ အဆက်အသွယ်ရှိသလိုလိုနဲ့ လုပ်စားနေကြတာ၊ တကယ်တမ်းကျတော့ သူတို့သုံးတာ မျက်လှည့်နည်းတွေများတယ်။ အဲဒီတော့ ကျွန်တော်က အဲဒီအကြောင်းတွေကို စာအုပ်ရေးမယ်။ ကိုဝင်းဇော်ရဲ့ စာအုပ်တိုက်က ထုတ်ပေးပါ။ အမှာစာလဲ ရေးပေးပါ။ ဘယ်လို သဘောရလဲ။


**(ကျွန်ုပ်)** နေရာကျလိုက်တာဗျာ . . . .။ ကျုပ်က **'အောင်မင်္ဂလာစာပေ'** ဆိုတဲ့နာမည်နဲ့ စာအုပ်ထုတ်ဝေခွင့်ရထားတာ ပူပူနွေးနွေးပဲရှိသေးတယ်၊ ခင်ဗျား . . ရေးပေတော့၊ ကျုပ် . . စာအုပ်ထုတ်ပေးမယ်။ နို့ပေမယ့် အမှာစာကိုတော့ ကျုပ်မရေးပါရစေနဲ့ဗျာ။ ကျုပ်မရေးရဲဘူး။

**(နိုင်)** ကိုဝင်းဇော် . . . . အမှာစာရေးပေးတော့ ပိုကောင်းတာပေါ့ဗျာ။ ဘာဖြစ်လို့ အမှာစာ မရေးရဲရတာလဲ။

**(ကျွန်ုပ်)** ကျုပ်တို့ ဗေဒင်ဆရာတွေထဲမှာ . . . . အားလုံးတော့မဟုတ်ပါဘူး၊ တစ်ချို့ပါ . . . .၊ ကြွက်ချေးတွေ၊ အဖျင်းတွေလို့ပဲ ပြောရမှာပေါ့ဗျာ၊ **ရှေးတုန်းက ဗေဒင်ဆရာကြီးတွေလို ပညာအားကိုးနဲ့ အသက်မွေးဝမ်းကျောင်း မပြုချင်ကြတော့ဘူး၊** ကိုယ့်ပညာကို မြှင့်ဖို့မကြိုးစားကြဘူး။ ငွေနဲ့ဝယ်လို့ရတဲ့ အဖြီးအဖြန်း ဂုဏ်ပုဒ်အဆောင်အယောင်တွေနဲ့ ဘာဘွဲ့ကြီးနဲ့ဟဲ့ ညာဘွဲ့ကြီးနဲ့ဟဲ့၊ ဘယ်တိုင်းပြည်က ရလာတာဟဲ့၊ ညာတိုင်းပြည်က ရလာတာဟဲ့ဆိုပြီး လိမ်ကြ ညာကြတယ်။ ခေတ်ကလဲ ကလိယုဂ်ခေတ်ထဲကို ရောက်နေပြီလေ။ **"ဘုတ်ကိုကျီးမြှောက်၊ ကျီးကိုဘုတ်မြှောက်"** ပြီး လောကကြီး ကြီးပွားနေလေသတည်း ဆိုတာ ဒါမျိုးပေါ့ဗျာ။ မျက်လှည့်ပညာလေး မတောက်တခေါက်လောက် သင်ထားပြီးတော့ မှော်လိုလို သမထပေါက်နေသလိုလိုနဲ့ လိမ်စားနေကြတဲ့ ဗေဒင်ဆရာတွေ ဘိုးတော်လိမ်တွေလဲ ရှိသေးတယ်။ ကျုပ်က သူတို့လိမ်ပုံလိမ်နည်းတွေကို ဖွင့်ချတဲ့စာအုပ်ကို ထုတ်ဝေဖြန့်ချီပေးရုံတင်မကဘူး . . . အမှာစာပါရေးပေးလိုက်တယ်ဆိုရင်တော့ဗျာ . . . . ဘာပြောကောင်းမလဲ၊ ဒေါမနဿတွေပွားလိုက်ကြမယ့်ဖြစ်ခြင်း၊ ကျုပ်ဘယ်သူ့အမုန်းကိုမှ မခံချင်ပါဘူးဗျာ၊ ကျုပ်က သူများအကြောင်း မကောင်းမပြောပါဘူး၊ မကောင်းမရေးပါဘူးလို့ 'ပါဏုပေတံ' အသက်ထက်ဆုံးရှောင်ထားလေရဲ့။ **"တောစကား တောမှာပျောက်၊ မြို့မရောက်စေနဲ့"** ဆိုတဲ့စကားလို ကျုပ်ခုပြောခဲ့တဲ့ စကားတွေကို ဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့ ကတိပေးစမ်းပါ။ ကျုပ် . . . . စောစောကပြောတဲ့ ဗေဒင်ဆရာတွေထဲမှာ အပေါက်အစပ်များတဲ့ ဗေဒင်ဆရာတွေရှိတယ်။ သူတို့က အသရေဖျက်မှုနဲ့ တရားစွဲရင် ကျုပ်အမှုရင်ဆိုင်နေရဦးမယ်ဗျာ။ မလုပ်ပါနဲ့။ ကျုပ်ကတော့ ခင်ဗျားရေးမယ့် စာအုပ်မှာ အမှာစာရေးမယ့်အစား ကျားပါးစပ်ထဲ လက်ထည့်လိုက်တော့မယ် . .။

လူအချင်းချင်းလှည့်ပါတ်ခြင်း ကင်းရှင်းကြပါစေ။

**ဝင်းဇော်(သစ်တော)**



ကျွန်တော်ကိုယ်တိုင် စာဖတ်ပရိသတ်အပေါ်
စေတနာအပြည့်နဲ့ ရေးသားထားသော ဤစာအုပ်ဖြင့်

ယော်စဉ်တောင်ကျေး ကလေးဘဝကတည်းက
စစ်မှန်တဲ့ ဘာသာရေးလမ်းကြောင်းပေါ်ကို
အရောက်ပို့ပေးခဲ့တဲ့
ကျေးဇူးရှင် အဖေ ဦးကျော်သောင်း
ဘယ်အရာကိုမှ လွယ်လွယ်ကူကူ
မယုံတတ်တဲ့ ကျွန်တော့်ကိုလည်း ဘာကိုမှ
လွယ်လွယ်ကူကူမယုံပါနဲ့လို့
သင်ပေးလိုက်တဲ့
ကျွန်တော့်ဆရာ မျက်လှည့်ဆရာ ဂရိတ် ပီကိုလာ
အတွေးအခေါ်ပေါင်းများစွာနဲ့
အတွေးရဲရဲ အရေးရဲရဲ တွေးရဲ ရေးရဲအောင်
သင်ကြားပေးခဲ့တဲ့၊
အမှန်တရားဘက်တော်သား အဖြစ်
ရပ်တည်ဖို့တွန်းအားတွေပေးခဲ့တဲ့
ကျွန်တော့် ကျေးဇူးရှင် ဆရာကြီး မင်းသိင်္ခ

အထက်ဖော်ပြပါ ကျေးဇူးရှင် ဆရာသခင်များအား
ကန်တော့ အပ်ပါသည်၊

စက္ကောမ (မှော် အနုပညာ)

# “ဝန်ချတောင်းပန်အပ်ပါသည်”

သူ့ကိုကျွန်တော်အရမ်းချစ်ပါတယ်၊ သူဟာကျွန်တော့်ရဲ့ဘဝပါပဲ၊ ကျွန်တော် သိတတ်ကတည်းက သူနဲ့နေလာခဲ့တာပါ၊ သူ့ရဲ့အပေါ်မှာ ကျွန်တော်သစ္စာမဲ့ခဲ့ တာတွေ မလုပ်သင့်တာတွေလုပ်ခဲ့မိတာတွေ အများကြီးပါ၊ ကျွန်တော်ကြိုက် တာလုပ် လုပ်ချင်တာလုပ် သူကတော့အေးအေးဆေးဆေးပါပဲ၊ မင်းအပြစ်ကို မင်းပဲခံရမှာလေလို့ ပြောနေသလိုပါပဲ၊ တစ်ခါတစ်လေမှာ သူကကျွန်တော့်မိဘ တစ်ယောက်လိုပါပဲ၊ နွေးထွေးစွာထားပြီးတော့ ကျွန်တော့်ဘဝကိုလုံခြုံစေခဲ့ပါ တယ်၊ တစ်ခါတစ်လေမှာတော့ အားပြိုင်မှုတွေ ဖိစီးမှုတွေကို သူကလုပ်နေသ လိုပါပဲ၊ အမှန်ကတော့ သူလုပ်တာမဟုတ်ပါဘူး၊ ကိုယ့်ဟာကိုယ်ဖြစ်နေတာပါ၊

ကျွန်တော့်ဖက်ကသူ့အပေါ် မှားယွင်းမှုတွေ သစ္စာမဲ့မှုတွေပြုခဲ့မိလို့ ပြန်လည် ပေးဆပ်ရမှာပါ၊ အမှားပေါ်အမှားဆင့်ပြီးတော့ မှားပြီးရင်မှားနေလို့ မရပါဘူး၊ ကျွန်တော့်အမှားတွေအတွက် ပြန်လည်ပေးဆပ်ချင်တာကတော့ ကျွန်တော့် လိုပဲ သူများတွေမမှားရအောင် ကျွန်တော့်အမှားတွေကို အားလုံးရှေ့မှာဝန်ချ တောင်းပန်မယ်၊ မသိနားမလည်တဲ့သူတွေ အလိမ်အညာမခံရအောင် မှောင်မဲ နေတဲ့နေရာတွေကို မီးထိုးပြပြီး အလင်းရောင်ပေးမယ်၊ အဲဒါနဲ့ပဲ ဒီစာအုပ်ကို ရေးဖြစ်ခဲ့ပါတယ်၊

သူ ဒါမှမဟုတ် ကျွန်တော့်ရဲ့အချစ်ဆုံး ဒါမှမဟုတ် ကျွန်တော့်ဘဝ ဒါမှမ ဟုတ် ကျွန်တော့်ရဲ့အလင်းရောင် ဒါမှမဟုတ် ကျွန်တော်အသဲပေါက်အောင်ချစ် ရတဲ့ မော်အနုပညာ၊

ကျွန်တော်သည် သူ့ရဲ့ အရေးပေးမှု ရင်းနှီးမှု ချစ်ခင်မှုများအပေါ် အခွင့် ကောင်းယူပြီး စည်းကမ်းမဲ့မှုများ သစ္စာမဲ့မှုများ ခုတုံးလုပ်မှုများ ပြစ်မှုပေါင်း များစွာတို့ကို လွန်စွာမှ သေးသိမ်ညံ့ဖျင်းသော အတ္တဆန်သောခပ်ညံ့ညံ့အောက် တန်းစားစိတ်ဓါတ်တို့ဖြင့် ပြုမူဆောင်ရွက်မိခဲ့ပါကြောင်း နောင်တကြီးစွာရ၍ ဝန်ချတောင်းပန်အပ်ပါသည်၊





# “ဘယ်လိုလူတွေ အလိမ်ခံရတာလဲ”

ဒီစာအုပ်က ဘိုးတော်အတုတွေ ဘာသာရေးကို ခုတုံးလုပ်ပြီးတော့ ယုံကြည် လွယ်တဲ့သူတွေကို လိမ်ညာခဲ့တဲ့နည်းတွေကို ဖေါ်ပြထားတဲ့စာအုပ်ဖြစ်ပါတယ်၊ ဒီစာအုပ်ထဲမှာပါတဲ့ နည်းတွေကိုဖတ်ပြီးတော့ ဘယ်ဘိုးတော်က ဘယ်နည်းကိုသုံး သွားတာ သူ့ရဲ့လျှို့ဝှက်ချက်ကဘယ်လို အဲဒီလောက်သိရုံနဲ့ မပြီးပါဘူး၊ ကိုယ်က ဒီနည်းတွေကို သိနေပြီပဲ၊ အလိမ်မခံရတော့ဘူးလို့ မထင်ပါနဲ့၊ လိမ်တဲ့လူဆိုတာ နည်းပရိယာယ်များပါတယ်၊ ဒီနည်းတွေကိုလူတွေသိသွားရင် သူတို့ကဒီနည်းတွေကို မသုံးတော့ပဲ ဟိုနည်းကိုသုံးမယ်၊ ဟိုနည်းကိုကြတော့ ကိုယ်ကမသိလိုက်လို့ ထပ်ပြီးတော့ လိမ်တာညာတာ ခံနေရအုံးမယ်ဆိုရင် သဘာဝမကျပါဘူး၊ အဲဒီတော့ လိမ်တဲ့လူတွေရဲ့ သဘောသဘာဝ အပြုအမူအလေ့အထစရိုက်၊ လိမ်လည် လှည့်စားခြင်းမှာ ပေါ်လွင်တတ်တဲ့ မူမမှန်တဲ့သဘာဝ၊ အလိမ်ခံရတဲ့သူရဲ့ အား နည်းချက်၊ အဲဒါတွေကို အမှန်အတိုင်း အဖြေမှန် တွက်တတ်ဖို့လိုပါတယ်၊ သိထား ဖို့ လိုပါလိမ့်မယ်၊ နောက်အရေးကြီးတဲ့ တစ်ခုကတော့ ဘိုးတော်လိမ်တွေဟာ များသောအားဖြင့်လည်း ဘာသာရေးခုတုံးလုပ်ပြီးတော့ လိမ်လည်တာတွေဖြစ်လို့ ကျွန်တော့်တို့ဘာသာဝင်တွေကလည်း ကိုယ့်ဘာသာရဲ့ တရားစစ်တရားမှန်တွေကို ထဲထဲဝင်ဝင် လေ့လာဖို့ နားလည်ဖို့ လိုပါတယ်၊ တကယ်သာထဲထဲဝင်ဝင် လေ့လာ လိုက်မယ်ဆိုရင် လိမ်တာညာတာမခံရတဲ့အပြင် ဘဝတစ်လျှောက်လုံးမှာ ငြိမ်းငြိမ်း ချမ်းချမ်းနဲ့ အားလုံးအပေါ်မှာ နားလည်ခွင့်လွှတ်တတ်ပြီးတော့ လိုက်လျှောညီထွေ စွာ အေးအေးလူလူ ဖြတ်သန်းနိုင်မှာဖြစ်ပါတယ်၊

ဘယ်လိုလူတွေ အလိမ်ခံရတာလဲဆိုတော့ လောဘကြီးလွန်းသူ၊ ရိုးအသောသူ၊ အားနာလွန်းသောသူ ယုံကြည်လွယ်သောသူလို့ ကြားဖူးပါတယ်၊ တော်တော်မှန် တာကို တွေ့ရပါတယ်၊ လောဘကြီးလွန်းတဲ့သူက သူ့မှာ လောဘကြောင့် အမှောင်ဖုံးနေတယ်၊ ကျွန်တော်တို့ဘာသာမှာ လောဘကို အဝိဇ္ဇာစာရင်းထဲမှာ ထည့်ထားပါတယ်၊ ကျွန်တော်တတ်သလောက်မှတ်သလောက် ပြောရင်ရင်တော့ ဝိဇ္ဇာဆိုတာ အလင်းဓါတ် အလင်းပေါက်သောပုဂ္ဂိုလ်၊ ကျွမ်းကျင်တတ်မြောက် သောပုဂ္ဂိုလ်၊ ထိုးထွင်းသိသောပုဂ္ဂိုလ် အဲဒီလိုအဓိပ္ပါယ်တွေရပါတယ်၊ အဝိဇ္ဇာဆို တာ အမှန်ကိုမမြင်နိုင်တာ၊ မသိနိုင်တာ၊ လောဘများနေတဲ့သူတစ်ယောက်က အမှောင်တွေဖုံးနေပြီး အမှန်ကိုမမြင်နိုင်မှတော့ ကိုယ့်ကိုလိမ်မယ့်လူလားညာမယ့် လူလားဆိုတာ သူမခွဲခြားနိုင်တော့ပါဘူး၊ အဲဒီတော့ အလိမ်ခံရဖို့ ပဲရှိပါတော့တယ်၊

# “လူလည်တွေမဟုတ်ပါဘူး လူယုတ် လူညံ့တွေပါ”

လူနဲ့လူ့ပါတ်ဝန်းကျင်မှာ ရိုးတာကောင်းပါတယ်၊ အတာတော့မကောင်းပါဘူး၊ လည်တာကကောင်းပါတယ်၊ လည်လည်ဝယ်ဝယ်ရှိတာကို ပြောတာပါ၊ ပါတ်တာတော့ မကောင်းပါဘူး၊ နောက်တစ်ခုရှိပါသေးတယ်၊ ရိုးလွန်းတော့အတယ်တဲ့၊ လည်လွန်းတော့ ပါတ်တယ်တဲ့၊ အဲဒီလည်လွန်းတော့ပါတ်တယ်ဆိုတဲ့စကားကို ကျွန်တော်မထောက်ခံပါဘူး၊ ဘာလို့လဲဆိုတော့ တစ်ချို့လူရည်လည်ကြပါတယ်၊ ဒါပေမယ့် မပါတ်ကြပါဘူး၊ နောက်တစ်ခု လည်တယ်ရှုတ်တယ်တဲ့၊ အမှန်ကတော့ လည်တာကသတ်သတ် ရှုတ်တာကသတ်သတ်ပါ၊ တစ်ချို့လည်ကြပါတယ်၊ မရှုတ်ကြပါဘူး၊ မလည်ရှုတ်ဆိုတာလည်းရှိပါသေးတယ်၊ မလည်မဝယ်ပဲနဲ့လဲ ရှုတ်တတ်ကြပါတယ်၊ မလည်မဝယ်နဲ့ရှုတ်တာကတစ်ဖက်လူအတွက် သိတ်ပြီးတော့အန္တရာယ်မရှိပေမယ့် လည်တဲ့သူတွေရှုတ်ပြီလုပ်ပြီ၊ ပါတ်ပြီဆိုရင်တော့ တစ်ဖက်လူအတွက် အန္တရာယ်သိပ်များပါတယ်၊

လူရည်လည်တဲ့သူတွေ အရာတော်တော်များများမှာ နံ့စပ်ကျွမ်းကျင်တဲ့သူတွေထဲက တစ်ချို့သူတွေဟာ သူတို့ရဲ့ ဉာဏ်ရည်သာမှုကိုအခွင့်ကောင်းယူပြီးတော့ သူတို့ထက်ဉာဏ်ရည်နိမ့်တဲ့သူတွေကို နိုင်လိုမင်းထက် လှည့်ပါတ်အနိုင်ယူတတ်ကြပါတယ်၊ တစ်ချို့ တစ်ချို့သော နေရာတွေမှာ ခွန်အားကြီးတဲ့သူကခွန်အားနည်းတဲ့သူကို အနိုင်ကျင့်သလို၊ ငွေရှိတဲ့သူက ငွေမရှိတဲ့သူကိုငွေနဲ့ဖိသလို၊ အာဏာရှိတဲ့သူက အာဏာနဲ့ အာဏာမရှိတဲ့သူကို အနိုင်ယူသလို၊ ဉာဏ်သာတဲ့သူတွေက ဉာဏ်နည်းတဲ့သူတွေကို လှည့်ပါတ်ပြီး နစ်နာအောင်လုပ်တာမျိုးတွေရှိပါတယ်၊ ကြီးနိုင်ငယ်ညှင်းလောကကြီးမှာ လူဆိုတဲ့သတ္တဝါကတော့ ယဉ်ကျေးမှုတွေ ဘာသာတရားတွေ စာနာမှုတွေ အသိတရားတွေနဲ့ အများကြီးတော်ပါတယ်၊ တစ်ချို့တစ်ချို့သာ လူမဆန်တဲ့စိတ်ဓါတ်နဲ့ လူနဲ့လူအချင်းချင်းလှည့်ပတ်တတ်နေကြတာပါ၊ သူတို့ကိုယ်သူတို့တော့ လူလည်ပေါ့ အမှန်ကတော့ လူလည်မဟုတ်ပါဘူး၊ သူတို့က လူမဆန်တဲ့ လူယုတ်တွေ လူညံ့တွေပါ၊





# “တို့ဆေးမိတာလား ဆေးနဲ့လုပ်လိုက်တာလား”

လိမ်တဲ့သူတွေဟာ တအားဉာဏ်များတယ်၊ တစ်ချို့ကိစ္စတွေဆိုရင် လိမ်သွားမှန်း သိသိနဲ့ကို ဘယ်ကိုမှ သွားတိုင်လို့မရအောင်လဲ လုပ်တတ်တယ်၊ ကြားဖူးမှာပေါ့ **တို့ဆေး** ဆိုတာ၊ အဲဒါဘယ်ကို သွားတိုင်မှာလဲ၊ **ဆေးနဲ့လုပ်လိုက်တာ**တဲ့ ဟိုလိုလို ဒီလိုလိုစာရင်း ရောချလိုက်တယ်၊ အဖြေကရှင်းပါတယ်၊ လိမ်သွားတဲ့သူကိုဖေါ်ထုတ်လိုက်ရင် အမှုတွဲထဲမှာ သူလည်းပါနေတယ်၊ အဲဒီတော့ **တို့ဆေး** မိသလိုလို ဘာလိုလိုနဲ့ ချော်လဲရောထိုင်လုပ်လိုက်တယ်၊ တစ်ချို့ကျတော့ ကိုယ်တုံးလို့ခံရတာ၊ ကိုယ်အလို့ခံရတာ၊ ကိုယ်လောဘကြီးလို့ခံရတာ၊ ကိုယ်ဖွန်ကြောင်လို့ခံရတာ၊ ကိုယ်တုတ်ကြောင်လို့ခံရတာ အဲဒါတွေကို လူတွေရှေ့မှာ၊ ပါတ်ဝန်းကျင်မှာ ဝန်မခံချင်ဘူး၊ ပြန်ပြောမပြချင်ဘူး၊ အဲဒီတော့ **တို့ဆေး** စာရင်းထဲထည့်လိုက်တယ်၊ ကျွန်တော်၊ ကျွန်မ ဘာဖြစ်သွားမှန်းမသိဘူး၊ သူကဆေးနဲ့တို့လိုက်တာ၊ အဲဒါနဲ့ အကုန်ပါသွားရော ဆိုပြီးတော့ တို့ဆေး ခေါင်းစဉ်နဲ့ သူတို့အပြစ်တွေ၊ သူတို့အဖြစ်တွေကို ဖုံးကွယ်တတ်ကြပါတယ်၊ တချို့ကျတော့ ရှုတ်တုန်းက သူလည်းပါတယ်၊ နောက်တော့ သူခံရပြီ ပါတ်ဝန်းကျင်ကလည်း သိကုန်ကြပြီဆိုတော့ သူ့အပြစ်လွတ်အောင် သူဘာမှမသိ လိုက်သလိုလို ဘာလိုလိုနဲ့ **ဆေးနဲ့လုပ်လိုက်တာ** တဲ့၊ ယုံတဲ့သူတွေကလည်း ယုံကြတာပါပဲ၊ အကြောင်းသိတဲ့ သူတွေအတွက်ကတော့ သူခံရတာက သနားစရာမကောင်းပဲ ရီစရာကြီးဖြစ်နေတတ်ပါတယ်၊ တချို့ကလည်း ခံရတာတောင် နည်းသေးတယ်ဆိုပြီး မေတ္တာပို့ကြတာကိုလည်း ကြားဖူးပါတယ်၊

နောက်ဆုံးပြောချင်တာကတော့ ကိုယ်ကိုတိုင်လည်း တို့ဆေးမိသလိုလို ဘာလိုလို ဟန်မဆောင်ရအောင် ရှုတ်တာပွေတာတွေကို ရှောင်ပါ၊ ဘာသာတရားအစစ်အမှန်ကို သေသေချာချာလေ့လာပြီး အမြဲလက်ကိုင်ထားပါ၊ ကျွန်တော်တို့ဘာသာအစစ်မှာ ယတြာ၊ ရေမန်း၊ အဆောင်၊ လက်ဖွဲ့၊ ဦးဖွ၊ အပ်ချလောင်းတွေမရှိပါဘူး၊ တကယ်လို့များ အဲဒီလိုဟာမျိုးတွေကိုမှ ဝါသနာပါတယ်၊ ဟုတ်တာမဟုတ်တာ အပထား၊ အဲဒါမျိုးတွေကိုမှ ကြည့်ချင်တယ်ဆိုရင်တော့ စက္ကောမ မျက်လှည့်ပွဲကို ကြည့်ပါလို့၊



# လွဲမှားတဲ့ ကိုးကွယ်ယုံကြည်မှုတွေကြောင့်

အသက်သာကြီးသွားကြတာပါ၊ တစ်ချို့သူတွေရဲ့ အတွေးအခေါ်အယူအဆတွေဟာ ကလေးသာသာပါပဲ၊ ငယ်ငယ်တုန်းက ကျောင်းတက်တုန်းက ကလေးတော်တော်များများဟာ အရိုက်ကြမ်းတဲ့ဆရာကို ပိုပြီးတော့ ကြောက်တတ်ကြပါတယ်၊ မရိုက်ပဲနဲ့ အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြတဲ့ဆရာဆိုရင် သိတ်ပြီးတော့ မလေးစားကြပါဘူး၊ ဒါက ကလေးဘဝအတွေးအမြင်နုနယ်သေးတဲ့ဘဝ လက်ခံလို့ရပါတယ်၊ လူကြီးဖြစ်လာတဲ့အခါမှာတော့ အဲဒါမျိုးမဖြစ်သင့်ပါဘူး၊ကျွန်တော်တို့ရဲ့ ဘုရားသခင်ဟာ အရာအားလုံးကို အကျိုးနဲ့ အကြောင်းနဲ့ သေသေချာချာ ဂဃနဏ ရှင်းပြခဲ့ပါတယ်၊ သူဟာ ဖန်ဆင်းရှင်တစ်ယောက်မဟုတ်သလို အပြစ်ပေးသူတစ်ယောက်လည်းမဟုတ်ပါဘူး၊ သူဟာ အမှန်တရားနဲ့ စစ်မှန်တဲ့ငြိမ်းချမ်းရေးကို ဦးဆောင် လမ်းပြခဲ့တဲ့ ဆရာသခင်တစ်ယောက် ဖြစ်ပါတယ်၊ သတ္တဝါအားလုံးဟာ ကံ ကံရဲ့ အကြောင်းပဲဖြစ်ပါတယ်လို့ အမှန်အတိုင်းရှင်းပြလိုက်တော့ လူပိန်းတွေက မကြိုက်ကြပါဘူး၊ လူပိန်းတွေကြိုက်တာက ဖန်ဆင်းမယ်၊ တန်ခိုးပြမယ်၊ မစမယ်၊ ကြီးပွါးအောင်လုပ်ပေးမယ်၊ ရာထူးတက်အောင်လုပ်ပေးမယ်၊ အာဏာရအောင် လုပ်ပေးမယ်၊ အဲဒါမျိုးတွေကို ကြိုက်ကြပါတယ်၊ သူ့သဘောမကျရင် ကိုင်လိုက်မယ်၊ ပျက်စီးအောင် လုပ်လိုက်မယ်ဆိုပြီး ချောက်တော့လည်း ကြောက်တတ်ကြပါတယ်၊ အဲဒီလိုလူတွေဟာ အသက်သာ ကြီးသွားပေမယ့် သူတို့ရဲ့အတွေးအမြင်တွေကတော့ ကလေး သာသာပါပဲ၊

အမှန်ကတော့ လူတစ်ယောက်ကြီးပွါးဖို့ တိုးတက်ဖို့ အောင်မြင်ဖို့ဆိုတာ ဘယ်ဖန်ဆင်းရှင် ဘယ်တန်ခိုးရှင် ဘယ်ဘိုးတော် ဘယ်လိုသူကမှ လုပ်ပေးလို့မရပါဘူး၊ ကိုယ်ကိုတိုင်လုပ်မှရမှာပါ၊ အဲဒီလိုပါပဲ ပျက်စီးအောင်လုပ်ဖို့ဆိုတာလည်း ကိုယ်ကိုတိုင် မဆင်ခြင်တာတို့ ပေါ့လျော့တာတို့ မပါဘဲနဲ့ မဖြစ်နိုင်ပါဘူး၊ အဲဒီအမှန်တွေကိုမမြင်နိုင်တဲ့ လူပိန်းတွေဟာ မစမယ် တိုးတက်အောင် လုပ်ပေးမယ် ကြီးပွါးအောင် လုပ်ပေးမယ်ဆိုတဲ့ မစားရဝခမန်း စကားတွေ အပေါ်မှာ သာယာတတ်ကြပြီး များသောအားဖြင့် ယုံကြည်ကိုးကွယ်မှုတွေ လွဲမှားခဲ့ကြပါတယ်၊ ဘုရားစင်က ခပ်သေးသေး၊ ဘိုးတော်စင်တွေ နတ်စင်တွေက အကောင်းစား အပျံစား အကြီးကြီးနဲ့ လွဲမှားတဲ့ ယုံကြည်ကိုးကွယ်မှုတွေ အားကောင်းလာခဲ့ကြပါတယ်၊ အဲဒါတွေအပေါ်မှာ မှီခိုအရင်းတည်ပြီးတော့ လုပ်စား ကိုင်စား လိမ်စားတွေကတော့ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေပါပဲ၊

လူကြီးတွေကိုယ်တိုင်က လွဲမှားတဲ့ ယုံကြည်ကိုးကွယ်မှုတွေကို ခေါင်းရင်းခန်းမှာ တင်ထားမှတော့ သူတို့ရဲ့ မျိုးဆက်ကလေးတွေ ဘုရား တရား သံဃာဆိုတာဘာလဲ ဘုရား တရား သံဃာရဲ့ ဂုဏ်ကျေးဇူး ဘုရား တရား သံဃာရဲ့ ရတနာကဲ့သို့ တန်ဖိုးရှိလှတဲ့ အဆီ အနှစ်တွေကို သိခွင့်ရပါတော့မလား၊ သုံးခွင့် ရပါတော့မလား၊ သံသရာခရီးသည်ပဲ လုပ်ရတော့မှာလား၊ ထွက်ခွင့် မရတော့ဘူးလား၊ လွတ်ရက် မရှိတော့ဘူးလား၊ အခွင့်အရေးတွေ အများကြီး ဆုံးရှုံးခဲ့ပါပြီ၊ အခုတစ် ကမ္ဘာလုံးက အော်နေတဲ့ လူ့အခွင့်အရေး ဆိုတာထက်ကို ပိုမိုကြီးမားတဲ့ အများကြီး တန်ဖိုး ရှိလှတဲ့ အခွင့်အရေးတွေ၊ မိဘတွေရဲ့ လွဲမှားတဲ့ ယုံကြည်ကိုးကွယ်မှုတွေကြောင့် ဆုံးရှုံးခဲ့ကြရပါတယ်၊



# “ဘာကိုမှ ယူမထားဘူး”

( ၂၀၀၀ )ပြည့်နှစ်ကစပြီးတော့ ကျွန်တော်ဟာ စက္ကောမ မော်အနုပညာပြပွဲကို တည်ထောင်ခဲ့ပါတယ်၊ အဲဒီအဖွဲ့ကြီးနဲ့ မြန်မာပြည်အနှံ့အပြား တန်ခိုးကြီး ဘုရားပွဲတော်တွေ၊ ဓါတ်ပွဲ နတ်ပွဲတွေ၊ ရုံပုံငွေပွဲတွေ၊ ပျော်ပွဲရွှင်ပွဲတွေမျိုးစုံနဲ့ နောက်ဆုံးကုန်ကုန်ပြောရရင် ကောက်ရိုးပုံထိးတင်ပွဲပါမကျန် သွားရောက်လှည့်ပါတ် ဖျော်ဖြေတင်ဆက်ပြီး လုပ်ကိုင်စားသောက်ခဲ့ပါတယ်၊ ရောက်တဲ့အရပ်က ကိုယ့်အရပ် ပွဲဈေးတန်းကဇာတ်ရုံက ကိုယ့်အိမ်ပါပဲ၊ ဂျစ်ပစီပါပဲ၊ မြန်မာနိုင်ငံက ကျွန်တော်တို့ရဲ့ ရွှေ့ပြောင်းအိမ်ရာများဖြစ်တဲ့ ဖျော်ဖြေရေး ဇာတ်ရုံလည်းဖြစ် အိမ်ရာလည်း ဖြစ်တဲ့ ကိုယ်တိုင်ဆောက်ဇာတ်ရုံများနဲ့ နှစ်ပေါင်းအတော်ကြာ ရင်းနှီးခဲ့ပါတယ်၊ အဲဒီလို မြန်မာပြည်အနှံ့သွားရင်း နယ်မြို့တစ်မြို့မှာ အဲဒီမြို့က နာမည်ကြီး ဘိုးတော်တစ်ယောက်နဲ့ ရင်းနှီးခဲ့ပါတယ်၊ သူက ဘိုးတော်သာဆိုတာ သူများဘိုးတော်တွေလိုမဟုတ်ပါဘူး၊ အိုက်တင်မခံဘူး၊ ဟန်ဆောင်ကြွားဝါမှု မရှိဘူး၊ ပွင့်လင်းတယ်၊ ရိုးသားတယ်၊ လျှို့ဝှက်ချက်သိပ်မထားဘူး၊ အဲဒါတွေကြောင့်လည်းကျွန်တော်နဲ့ ပေါင်းလို့ရတာပါ၊ သူက အဲဒီမြို့မှာ သူ့ကိုယုံကြည်တဲ့သူ သူ့ကို ကိုးကွယ်တဲ့သူတွေလာရင် အမြဲတမ်း အဓိဋ္ဌာန်ပေးလေ့ရှိပါတယ်၊ ဘယ်ပုတီးကို ဘယ်နှစ်ပါတ်စိတ်လိုက်၊ သတ်သတ်လွတ်ဘယ်နှစ်ရက်စားလိုက်၊ ဘယ်ဂါထာကို ဘယ်နှစ်ခေါက်ရွတ်လိုက် ဆိုပြီးတော့ စုံနေတာပါပဲ၊ ကျွန်တော်လည်း အဲဒီမြို့မှာ ပွဲပြရတာ ရက်ရှည်ပွဲဖြစ်နေလို့ သူ့ဆီကို မကြာခဏရောက်ဖြစ်ပါတယ်၊ သူက ကျွန်တော့်ကိုကျတော့ အဓိဋ္ဌာန်မပေးဘူး၊ နောက်တစ်ခု ကျွန်တော်သတိထားမိတာက သူလည်း ဘယ်တော့မှ အဓိဋ္ဌာန်မဝင်ဘူး၊ ပုတီးလည်းမစိတ်ဘူး၊ သတ်သတ်လွတ်လည်း မစားဘူး၊ သူများတွေကိုတော့ ကောင်းကောင်းလုပ်ခိုင်းတယ်၊ သူကျတော့မလုပ်ဘူး၊

တနေ့ သူ့ဆီကို သွားလည်ရင်း စကားစမည်ပြောကြရင်း အနားမှာလည်းလူရှင်းလို့ ကျွန်တော်ကသူ့ကို အရဲစွန့်ပြီးတော့ “ဆရာကြီး ကျွန်တော် မသိလို့ မေးကြည့်တာနော်.... ဆရာကြီးက သူများတွေကိုတော့ အဓိဋ္ဌာန်တွေ ဝင်ခိုင်းတယ်၊ ဆရာကြီးကျတော့ တစ်ခါမှ အဓိဋ္ဌာန်ဝင်တာ မတွေ့ဘူး၊ ကျွန်တော့်ကိုရော ဘာလို့ အဓိဋ္ဌာန်မပေးတာလဲ”လို့ မေးလိုက်ပြီးတော့ သူ့ကို မဝံ့မရဲ လှမ်းကြည့်လိုက်ပါတယ်၊ သူများ စိတ်ဆိုးသွားမလားပေါ့၊ သူက စိတ်မဆိုးပါဘူး၊ သူကစိတ်မဆိုးတဲ့အပြင် ရီပြီးတော့ ကျွန်တော့်ကိုပြန်ပြီးတော့ဖြေပါတယ် “မင်းက အဓိဋ္ဌာန်လိုချင်လို့လား၊ လိုချင်ရင်တော့ ပေးရတာပေါ့ကွာ၊ ငါ့ဆီကိုလာနေတဲ့ သူတွေကလည်း ငါပေးတဲ့ အဓိဋ္ဌာန်ကို သူတို့က လိုချင်တာလေ၊ လိုချင်တော့ ပေးရတာပေါ့ကွာ၊ ဘာလုပ်ဘယ်လိုလုပ် ဘယ်ဂါထာကိုရွတ် ဆိုပြီးတော့ ပေးရတာပေါ့ ငါကတော့ အဲဒါတွေကိုမလိုချင်ဘူး၊ မလိုချင်တော့ မလုပ်ဘူးပေါ့ကွာ၊ လိုချင်တဲ့သူတွေကို ပေးတယ်၊ **ငါက ပေးတဲ့သူ၊ ယူတဲ့သူ မဟုတ်ဘူး၊** ပေးတဲ့သူ ကိုယ်တိုင်က ယူလို့ဘယ်ဖြစ်မလဲ၊ နောက်တစ်ခုမင်းသိအောင် ငါပြောပြဦးမယ်၊ **ငါက ဘာကိုမှ ယူမထားဘူး၊**” သူဖြေလိုက်တဲ့ အဖြေကို ကျွန်တော် ထိုက်သလောက် သဘောကျပါတယ်၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲက မရှင်းတာလေးတွေကို ဆက်ပြီးတော့ မေးရပါဦးမယ်၊ အားမနာနိုင်တော့ပါဘူး၊ “ဆရာကြီး စောစောကပြောပုံအရဆိုရင် ......

“ဆရာကြီး ဆိုလိုတာက ဆရာကြီး
ကိုယ်တိုင် လူတွေကိုပေးနေတဲ့ အမိ
ဋ္ဌာန်တွေဟာ မစွမ်းဘူး ဘာအကျိုးမှ
မရှိဘူး ဆရာကြီးကိုယ်တိုင်လည်း မ
ယုံကြည်ဘူးဆိုတဲ့ သဘောလား” လို့
ကျွန်တော်က ထပ်မေးလိုက်ပါတယ်၊
ဆရာကြီးကတော့ ခပ်ပြုံးပြုံးပါပဲ၊
ပြီးတော့ ကျွန်တော့်ကို ခပ်အေးအေး
လေး ပြန်ဖြေပါတယ်၊ “မေးတော့
လည်း ဖြေရတာပေါ့ကွာ၊ ငါက သူတို့
ကို ပေးလိုက်တဲ့ အမိဋ္ဌာန်ပဲဖြစ်ဖြစ်
အဆောင်ပဲဖြစ်ဖြစ် အဲဒါ အသုံးဝင်
တယ်မဝင်ဘူး အကျိုးရှိတယ်မရှိဘူး
ဆိုတာက ငါနဲ့မဆိုင်ဘူးကွ သုံးတဲ့
သူနဲ့ဆိုင်တယ်၊ သူဘယ်လောက် ယုံ
ကြည်သလဲ သူ့ရဲ့ယုံကြည်မှုနဲ့လည်း
ဆိုင်တယ်၊ စိတ်ပိုင်းဆိုင်ရာ ကိစ္စ
တွေဖြစ်လို့ ယုံကြည်မှုက အရမ်းအ
ရေးကြီးတယ်၊ သူတို့ဖက်က ကိုယ့်
အပေါ် ယုံကြည်မှုကလည်း ရှိတယ်၊
အားလည်းအားကိုးတယ် ဆိုမှတော့
အဆောင် ဖြစ်ဖြစ် ယတြာ ဖြစ်ဖြစ်
အမိဋ္ဌာန် ဖြစ်ဖြစ် တစ်ခုပေးလိုက်တာ
အကောင်းဆုံးပါပဲကွာ၊ အဆင်မပြေမှု
တွေ အခက်အခဲတွေနဲ့ ရှုတ်ထွေးနေ
တဲ့ သူတို့စိတ်ထဲမှာ အဲဒီသူယုံကြည်
တဲ့ အားကိုးတဲ့ကိစ္စလေးတစ်ခုကြောင့်
လောလောဆယ်တော့ စိတ်သက်သာ
ရာရမယ်ကွာ၊ အနည်းဆုံး ပူလောင်
နေတာကနေပြီးတော့ နဲနဲတော့အေး
သွားမှာပါ၊ ဘာလို့လဲဆိုတော့ သူ့မှာ
အားကိုးရှိသွားလို့ပဲ၊ နောက်ဆုံးမင်း
ကိုငါပြောပြမယ်၊ **ငါကသူတို့ကိုပေး
တာက အမိဋ္ဌာန်လေကွာ၊ ပုတီး
လေကွာ၊ အဆောင်လေကွာ၊ အ
ရက်ပုလင်းမှမဟုတ်ပဲ၊ သူတို့တွက်
အကျိုးမယုတ်ပါဘူးကွာ၊** နောက်ပြီး
တော့မင်းပိုပြီးတော့နားလည်အောင်
မင်းကို ငါပြောပြမယ်၊ တစ်ချို့လူ
တွေအတွက် အဆောင်ဆိုတာ မလို
ဘူး၊ ဒါပေမယ့် တစ်ချို့လူတွေအ
တွက်တော့လိုတယ်၊ ဥပမာကွာ ခြေ
ထောက်ကျိုးနေတဲ့ သူအတွက် အ
ဆောင်လိုတယ်၊ အဲဒီအဆောင်ဟာ
ဂျိုင်းထောက်ပဲ၊ အဲဒါက ရုပ်ပိုင်း
ဆိုင်ရာအဆောင်၊ အဲဒီလိုပဲ စိတ်မှာ
ထိခိုက်ဒါဏ်ရာ ရနေတဲ့ သူတွေအ
တွက် စိတ်ပိုင်းဆိုင်ရာအဆောင်တွေ
လိုတယ်၊ စိတ်ထဲမှာ ဘာဒါဏ်ရာမှ
မရှိဘူးဆိုရင် ဘာအဆောင်မှမလို
ဘူးပေါ့ကွာ၊ ဒီလောက်ဆိုရင် မင်း
သဘောပေါက်မှာပါကွာ၊” လို့ စိတ်
ရှည်လက်ရှည် ပြန်လည် ဖြေကြား
ပေးခဲ့ပါတယ်၊





ကျွန်တော် နားလည်သဘောပေါက်
သွားပါပြီ၊ စိတ်ပိုင်းဆိုင်ရာ အားဆေး
တွေပေးနေတဲ့ အဲဒီဆရာကြီးရဲ့ ရှင်း
ပြချက်တွေကို ကြားရပြီးတာနဲ့ ချက်
ချင်းဆိုသလိုပဲ ကျွန်တော်ငယ်ငယ်
ကဖတ်ခဲ့ရဘူးတဲ့ ပညာဝန်ဦးဖိုးကျား
ရဲ့ ခရီးသွားဆောင်းပါးလေးတစ်ခုကို
တထိုင်ထဲ ပြန်မြင်ယောင်လာပါတယ်၊

အဲဒီဆောင်းပါးထဲမှာက တစ်ရက်
ပညာဝန်ဦးဖိုးကျား ရထားနဲ့ခရီးတစ်
ခုကိုသွားတာ သူ့ဘေးမှာထိုင်နေတဲ့
လူငယ်တစ်ယောက်ရဲ့ လည်ပင်းမှာ
ဆွဲထားတဲ့ အဆောင်လိုလို ကြိုးအမဲ
တစ်ချောင်းကို တွေ့လိုက်ရပါတယ်၊
ပညာဝန်ဦးဖိုးကျား စဉ်းစားမိလိုက်
တာက ဒီလိုခေတ်ကြီးထဲမှာ ဒီလိုအ
ဆောင်တွေဆွဲတဲ့သူ ရှိသေးတာကိုး၊
သူ့ကိုတော့ ပညာပေးဦးမှလို့ ဆုံး
ဖြတ်ပြီးတော့ “ဒီမှာငါ့တူ မင်းလည်
ပင်းက ကြိုးက ဘာအတွက် ဆွဲ
ထားတာလဲ ဦးကိုပြောပြလို့ရမလား”
လို့ စကားစလိုက်ပါတယ်၊ အဲဒီတော့
အဆောင်ကြိုးဆွဲထားတဲ့ လူငယ်က
“ဒီလိုပါ ဦးလေးရယ် ကျွန်တော်တို့
ကရွာမှာနေတာပါ၊ ကျွန်တော်တို့ရွာ
မှာ လကွယ်ညဆိုရင် ဘီလူးက ရွာထဲ
ကို ဝင်လာပြီး လူတွေကိုသတ်စားပါ
တယ်၊ အဲဒါကြောင့် ရွာဦးကျောင်း
ဆရာတော်က ဘီလူး အစားမခံရ
အောင် ကျွန်တော်တို့ ရွာသားတွေကို
ဒီအဆောင်ကြိုးတွေ လုပ်ပြီးတော့
ဆွဲပေးထားတာပါ”လို့ ပြန်ဖြေလိုက်
ပါတယ်၊ အဲဒီတော့ ပညာဝန်ဦးဖိုး
ကျားက “အော် ငါ့တူရယ်၊ ဒီဖက်
ခေတ်ကြီးထဲမှာ ဘယ်မှာလာပြီး ဘီ
လူးဆိုတာက ရှိမှာလဲ၊ မင်းကလည်း
လူငယ်တစ်ယောက် ဖြစ်ပြီးတော့ ဒါ
တွေကို ဘာလို့ယုံရတာလဲ၊ မင်းကို
ဦးပြောပြမယ်၊ အဆောင်တို့ ဘာတို့
ဆိုတာ အလကားအလုပ်တွေပါကွာ၊
မင်း ဦးပြောတာကို ယုံစမ်းပါ၊ မင်းရဲ့
အဆောင်ကို အခုချက်ချင်း ချွတ်ပြီး
တော့ အဲဒီပြတင်းပေါက်က လွှင့်
ပြစ်လိုက်၊ ဘာဘီလူးမှမရှိဘူး၊ မင်း
ဟာကြီးက လည်ပင်းလေးပါတယ်
ကွာ၊”လို့ ပြောလိုက်ပါတယ်၊ အ
ဆောင်ကိုဆွဲထားတဲ့ လူငယ်က သူ့
အဆောင်ကြိုးလေးကို သူ့လက်က
လေးနဲ့ဖိပြီးတော့“ မလုပ်ပါနဲ့ ဦး
လေးရယ် ကျွန်တော် မလုပ်ရဲဘူး
ကျွန်တော့်မှာ အဲဒါမရှိလို့မဖြစ်ဘူး”
လို့ တောင်းတောင်းပန်ပန်နဲ့ပြန်ပြော
ရှာပါတယ်၊ ပညာဝန်ဦးဖိုးကျားက
လည်း လက်မလျှော့ဘဲ

လူသာလျှင် အဓိကဖြစ်ကြောင်း မိမိကိုယ်သာမိမိအားကိုးရမှာဖြစ်ကြောင်း အဆောင်တွေ ဘာတွေဆိုတာ ဘာမှ အသုံးမဝင်ကြောင်း အကိုးအကား အထောက်အထားပေါင်းမြောက်များစွာနဲ့ စိတ်ရှည်လက်ရှည် နည်းမျိုးစုံနဲ့ ရှင်းပြပြီးတော့ အဲဒီအဆောင်ကြိုး အယုံအကြည်မရှိဖို့နဲ့ အလေးခံပြီး ဆွဲမထားဖို့ အကြိမ်ကြိမ် ပြောပြပါတယ်၊ တဖက်က လူငယ်ကလည်း မလုပ်ပါနဲ့ ဆရာကြီးရယ် ကျွန်တော့်မှာ ဒါမရှိလို့ မဖြစ်ပါဘူးလို့ အကြိမ်ကြိမ်ပြန်လည်ပြောဆိုပြီးတော့ သူ့ရဲ့အဆောင်ကြိုးလေးကို လက်ကလေးနဲ့ ဖိပြီးတော့ ကာထားပါတယ်၊

အဲဒီလိုနဲ့ အပြန်အလှန် ပြောဆိုနေတာကို သူတို့ဘေးထိုင်ခုံမှာ ထိုင်နေတဲ့ တစ်လမ်းလုံးစကားတစ်လုံးမှ ဝင်မပြောပဲ တစ်လမ်းလုံး စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီး ဖတ်လာတဲ့သူက သူတို့နှစ်ယောက်ကို ဖတ်လက်စစာအုပ်ကို အောက်ကို ချပြီးတော့ လှမ်းကြည့်လိုက်ပါတယ်၊ နောက်တော့ သူက ပညာဝန်ဦးဖိုးကျားကို ပြုံးပြပြီးတော့ စကားစပြောပါတယ်၊

"ဆရာကြီး ကျွန်တော် စကားနည်းနည်း ဝင်ပြောမယ်နော်၊ ဆရာကြီးက သူ့ဆီကအဆောင်ကို ဒီလောက်တောင်ပြောနေရတာ ဆရာကြီးက သူ့ဆီက အဲဒီအဆောင်ကိုလိုချင်လို့လား" လို့ မေးလိုက်ပါတယ်၊ အဲဒီတော့ ပညာဝန်ဦးဖိုးကျားလည်း စိတ်တိုသွားပြီး "ငါက ဘာလို့ လိုချင်ရမှာလဲ၊ အဲဒါကဘာအသုံးကျလို့လဲ" လို့ပြန်ပြောလိုက်ပါတယ်၊ အဲဒီတော့မှ စောစောကလူက ရီပြီးတော့ "ဟုတ်တာပေါ့ ဆရာကြီးရယ် အဲဒီအဆောင်က ဆရာကြီးအတွက်လည်း မလိုဘူး ကျွန်တော့်အတွက်လည်း မလိုဘူး၊ ဒါပေမယ့် သူ့အတွက်တော့လိုတယ် အဲဒီတော့ သူဆွဲထားပါစေ၊ ဆရာကြီးရယ်၊ လူဆိုတာကတစ်ယောက်နဲ့ တစ်ယောက် တူတာမဟုတ်ဘူး၊ တစ်ချို့ကအဆောင်လိုတယ်၊ တစ်ချို့က အဆောင်မလိုဘူး၊ သူ့အတွက်က လိုတယ်၊ အဲဒီတော့ သူဆွဲထားပါစေ၊ ကျွန်တော်ပြောတာကို ဆရာကြီးနားလည်မှာပါ" လို့ ပြောလိုက်ပါတယ်၊ ပညာဝန်ဦးဖိုးကျားလည်း အဲဒီတော့မှ ဒီလူပြောတာ ဟုတ်သားပဲလို့ သတိထားမိလိုက်ပြီးတော့ အဲဒီလူကို ကျေးဇူးတင်တဲ့ အမူအရာနဲ့ ပြုံးပြီးတော့ သူ့ခေါင်းကိုတဆတ်ဆတ်ညိမ့်လိုက်ပါတယ်၊





ကျွန်တော်ငယ်ငယ်တုန်းက ဖတ်ဖူးတဲ့ ပညာဝန်ဦးဖိုးကျားရဲ့ ခရီးသွား ဆောင်းပါးလေးကို မှတ်မိသလောက် ပြန်စဉ်းစားလိုက်တာပါ၊ ဒီဘိုးတော်ကြီးကိုလည်း ကျွန်တော်အပြစ်တင်စရာ ဝေဖန်စရာ မရှိတော့ပါဘူး၊ ကျွန်တော့်စိတ်ထဲမှာလည်း အဆောင်တို့ လက်ဖွဲ့တို့အပေါ်မှာ အရင်ကထက် ပိုပြီးတော့ အမြင်ရှင်းသွားပြီ ထင်ပါတယ်၊ အရင်ကလို အဲဒါတွေကို အလကားဟာတွေပါလို့ မမြင်တော့ပဲ တစ်ချို့တစ်ချို့သောသူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေလို့ မြင်လာပါတယ်၊ နဲနဲရောက်သွားပြီထင်တယ်၊ အလုပ်တွေရှိသေးတယ်၊ ဇာတ်ရုံကိုပြန်တော့မယ်၊

ကျွန်တော့်မိတ်ဆွေကြီး ဘိုးတော်ကြီးကို နှုတ်ဆက်လိုက်ဦးမယ်၊

"ဆရာကြီး ကျွန်တော်ပြန်တော့မယ်" သူကပြုံးပြီးတော့ "မင်းကောဘာယူဦးမလဲ" လို့ အဓိပ္ပါယ်ပါတဲ့ စကားတစ်ခွန်းကို အရင်းမရှိ အဖျားမရှိ လှမ်းပြီးတော့ မေးလိုက်ပါတယ်၊ သူဘာမေးလိုက်တယ်ဆိုတာ ကျွန်တော်သိပါတယ်၊ "ဘာမှမယူဘူး ဆရာကြီးလို့ ပြန်ဖြေလိုက်ပါတယ်" အဲဒီတော့ သူက " **အေးအေး ဖြစ်နိုင်ရင် ဘာကိုမှ မယူနဲ့၊ ယူတော့ရတယ်ကွ၊ ရတော့ လေးတာပေါ့ကွာ၊ ဘာကိုမှ ယူမထားဘူး မယူဘူး၊ မလိုချင်ဘူးဆိုရင် ပြီးပြီကွ၊ ဟားဟား ဟားဟား....**"





# “ပဥ္စလှည့် ဘိုးတော်”

ဘိုးတော်အတုတွေဟာ ကျွန်တော်တို့ မျက်လှည့် နည်းပရိယာယ်တွေထဲက လက်လှည့်နည်းတွေ၊ ဓါတုဗေဒနည်းတွေကိုသာမကပဲ ပဥ္စလှည့်နည်းကောင်းကောင်းတွေကိုလည်း ထည့်သုံးထားတာကို တွေ့ရပါတယ်၊ ငယ်ငယ်တုန်းက ဘိုးတော်တစ်ယောက်နဲ့ ဆုံဘူးပါတယ်၊ သူက ကျွန်တော်တို့ မိတ်ဆွေတစ်ယောက်ရဲ့ ဆရာပါ၊ သူတို့ဂိုဏ်းက အဆင့်တက်ပွဲပါ၊ ကျွန်တော်တို့ကို ဖိတ်တယ်၊ ကျွန်တော်တို့က အဲဒီဂိုဏ်းက မဟုတ်ပါဘူး၊ ကျွန်တော်တို့ရောက်သွားတာက စားဖို့သောက်ဖို့ပါပဲ၊ အဲဒီမှာ ကျွန်တော်နဲ့ အဲဒီဂိုဏ်းက ဘိုးတော်ရဲ့တပည့်တယောက်နဲ့ ညိပါတယ်၊ ညိရတဲ့အကြောင်းက သူတို့က မြွေဆိပ်တက်နေတဲ့သူကို ရေမန်းနဲ့ မြွေဆိပ်ပြေအောင်ကုလို့ရတယ်လို့ ပြောပါတယ်၊ အဲဒီစကားကို ကျွန်တော် သဘောမကျပါဘူး၊ နောက်ပြီးတော့ သူကထပ်ပြောတယ်၊ ဓါးတွေ တုတ်တွေလည်း ပီးတယ်တဲ့၊ ကျွန်တော် မယုံပါဘူး၊ ကျွန်တော်အဲဒါတွေကို လက်ခံလို့မရပါဘူး၊ အဲဒီတော့ ကျွန်တော်က“ ခင်ဗျားပြောတာကျွန်တော်မယုံဘူး၊ လက်တွေ့စမ်းကြည့်လို့ရမလား၊ ဘာဓါးနဲ့မှမခုတ်ဘူး၊ ခင်ဗျားရဲ့လက်ကို ဘရိတ်ဓါးနဲ့ပဲ ဆွဲမယ်၊ ဘယ်လိုလဲ၊ ဖြစ်မလား”လို့ မေးလိုက်ပါတယ်၊ အဲဒီတော့ သူက နဲနဲစဉ်းစားပြီးတော့ “ရပါတယ်၊ ဒီအတိုင်းအလကားတော့ မရဘူး၊ လောင်းကြေးကောင်းကောင်းနဲ့ဆိုရင် ဖြစ်ပါတယ်”လို့ ပြန်ဖြေလိုက်ပါတယ်၊ ကျွန်တော်စဉ်းစားကြည့်ပါတယ်၊ ကျွန်တော်တို့မှာ ပိုက်ဆံကောင်းကောင်းမပါမှန်းသိလို့ သူရှောင်ထွက်တာပါ၊ ဒီလိုရှောင်ထွက်လို့တော့ ဘယ်ရမလဲ၊ ကျွန်တော်ကပြောလိုက်ပါတယ်၊ “ဒီမှာသူငယ်ချင်း ကျွန်တော့်လက်ထဲက နာရီက ငါးရာကျော်တန်တယ် (အဲဒီခေတ်ကတန်ဖိုးပါ၊ အခုဆိုရင် နှစ်သိန်းနီးနီးတန်ပါတယ်) အဲဒီနာရီနဲ့ လောင်းကြေးလုပ်မယ်၊ ကျွန်တော်က ခင်ဗျားရဲ့လက်ကို ဘရိတ်ဓါးနဲ့ ဆွဲမယ်၊ ဘာမှမဖြစ်ဘူးဆိုရင် ခင်ဗျားကကျွန်တော့်နာရီကိုယူလိုက် တကယ်လို့ တခုခုဖြစ်သွားရင် ကိုယ်ဟာကိုယ်ဆေးခန်းသွား၊ ကျွန်တော့်ကို ဘာမှမပေးနဲ့၊ ဘယ်လိုလဲ၊ သဘောတူလား” လို့မေးလိုက်ပါတယ်၊





နာမည်ကြီးဂိုဏ်းတစ်ခုရဲ့ အဆင့်တက်ပွဲတစ်ပွဲဖြစ်လို့ ကျွန်တော့်သူငယ်ချင်းရဲ့အိမ်မှာ ဂိုဏ်းဆရာအပါအဝင် သူတပည့်တပန်းပေါင်း မြောက်များစွာနဲ့ ဖိတ်ထားလို့ လာရောက်တဲ့ ဧည့်သည်တွေနဲ့ စည်ကားလျှက် ရှိနေပါတယ်၊ ကျွန်တော်ကတော့ အဲဒီဂိုဏ်းဝင်တစ်ယောက်နဲ့ ညိပြီးတော့ ပွဲခံနေပါပြီ၊ ကျွန်တော်တို့ဘေးပါတ်ဝန်းကျင်က ဧည့်သည် တော်တော်များများကလည်း ကျွန်တော်တို့ပွဲကို စိတ်ဝင်စားပြီး ဝိုင်းအုံနေပါပြီ၊ အဲဒီဂိုဏ်က ဓားပီးပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကျော်လည်း ရှေ့တိုးရခက် နောက်ဆုတ်ရခက်ဖြစ်နေပါတယ်၊ ကျွန်တော်ကတော့ ပြတ်သားပါတယ်၊ ကျွန်တော် ဘရိတ်ဓါးနဲ့ဆွဲလိုက်လို့မှ သူဘာမှမဖြစ်ဘူးဆိုရင် နာရီပေးလိုက်ရုံပါပဲ၊ သေချာတာကတော့ သူဆေးခန်းသွားရမှာပါ၊ အားလုံးကလည်း စိတ်ဝင်စားနေကြပါပြီ၊ ကျွန်တော်ကလည်း သူ့ဆီက အိုကေဆိုတဲ့ အဖြေကိုစောင့်နေပါတယ်၊ သူက အိုကေဆိုတာနဲ့ အနားကကွမ်းယာဆိုင်က ဘရိတ်ဓါးသွားဝယ်ပြီးတော့ အားလုံးရှေ့မှာ ပွဲစဉ်စရုံပါပဲ၊

အဲဒီအချိန်မှာ ကျွန်တော်တို့ ဝိုင်းဆီကို ခပ်စောစောကတည်းက အခြေအနေကို လှမ်းကြည့်နေတဲ့ ဂိုဏ်းဆရာကိုယ်တိုင်ရောက်လာပြီး ကျွန်တော့်ကို လက်ညှိုးထိုး ပြုံးပြပြီးတော့ “ကောင်းတယ် အရမ်းကောင်းတယ်၊ ငါသိတ်သဘောကျတယ်၊ ဒီကလေးက ဘာနဲ့တူသလဲဆိုတော့ ငါငယ်ငယ်တုန်းက အတိုင်းပဲ၊ ငါငယ်ငယ်တုံးကလည်း မင်းလိုပဲ ဘာကိုမှမယုံဘူး နတ်အုံးသီးတွေဆို ငါကဘောလုံးလုပ်ပြီးတော့ ကန်ပြစ်တာ၊ ငယ်သေးတာကိုး၊ အချိန်မှမတန်သေးပဲ၊ ကျွတ်ချိန်တန်တော့လည်း ကျွတ်တာပေါ့ကွာ၊ ငါဆိုရင်မင်းအခုမြင်ရတဲ့အတိုင်း ငါ့ကိုယ်ငါ ဒီလိုင်းမှာ ဒီလိုဆရာဖြစ်လိမ့်မယ်လို့ အိမ်မက်တောင်မှ မမက်ဖူးပါဘူးကွာ မင်းလည်း ငါ့လိုပဲ၊ ဒီမှာငါ့တူ ဆရာပြောပြမယ်၊ မင်းသေသေချာချာမှတ်ထား၊ မင်းဟာနောင်တစ်ချိန်မှာ သာသနာပြုပုဂ္ဂိုလ်တစ်ယောက် ဆရာတစ်ယောက် ဖြစ်ဦးမှာ၊ မင်းအခုမယုံတာကို ဆရာကလက်ခံပါတယ်၊ မယုံနဲ့၊ အချိန်မှမတန်သေးပဲ၊ အချိန်တန်ရင်တော့ ဘယ်သူမှတားလို့မရဘူး၊ ကဲကဲမင်းတို့ လောင်းတာတွေမလောင်းတာတွေထားလိုက်၊ မင်းဘာစားပြီးပြီလဲ လာလာ၊ မင်းကို ဆရာ အရမ်းသဘောကျတယ်၊ ငါကိုယ်တိုင်မင်းကို ဧည့်ခံမယ်”

ပွဲက ပြီးသွားပါပြီ၊ ကျွန်တော်ဘာမှမတတ်နိုင်တော့ပါဘူး၊ ကျွန်တော့်ကို အလွန်ပါးနပ်တဲ့ဆရာက အပေါ်ကိုကန်တင်ထားလိုက်ပါပြီ၊ ကျွန်တော့်ကိုဧည့်ခံတာတွေကို ကျွန်တော်ငြိမ်ငြိမ်လေးပဲ စားနေလိုက်ပါတယ်၊ အစောကြီးကတည်းက အဲဒီလိုဖြစ်သင့်တာပါ၊ ကိုယ့်ကိုချစ်လို့ခင်လို့ တကူးတကန့်ဖိတ်ပြီးတော့ ကျွေးမွေးတာကို ကျေးဇူးမတင်ပဲ သူတို့ရဲ့ယုံကြည်မှုကို စော်ကားသလို လုပ်ခဲ့မိပါတယ်၊ ထားလိုက်ပါတော့ အဲဒါကအရေးမကြီးပါဘူး၊ အရေးကြီးတာက အဲဒီဂိုဏ်းကဆရာက သူအရင်တုန်းက ဒီလိုအထက်လမ်းဆရာ မဖြစ်ခင်က အောက်လမ်းနည်းတွေနဲ့ လူတွေကိုသူ ဒုက္ခပေးဘူးခဲ့တယ်တဲ့၊ သူကအရင်တုန်းက အောက်လမ်းနည်းတွေကို ကောင်းကောင်းတတ်တယ်တဲ့၊ နောက်ပြီးတော့ အားလုံးရှေ့မှာတင် မင်းတို့ကိုငါ အောက်လမ်းနည်းတစ်နည်းပြမယ် ဆိုပြီးတော့ ဘရိတ်ဒါးတွေကို ဇလုံထဲကိုထည့်ပြီးတော့ မီးရှို့လိုက်တယ်၊ ပြီးတော့ အုပ်ဆောင်းတစ်ခုနဲ့ အုပ်လိုက်တာ ငါးကြော်ကြီးတွေ ဖြစ်သွားတာတွေ့ရတယ်၊

ကျွန်တော့် မျက်စိရှေ့မှာတင်ဖြစ်သွားတာ၊ သူကတကယ် အောက်လမ်းတတ်တာလား၊ ဒါမှမဟုတ် ဘယ်လိုလုပ်လိုက်တာလဲ၊ ကျွန်တော်လည်း စဉ်းစားလို့မရတော့ဘူး၊

အဲဒါတွေဖြစ်ပြီးတော့ တပါတ်လောက်ကြာတော့ ကျွန်တော့်ကို မျက်လှည့်နည်းတွေသင်ပေးတဲ့ ဆရာ ရန်ကုန်မိုးအောင်ဆီကို အလည်ရောက်ခဲ့ပါတယ်၊ ဆရာ့ကို အဲဒီအကြောင်းတွေပြောပြဖြစ်ခဲ့ပါတယ်၊ ကျွန်တော့်ဆရာ ရန်ကုန်မိုးအောင်က နောက်ကို အဲဒီလို ကလန်ကဆန်မလုပ်ဖို့ ဆုံးမပါတယ်၊ နောက်တော့ သူက ဘရိတ်ဒါးတွေကနေပြီးတော့ ငါးကြော်တွေဖြစ်သွားတာနဲ့ ပါတ်သက်ပြီးတော့ ဘယ်လိုပစ္စည်းတွေကို သုံးခဲ့လဲ၊ အမှုအရာအကိုင်အတွယ်တွေကဘယ်လိုလဲစသဖြင့် ကျွန်တော့်ကိုအသေးစိတ်မေးပြီးတော့ "မင်းကို ငါပြောပြမယ်၊ အဲဒီဆရာသုံးသွားတာက ငါတို့မျက်လှည့်မှာ ကောင်းကင်ကျလို့ ခေါ်တယ်၊ ပဥ္စလှည့်နည်းတွေထဲက တစ်နည်းပါကွာ၊ အရင်တုန်းက အဲဒီနည်းကို ငါတို့မျက်လှည့်ဆရာတွေထဲက မြန်မာညီနောင် ပြဖူးတယ်၊ မြန်မာညီနောင် ပြတုန်းကတော့ ကြက်ဥကို ဒယ်အိုးထဲကိုထည့်ပြီးတော့ကြော်လိုက်တာ ကြက်ဖကြီးဖြစ်သွားတယ်၊ သူ့ရဲ့လျှို့ဝှက်ချက်က အုပ်ဆောင်းမှာ၊ အပေါ်ကအုပ်လိုက်တဲ့ အုပ်






ဆောင်းထဲမှာ အံဝှက်ဒယ်အိုးနောက်တစ်ထပ်ပါတယ်၊ အဲဒီအထဲမှာ ကြက်ကိုထည့်ထားတာ၊ ကြက်ဥကို အောက်ကဒယ်အိုးထဲကိုဖေါက်ထည့်လိုက်တယ်၊ အောက်ကမီးလေးနဲ့နဲ့ပေးလိုက်တယ်၊ သူတို့တုန်းက ဖယောင်းတိုင်လေးကို အောက်ကထွန်းထားတာပါကွာ၊ နောက်တော့ အပေါ်ကအုပ်ဆောင်းနဲ့ အုပ်လိုက်တော့ အုပ်ဆောင်းထဲက အံဝှက်ဒယ်အိုးရော အထဲမှာထည့်ထားတဲ့ ကြက်ကြီးရော အောက်ဖက်ဒယ်ထဲကို ပြုတ်ကျလာတာ၊ အုပ်ဆောင်းထဲမှာ ရှိနေတဲ့ အံဝှက်ဒယ်အိုးက အောက်ခံဒယ်အိုးထက် နဲနဲသေးတယ်၊ အဲဒီတော့ ပြုတ်ကျလာတဲ့ ဒယ်အိုးက အောက်ခံဒယ်အိုးထဲကို ဝင်သွားတာ၊ ဒယ်အိုးနှစ်ထပ်ပေါ့ကွာ၊ မင်းပြောတဲ့ ဟိုဂိုဏ်းဆရာက အဲဒီနည်းကို သုံးသွားတာဖြစ်မှာ၊ သူက အောက်ခံ ဒယ်အိုးထဲကို ဘရိတ်ဒါးတွေ ထည့်ထားမယ်ကွာ၊ အပေါ်က အုပ်ဆောင်းထဲက အံဝှက်ထဲမှာ ငါးကြော်တွေ ထည့်ထားမယ်၊ အဲဒီတော့ အောက်ခံဘရိတ်ဒါးတွေ ထည့်ထားတဲ့ ဒယ်အိုးကို အပေါ်ကအုပ်ဆောင်းနဲ့ အုပ်လိုက်တာနဲ့ အုပ်ဆောင်းထဲက အံဝှက်က အောက်ခံဒယ်အိုးထဲကို ပြုတ်ကျလာပြီးတော့ ငါးကြော်တွေ ရောက်လာတယ်လို့ ထင်ရမယ်၊ အရင်တုန်းက အဲဒီပစ္စည်း ငါ့မှာရှိတယ်၊ အဲဒါကိုမင်းမြင်ရရင်တော့ ပိုရှင်းသွားလိမ့်မယ်" လို့ စိတ်ရှည်လက်ရှည်ရှင်းပြခဲ့ပါတယ်၊ ကျွန်တော်မြင်တွေ့ခဲ့ရတာရယ် ကျွန်တော့်ဆရာရှင်းပြတာရယ်က ကွက်တိပါပဲ၊ သေချာပါတယ် အဲဒီဂိုဏ်းဆရာသုံးခဲ့တာက ဆရာပြောတဲ့ ကောင်းကင်ကျ ကောင်းကင်ကျ ပါပဲ၊

နောက်ပိုင်းမှာတော့ နိုင်ငံခြား မျက်လှည့်စာအုပ်တွေထဲမှာလည်း သူ့ကို တွေ့လိုက်ရပါတယ်၊ မြန်မာမျက်လှည့်ဆရာတွေက သူ့ကို **ကောင်းကင်ကျ**လို့ သိကြပါတယ်၊ နိုင်ငံခြားမျက်လှည့်ဆရာတွေကတော့ သူ့ကို **"ချစ်ကန်းပန်း"** **"ဒါတ်ပန်း"** လို့ခေါ်ကြပါတယ်၊ အကြောင်းတိုက်ဆိုင်လို့ ကျွန်တော်ကို ဘန်ကောက်က **ဘိုင်ရုတ်စကိုင်း**ဟိုတယ်က ဌားတဲ့ပွဲတစ်ပွဲကိုသွားပြရင်း မျက်လှည့်ပစ္စည်းအရောင်းဆိုင်တစ်ဆိုင်မှာ အဲဒါကိုတွေ့လို့ ဝယ်လာဖြစ်ခဲ့ပါတယ်၊ ကျွန်တော်တို့ နိုင်ငံမှာလုပ်လည်း ရပါတယ်၊ ဒါပေမယ့် သူတို့လုပ်ထားတာ လက်ရာပိုပြီးသေသပ်လို့ ဝယ်ဖြစ်ခဲ့တာပါ၊




ဘရိတ်ဒါးထည့်ထားသော
အောက်ခံဗန်း၊
အုပ်ဆောင်း၊
အံဝှက်ဗန်း၊
(အောက်ခံဗန်းထက်နဲနဲသေးသည်)
(အောက်ခံဗန်းထဲသို့ အံကျဝင်နိုင်သည်)
(အုပ်ဆောင်းထဲတွင်လည်းနေနိုင်သည်)



အုပ်ဆောင်း၊
အံဝှက်ဗန်းကို ထိန်းထားနိုင်ရန်
သံပြားကလစ်များပါရှိသည်၊



ကြိုတင်ပြီးတော့ ပြုလုပ်ထားတာက
အံဝှက်ဗန်းထဲကို ငါးကြော်တွေ
အရင်ထည့်ပါတယ်၊



အဲဒီငါးကြော်တွေပါတဲ့အံဝှက်
ဗန်းကို အုပ်ဆောင်းထဲမှာ
ထည့်ထားပါတယ်၊
(အုပ်ဆောင်းမှာပါတဲ့ ကလစ်တွေ
က အံဝှက်ဗန်းကို ထိန်းထားတာ
ဖြစ်ပါတယ်)







အံဝှက်ပါတဲ့ အုပ်ဆောင်းကို မှောက်လျှက်ထားပါတယ်၊ အောက်ခံဗန်းထဲမှာ ဘရိတ်ဒါးတွေ ထည့်ပါတယ်၊ နောက်တော့ စက္ကူတစ်ရွက်ကို မီးရှို့ပြီးတော့ထည့်လိုက်ပါတယ်၊

အောက်ခံဗန်းထဲမှာ စက္ကူစမီးလောင်နေတဲ့ အချိန်မှာ အံဝှက်ပါတဲ့ အုပ်ဆောင်းနဲ့ အပေါ်ကနေ ဖိအုပ်လိုက်ပါတယ်၊ အောက်ခံဗန်းရဲ့ ဘေးနှုတ်ခမ်းသားတွေက အုပ်ဆောင်းနဲ့ အံဝှက်ကြားထဲကို တိုးဝင်သွားပြီး အံဝှက်ကို ချိတ်ထားတဲ့ ကလစ်တွေကို ဖိလိုက်သလို ဖြစ်သွားပါတယ်၊ အဲဒီအချိန်မှာ အံဝှက်ဗန်းက ကလစ်ပြုတ်သွားပြီးတော့ အောက်ဗန်းထဲကို ကျသွားပါတယ်၊



အုပ်ဆောင်းကိုဖွင့်လိုက်တဲ့အခါမှာ အံဝှက်ဗန်းထဲက ငါးကြော်တွေကို တွေ့ရပါတယ်၊



အောက်ခံဗန်းနဲ့ အံဝှက်ဗန်းတို့ဟာ အံကျ ဂွင်ကျ ဖြစ်နေတာကြောင့် အောက်ဖက်မှာ ဗန်းကနှစ်ထပ်ဖြစ်နေတာကို မသိနိုင်ပါဘူး၊



# “လေချွန်နတ် စကားဝိုင်း”

ဟိုတစ်ရက်က ကိုဝင်းဇော်နဲ့ ကိုမျိုးမင်းသန်းတို့ ကျွန်တော့်အိမ်ကို ရောက်လာကြပါတယ်၊ ကိုမျိုးမင်းသန်းက ကျွန်တော့်စာအုပ်တွေ ထုတ်တဲ့ မျက်ပွင့်စာပေက ထုတ်ဝေသူပါ၊ ကိုဝင်းဇော်ဆိုတာက ကျွန်တော့်ဆရာ ဆရာကြီး **မင်းသိခ်** ရဲ့ ညီပါ၊ မရမ်းသလင်းစာပေက ထုတ်ဝေသူတစ်ယောက်ဖြစ်ပြီးတော့ စာရေးဆရာ(ဝင်းဇော်-သစ်တော)ဖြစ်ပါတယ်၊ ဗေဒင်ဆရာတစ်ယောက်လည်းဖြစ်ပါတယ်၊ သူတို့နဲ့ ကျွန်တော်နဲ့က ရင်းနှီးခဲ့ကြတာကြာပါပြီ၊ အခုလက်ရှိ ကျွန်တော်ရေးနေတဲ့ မျက်လှည့်ပြနည်း စာအုပ်တွေကို သူတို့ဆီကနေ ထုတ်နေတာဖြစ်လို့ မကြာခဏဆိုသလို တွေ့ဖြစ်ကြပါတယ်၊ အဲဒီနေ့က ကိုဝင်းဇော်နဲ့ ကိုမျိုးမင်းသန်းကို ကျွန်တော်အခုရေးနေတဲ့ စာအုပ်က ဘိုးတော်လိမ်တွေရဲ့ အကြောင်း သူတို့ရဲ့ လျှို့ဝှက်ချက်တွေထဲမှာ မျက်လှည့်နည်းတွေ ထည့်သုံးခဲ့တဲ့အကြောင်းတွေ အကြားအမြင် ဆရာတွေရဲ့ လှည့်ကွက်တွေ အင်းတို့ အပင်းတို့ မှော်တို့အကြောင်းတွေ အဆောင်၊ လက်ဖွဲ့ ယတြာ၊ ရေမန်း အဲဒါတွေနဲ့ ပါတ်သက်တဲ့ အကြောင်းတွေ စုပေါင်းပြီးတော့ ရေးနေတာလို့ ပြောလိုက်ပါတယ်၊





အဲဒီတော့ ကိုဝင်းဇော်က“ ကောင်းတာပေါ့ဗျာ၊ ဒါပေမယ့်ကျွန်တော်တစ်ခုမေးဦးမယ်၊ ခင်ဗျားအခုရေးတဲ့ အကြောင်းတွေထဲမှာ၊ လေချွန်နတ် အကြောင်းကော မပါဘူးလား”လို့ မေးလိုက်ပါတယ်၊ ကျွန်တော်က “ မပါဘူး၊ ကျွန်တော် အဲဒီအကြောင်းကို ကောင်းကောင်း မသိဘူး၊ ကျွန်တော်လည်း အဲဒီကိုတစ်ခေါက်မှ မရောက်ဖူးဘူး”လို့ ပြန်ဖြေလိုက်ပါတယ်၊ ကိုဝင်းဇော်က တစ်ခုခုကို စဉ်းစားမိတဲ့ဟန်နဲ့ ပြုံးလိုက်ပါတယ်၊ နောက်တော့မှ သူက “ခင်ဗျား အဲဒီအကြောင်းကို မသိသေးရင် ခင်ဗျားကို ကျွန်တော် ရိုစရာတစ်ခုပြောပြမယ်၊ ဒီလိုဗျ ကြာပါပြီ၊ ကျွန်တော်တို့ဆိုးတုန်းက ကျွန်တော်ရယ် ကိုအေးမင်းရယ် လေချွန်နတ်ဆီကို ရောက်သွားခဲ့ကြဘူးတယ်၊ ကိုအေးမင်းကို ခင်ဗျား သိပါတယ်၊ ဒေါ်အေးအေးသင်း ယောကျာ်းလေ၊ လေချွန်နတ် ဆီကို တကူးတကန့်တော့မဟုတ်ပါဘူး၊ လမ်းကြုံလို့ ဝင်ဖြစ်ကြတာ၊ နဲနဲလေး စမ်းကြည့်ချင်တာလည်းပါတာပေါ့၊ အဲဒီတုန်းက လေချွန်နတ် ကလည်း တော်တော်လေးဟော့နေတဲ့အချိန် ကျွန်တော်တို့ ရောက်သွားပြီးတော့ ဘာမေးတယ် အောင့်မေ့လဲ၊ ကျွန်တော့်မိတ်ဆွေ ကိုအေးမင်းဆိုတာ ရေနစ်ပြီး ဆုံးသွားတာ တစ်ပါတ်ကျော်ကျော်လောက်ရှိပြီ၊ အဲဒါ သူဘယ်ရောက်နေလဲ ဆိုတာကို သိချင်ပါတယ်လို့ မေးလိုက်တယ် အနားမှာ ကျွန်တော်နဲ့ အတူပါလာတဲ့ ကိုအေးမင်း ကလည်းဟုတ်ပါတယ် သူက ကျွန်တော်တို့မိတ်ဆွေပါ သူဘယ်ရောက်နေလဲဆိုတာကို သိချင်ပါတယ်လို့ ဝင်ပြောတယ်”လို့ ကျွန်တော့်ကို ပြောပြီးတော့ သူ့စကားကို ခဏရပ်ထားလိုက်ပါတယ်၊

အော် ကိုဝင်းဇော် ကိုဝင်းဇော်၊ ကိုအေးမင်းက အနားမှာငုတ်တုပ်ကြီးနဲ့ ကိုအေးမင်းသေသွားတာ ဘယ်ကိုရောက်နေလဲလို့ လေချွန်နတ်ကိုသွားမေးတယ်၊ ကျွန်တော် အကြွင်းမဲ့ယုံကြည်ပါတယ်၊ ဘာလို့လဲ ဆိုတော့ သူ့အကြောင်းကို ကျွန်တော်ကောင်းကောင်းသိနေလို့ပါပဲ၊ ဒီလိုလုပ် ပေါက်တွေက ကမ္ဘာပေါ်မှာ သူတို့ညီအစ်ကိုတွေက စတာလို့ ပြောလို့ရတယ်၊ အဲဒါမျိုးတွေကို သူတို့ ကောင်းကောင်းလုပ်တတ်ကြပါတယ်၊ ကျွန်တော့်ဆရာ သူ့ရဲ့အစ်ကို (မင်းသိခ်) လည်း အတူတူပါပဲ၊ သူများကိုဘယ်လိုစား

ရမလဲ၊ ရုပ်တည်နဲ့ စနစ်တကျလုပ်တတ်တဲ့ သူတွေပါ၊ သူများထိခိုက်နစ်နာအောင် လုပ်တာမျိုးတော့ မဟုတ်ပါဘူး၊ ဝါသနာလို့ပဲ ပြောရမလား၊ အဲဒါမျိုးကို ပျော်တယ်လို့ပဲ ပြောရမလား၊ အခုလည်းကြည့် အခုလည်းကြည့် သူ့ဟာသူ ဟောနေတဲ့ လေချွန်နတ်ကို မသေသေးတဲ့ ကိုအေးမင်း ဘယ်ဘဝရောက်နေပြီလဲတဲ့၊ အနားမှာ ကိုအေးမင်းလည်း ပါတယ်၊ အဲဒါနဲ့ လေချွန်နတ်က ဘယ်လိုပြန်ဖြေလဲဆိုတာကို ကျွန်တော်ကသိချင်နေပါပြီ၊ "ကိုဝင်းဇော် ဆက်ပြောပါဦး၊ ခင်ဗျားလေချွန်နတ်က ဘယ်လိုပြန်ဖြေလဲ"လို့ မေးလိုက်ပါတယ်၊ ကိုဝင်းဇော်က ရီပြီးတော့ "လေချွန်နတ်က ပြောတယ်၊ ကိုအေးမင်းရဲ့ ဝိညာဉ်က ဘယ်ကိုမှ မသွားသေးဘူးတဲ့၊ အိမ်ရှေ့ကသစ်ပင်မှာပဲ ရှိသေးတယ်တဲ့၊ အဲဒီ သစ်ပင်အောက်မှာပဲ သူ့အတွက် ကောင်းမှုကုသိုလ် လုပ်ပေးလိုက်တဲ့၊ အဲဒီတုန်းက ကျွန်တော်နဲ့ ကိုအေးမင်း တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီးတော့ မရီမိအောင်မနဲ ထိန်းထားရတယ်၊ ခင်ဗျားပဲစဉ်းစားကြည့် လေချွန်နတ်ရဲ့ အဖြစ်ကဆိုးလိုက်တာ၊ လူတစ်ယောက် သေမသေကိုတောင် သေသေချာချာမသိနိုင်ပဲနဲ့ အဲဒီလူ ဟိုဘဝရောက်သွားပြီ ဒီဘဝရောက်သွားပြီ ဆိုတော့ မခက်ဘူးလား၊ ဒါပေမဲ့ တစ်နေ့တစ်နေ့လာလာမေးကြတဲ့သူတွေကတော့ မနည်းဘူး၊ ဝင်ငွေ တော်တော်ကောင်းတယ်၊ ကျွန်တော်တို့လည်း လိုင်းပြောင်းပြီးတော့ အဲဒီလိုင်းကို လုပ်စားရင်ကောင်းကြရင်ကောင်းမယ်ထင်တယ်၊ ဒါပေမယ့် ကျွန်တော်က လေမချွန်တတ်ဘူး၊ အဲဒီတော့ ဒီလိုလုပ် ကိုစိုးမိုးနိုင်၊ ခင်ဗျားက ပုလွေမှုတ်ဗျာ" လို့ ကျွန်တော့်ဖက်ကို လှည့်ပြီး နောက်တောက်တောက် ပြောလိုက်တော့ ကျွန်တော်တို့အားလုံး ရီကြပါတယ်၊

နောက်တော့မှ ကျွန်တော်က "ကိုဝင်းဇော် ပြောပုံအရဆိုရင် လေချွန်နတ်က လုပ်စားတာသေချာတယ်၊ ဒါပေမယ့် သူကမပိရိဘူး၊ ဘာလို့လဲဆိုတော့ မကြာခဏဆိုသလို ကိုဝင်းဇော်တို့လိုပဲ နောက်တတ် ပြောင်တတ်တဲ့သူတွေက မသေသေးတဲ့သူတွေကိုသေပြီဆိုပြီး လာလာမေးကြမှာ၊ အဲဒါ ဖြေရှင်းရခက်တယ် မလွယ်ဘူး" လို့ ပြောလိုက်ပါတယ်၊ အဲဒီတော့ ဇောဇောက စကားတစ်လုံးမှမပြောပဲ ကျွန်တော်တို့ ပြောတာတွေကို





နားထောင်နေတဲ့ ကိုမျိုးမင်းသန်းက "ဆရာတို့ပြောတာနောက်ကျသွားပြီ ဟိုတစ်လောက ကျွန်တော့်မိတ်ဆွေရဲ့ ကလေးတစ်ယောက်သေလို့ လေချွန်နတ်ကို သွားမေးတော့ သူက ချက်ချင်း မဟောတော့ဘူး၊ ရက်ချိန်းက နှစ်ပါတ်လောက် ခွာချိန်းတယ်၊ သူမသက်ာရင် အဲဒီရက်ချိန်းကြားထဲမှာ သူစုံစမ်းလို့ ရတာပေါ့၊ ပြီးတော့ သေတဲ့အကြောင်း သတင်းစာကြော်ညာထည့်သလား၊ အဲဒါရှိရင် အဲဒါကိုပြရတယ်၊ အဲဒါမှ မရှိရင် ရက်လည်ဆွမ်းကြွေးဖိတ်စာကိုပြရတယ်၊ အဲဒါမှ မဟုတ်ရင် အသုဘတုန်းက ဝေတဲ့ သေဆုံးသူနာမည်ပါတဲ့ ယပ်တောင်အထောက်အထားတစ်ခုခုပြရတယ်လို့ပြောတယ်၊ နောက်ဆုံး ကုန်ကုန်ပြောရရင် သေစာရင်း မတောင်းရုံတမယ်ပဲ၊ သေစာရင်းတောင်တောင်းမကောင်းလို့ ဖြစ်နိုင်ရင် တောင်းချင်တာ၊ ဒါမှလည်းသေတယ်ဆိုတာသေချာမှာလေ၊ သေတယ်ဆိုတာသေချာဖို့ကတော့ သူတို့ဖက်ကအရမ်းအရေးကြီးတယ်၊ သေတယ်ဆိုတာ သေချာပြီဆိုရင်တော့ ခွေး ဖြစ်သွားပြီပြောလည်းရတယ်၊ ဝက် ဖြစ်သွားပြီပြောလည်းရတယ်၊ အိမ်ရှေ့ သစ်ပင်မှာ ရှိ

လေချွန်နတ်ကို
သွားမေးတော့ သူက
ချက်ချင်း
မဟောတော့ဘူး၊
ရက်ချိန်းက နှစ်ပါတ်
လောက် ခွာချိန်းတယ်၊

တယ်ပြောလည်းရတယ်၊ နတ်ပြည်ရောက်သွားပြီ ပြောလည်းရတယ်၊ ဘယ်သူမှ လိုက်ကြည့်လို့ မရဘူး၊ သေတယ်ဆိုတာသေချာဖို့ပဲလိုတယ်၊ အဲဒါမှ မဟုတ်ရင်တော့ ကိုဝင်းဇော်တို့လိုလူမျိုးတွေနဲ့တွေ့နိုင်တယ်၊ မယုံကြည်တဲ့ သူတွေ လာမရှုပ်အောင် အခု သူတို့ဖက်က အပိုင်လုပ်ထားလိုက်ပြီ" လို့ လေချွန်နတ်ရဲ့ နောက်ဆုံးပေါ် လုံခြုံရေးစနစ်သစ်ကို ဝင်ရောက်ရှင်းလင်းတင်ပြသွားပါတယ်၊

ကျွန်တော်တို့ စကားဝိုင်းကပြီးပါပြီ၊ ကျန်တာကတော့ ကျွန်တော်တို့နဲ့ မဆိုင်တော့ပါဘူး၊ ယုံကြည်သူ မယုံကြည်သူများရဲ့ အတွေးအမြင်များနဲ့သာ သက်ဆိုင်ပါတော့တယ်၊

# လေထဲမှာ ထိုင်ပြသော ပြနည်း လျှို့ဝှက်ချက်




မြန်မာနိုင်ငံက ဘိုးတော်အတုတွေထဲမှာကတော့ ဈာန်ရသလိုလို သမထအား ကောင်းသလိုလိုနဲ့ လေထဲမှာ ပျံပြတာမျိုး၊ လေထဲမှာထိုင်ပြတာမျိုးတွေ မတွေ့ဘူးသလောက် မကြားဖူးသလောက်ရှားပါးပါတယ်၊ ဒါမျိုးတွေက အိန္ဒိယမှာ တွေ့ရတာများပါတယ်၊ အိန္ဒိယမှာ ကတော့ အဲဒါမျိုးတွေ အများကြီးပါပဲ၊ အဲဒီက ဘိုးတော်အတု အလိမ်တွေဟာ သူ့နိုင်ငံမှာရှိတဲ့ သူတွေကိုသာမကပဲ သူများနိုင်ငံတွေက လာရောက်လည်ပါတ်တဲ့ ဘုရားဖူးဧည့်သည်တွေကိုပါ လိမ်ညာနေကြတာ ဒီနေ့တိုင်ပဲဖြစ်ပါတယ်၊

အိန္ဒိယမှာ မကြာသေးခင်ကမှ ဆုံးသွားတဲ့ နာမည်ကြီး ကမ္ဘာကျော် ဘာဘာကြီး တစ်ယောက်ဆိုရင် သူဆုံးသွားပြီးတဲ့ နောက်ပိုင်းမှာ တာဝန်ရှိတဲ့ သူတွေရဲ့ ရှာဖွေတွေ့ရှိချက်အရ ရွှေပိသာချိန်များစွာကို သူ့အိပ်တဲ့ ကုတင်အောက်ကနေ တွေ့ရခဲ့ပါတယ်၊ သူ့ရဲ့ လှည့်စားမှုတွေ အားလုံး ကိုလည်း အင်တာနက်ကနေ တဆင့် ဖေါ်ပြပေးတဲ့သူတွေရဲ့ ကျေးဇူးကြောင့် အခု ကမ္ဘာက သိသွားပြီဖြစ်ပါတယ်၊







အခုတင်ပြတဲ့နည်းက အန္ဒိယက အလှူခံပုဂ္ဂိုလ်တွေ ဘိုးတော်လိုလို သမထအောင်သလိုလိုနဲ့ လေထဲမှာထိုင်ပြပြီးတော့ ဘုရားဖူးလာတဲ့ဧည့်သည်တွေဆီက အလှူခံကြတာ များပါတယ်၊ အမှန်ကတော့ မျက်လှည့်နည်းတစ်နည်း ဖြစ်ပါတယ်၊ ဘယ်လိုလုပ်ပြီးတော့ လေထဲမှာ ထိုင်နေတယ်လို့ ထင်ရအောင်လုပ်ထားတယ်ဆိုတာကိုတော့ စာဖတ်ပရိသတ်များ ဗဟုသုတရစေဖို့ အောက်မှာ လျှို့ဝှက်ချက်ကို အတိအကျ ဖေါ်ပြထားပါတယ်၊



အောက်ခင်းပြား၊




အပေါ်ပုံကတော့ အောက်ခင်းပြားရဲ့ အောက်ဖက်ထဲမှာ သံချောင်းငါးရိုး ဒေါက်များ ထည့်ထားတာကို ပြထားတဲ့ပုံဖြစ်ပါတယ်၊ အားသက်ရောက်မှုရှိတဲ့ အဓိကနေရာတွေမှာ ဒေါက်တွေထည့်ထားတာဖြစ်ပါတယ်၊ အောက်ဖက်ကပုံက တော့ လူတက်ထိုင်တဲ့ အပေါ်ပြားဖြစ်ပါတယ်၊ တုတ်ကောက်(သံပိုက်)နဲ့ ချိတ် ဆက်လို့ရအောင် သူ့မှာ အထိုင်ပိုက်တိုတစ်ချောင်းတွဲလျှက်ပါရှိပါတယ်၊ သူ့ကို လည်း အခင်းပြားရဲ့အောက်ဖက်မှာ အားခံနိုင်အောင် ငါးရိုးအတိုတွေထည့်ထား ပါတယ်၊ ဝတ်မယ့် အဝတ် အစားနဲ့ အရောင်တူ ပိတ်စ ကိုလည်း ပါတ်ထားပါတယ်၊ အောက်ဖက်ကနေ ငုံကြည့် လိုက်ရင် အခင်းပြားကို မ မြင်ရအောင် လုပ်ထားတာ ဖြစ်ပါတယ်၊









အောက်ခင်းပြားမှာ တုတ်ကောက်(သံပိုက်) စွပ်ဖို့အတွက် အထိုင်ပိုက် ပါပါတယ်၊ အဲဒီအထဲကို တုတ်ကောက် (သံပိုက်) စွပ်လိုက်တာပါ၊ အထိုင်ပိုက်က အောက်ထဲက သံချောင်းငါးရိုးတွေနဲ့ တွဲထားလို့ အားကို ကောင်းကောင်းထိန်းနိုင်ပါတယ်၊






အောက်ခင်းပြား အထိုင်ပိုက်နဲ့ အပေါ်ကစွပ်မယ့် တုတ်ကောက် (သံပိုက်) ဆက်ကြောင်းနေရာကို ကာကွယ်ဖို့ ကြေးအိုးတစ်လုံးကို အသုံးပြုထားပါတယ်၊ အဲဒီကြေးအိုးက ဖင်ဖွင့်ထားတဲ့အိုး ဖြစ်ပါတယ်၊

အခင်းပြားမှာ ကြေးအိုးကို အရင်စွပ်ပါတယ်၊ ပြီးတော့မှ တုတ်ကောက်ကို အပေါ်က စွပ်ပါတယ်၊ အောက်ခင်းပြားက အထိုင် သံပိုက်နဲ့ တုတ်ကောက် (သံပိုက်)တို့ ဆက်ကြောင်းကို ကြေးအိုးက ကာကွယ်ထားတာ ဖြစ်ပါတယ်၊





တုတ်ကောက်အတွက် အားကောင်းတဲ့သံပိုက်ကို အသုံးပြုထားတာ ဖြစ်ပါတယ်၊ သံပိုက်ရဲ့ အပေါ်ဖက်ပိုင်းကိုတော့ ပုံထဲကအတိုင်း "ယူ" ပုံကွေးထားရမှာဖြစ်ပါတယ်၊ ကွေးတဲ့နည်းစနစ်ကတော့ ပိုက်ထဲကို သဲထည့်ပြီး ပိုက်ရဲ့ထိပ်ဖက်တွေကို ရွှံ့နဲ့ပိတ်ပါတယ်၊ ပြီးရင် အဲဒီပိုက်ရဲ့ကွေးချင်တဲ့နေရာ တွေမှတ်သားပြီး အဲဒီနေရာတွေကို မီးပေးပြီး ငယ်နိုင်နဲ့ကွေးထားတာ ဖြစ်ပါတယ်၊



တုတ်ကောက်(သံပိုက်)နဲ့ လူတက်ထိုင်တဲ့အခင်းပြား ချိတ်ဆက်ထားတာကတော့ လူထိုင်အခင်းပြားမှာ ပုံထဲမှာပြထားတဲ့အတိုင်း တုတ်ကောက် စွပ်လို့ရတဲ့ အထိုင်ပိုက်ပါ ပါတယ်၊ အထိုင်ပိုက်နဲ့ တုတ်ကောက် နှစ်ခုစလုံးမှာ နတ်တိုင်ပေါက် ဖေါက်ထားပါတယ်၊ တစ်ခုထဲကို တစ်ခုထိုးစွပ်ပြီး နတ်တိုင်နဲ့ ဖမ်းထားတာဖြစ်ပါတယ်၊





အကျီလက်ရှည်ဝတ်ထားပြီး အကျီလက်ကို အောက်ဖက်က ခွဲထားပါ၊ နှိပ်ကြယ်သီးတတ်ထားပါ၊ သံပိုက်ကိုပါ အကျီလက်ထဲ ထည့်ပြီး နှိပ်ကြယ်သီးကို ပြန်ပိတ်ထားပါ၊



အောက်ပိုင်းကတော့ လုံချည်(သို့) ဘောင်းဘီအပွ ဝတ်ထားရင်အကောင်းဆုံးပါပဲ၊

များသောအားဖြင့် အိန္ဒိယဆာဒူးအယောင်ဆောင် အလုခံတွေဟာ အကျီလက်ရှည်ကို ဝတ်ထားကြပြီး အောက်ဖက်မှာလည်း လုံချည်(သို့) ဘောင်းဘီအပွအရှည်တွေကို ဝတ်ကြပါတယ်၊ သဘက်စတွေလို ပိတ်စအပိုတွေကိုလည်း ဟိုကချထား ဒီကချထားနဲ့ လုတ်ထားတတ်ကြပါတယ်၊ အဲဒီအချက်တွေနဲ့ လျှို့ဝှက်ချက်တွေကို ကာကွယ်ကြပါတယ်၊ အခုပုံထဲက ဘိုးတော်ကတော့ ကျွန်တော် ဒီစာအုပ်အတွက် ဓါတ်ပုံ၊ ဗွီဒီယိုရိုက်တဲ့နေ့က ကျွန်တော့်ဆီကိုလာလည်တဲ့ လူရွှင်တော်ဆည်းဆာရဲ့ ပုံပါ၊ ကျွန်တော့်မှာလည်း ရိုက်ကူးရေးအတွက် လူနည်းနေတာနဲ့ သူ့ကိုခေါ်ပြီးတော့ လုပ်ခိုင်းရတာပါ၊ သူ့ပုံက ဘိုးတော်ပုံနဲ့ မတူပါဘူး၊

အခုလောက် ရှင်းပြပြီးပြီဆိုရင်တော့ ကျွန်တော့်စာဖတ်ပရိသတ်များ ဒီဟာနဲ့ ပါတ်သက်လို့ သဘောပေါက်လောက်ပါပြီ၊ ပြဇတ်ထဲမှာပဲဖြစ်ဖြစ် ရုပ်ရှင်ထဲမှာပဲဖြစ်ဖြစ် ဘိုးတော်ခန်းပါလာရင် စိတ်ကူးရှိရင် သုံးလို့ရပါတယ်၊ မဟုတ်တာလုပ်စားဖို့တော့ မစဉ်းစားကြပါနဲ့၊ အခုလောက်ဆိုရင် မိတ်ဆွေတို့လိုပဲ ဒီစာအုပ်ကို အားလုံးဖတ်ပြီးလောက်ပါပြီ၊



# တစ်ကယ်ကြားတာလား၊ တစ်ကယ်မြင်တာလား၊

အဲဒီတုန်းကကျွန်တော်က အလယ်တန်းပြကျောင်းဆရာတစ်ယောက်ပါ၊ ကျွန်တော်မှတ်မိသလောက် ပြောရရင် ၁၉၈၆ ခုနှစ်ဝန်းကျင်ကပါ၊ တစ်နေ့ ကျောင်းမုန့်စားလွှတ်ချိန် ဆရာများနားနေခန်းမှာ ကျွန်တော်အပါအဝင် ဆရာမ တစ်ချို့ စားသောက်ပြီးကြတော့ စကားစမည်ပြောကြရင်းနဲ့ ဆရာမဒေါ်တင်တင် နွယ်က "တောင်ဥက္ကလာမှာ အကြားအမြင် ဆရာတစ်ယောက်က အရမ်းတော် တာပဲ၊ သူ့ဆီမှာ လာမေးတဲ့သူကို ဘာမှ မေးခွန်းမထုတ်ပဲနဲ့ အဲဒီလူရဲ့ နာမည်ကို ပြောတယ်၊ ဘာကိစ္စအတွက် လာတာကိုလည်း သူကသိနေတယ်"လို့ ပြောလိုက် တော့ အားလုံးက စိတ်ဝင်တစား နားထောင်နေကြတယ်၊ ကျွန်တော်ကတော့ သိပ်ပြီးတော့ လက်မခံချင်ဘူး၊ ဒါပေမယ့် သူတို့စကားဝိုင်းကို ဆက်ပြီးတော့နား ထောင်နေလိုက်တယ်၊ ဆရာမတစ်ချို့က "ဟယ်...အဲဒါဆို တော်တော် တော်တာ ပေါ့၊ တစ်ကယ်အကြားအမြင်ရနေတာဖြစ်မှာပေါ့၊ ဒီတစ်ခါ အဲဒီဆရာဆီကိုသွားရင် ငါတို့ကိုလည်းခေါ်၊ ငါတို့လည်းလိုက်မယ်"လို့ ပြောကြတယ်၊ နောက်တော့ ဆရာမ ဒေါ်တင်တင်နွယ်က ကျွန်တော်ဖက်ကိုလှည့်ပြီးတော့ "ဆရာကော မလိုက် ဘူးလား"လို့ မေးလိုက်တယ်၊ အဲဒီတော့ ကျွန်တော်ကပြောလိုက်တယ် "ဆရာမ ရယ် အဲဒါတွေကအလကားပါ၊ ညာနေတာတွေပါ၊ လုပ်စားတာတွေပါ၊ လူတွေရဲ့ အကြောင်းကို သူက ကြိုပြီးသိရအောင် သူများအကြောင်းကို မပြောပါနဲ့ဦး သူ့ကိုယ်သူတောင် သူ မနက်ဖြန်ဘာဖြစ်မယ်ဆိုတာသိလို့လား၊ ကျွန်တော်တော့ မယုံဘူး၊ လိုက်လည်းမလိုက်ဘူးလို့" ပြန်ပြောလိုက်တယ်၊





အဲဒီတော့ ဆရာမဒေါ်တင်တင်နွယ်က စိတ်ဆိုးသွားတဲ့အမူအရာနဲ့ "ဆရာ မလိုက်ချင်နေပေါ့၊ ဒါပေမဲ့သူများရဲ့ အတတ်ပညာကိုတော့ မစော်ကားပါနဲ့၊ အဲဒီ လိုမျိုး သူသိသလိုမျိုး၊ သူလုပ်သလိုမျိုး ဆရာလုပ်တတ်လို့လား၊ ဆရာတို့လို မျက်လှည့်ပြတာမျိုး မဟုတ်ဘူး"လို့ ကျွန်တော့်ကိုပြန်ပြီး ရန်တွေ့လိုက်ပါတယ်၊ ဘေးက ဆရာမတွေလည်း "ဟုတ်တယ်လေဆရာရဲ့ သူများကို သွားမစော်ကား ပါနဲ့၊ ဆရာသူ့လို လုပ်နိုင်လို့လား"ဆိုပြီးတော့ ဝိုင်းတွယ်ကြတယ်၊ ကျွန်တော် စဉ်းစားလိုက်ပါတယ်၊ သူတို့ကို ကျွန်တော်ပြောလိုက်တဲ့ စကားအတွက် သက် သေပြရတော့မယ်ဆိုတာပါပဲ၊ ဒါပေမယ့် သူတို့ပြောတဲ့ အဲဒီဆရာကို ကျွန်တော် မသိပါဘူး၊ အကြားအမြင်ရတာမဟုတ်ဘူး၊ နည်းပရိယာယ်တခုခုနဲ့ လှည့်စားတာ ဆိုတာတော့ ကျွန်တော် ကျိန်းသေတွက်လို့ရပါတယ်၊ ဒါပေမယ့် ကိုယ်က သူ့ဆီကို မရောက်ဘူးတော့ သူဘယ်နည်းကိုသုံးတယ်ဆိုတာကို မသိနိုင်ပါဘူး။ သူ့ရဲ့ လှုပ်ရှားပုံအသွားအလာလေးလောက် သိရရင် သဲလွန်စ ရနိုင်ပါတယ်၊ အဲဒါနဲ့ ကျွန်တော်က ဆရာမဒေါ်တင်တင်နွယ်ကို သဲလွန်စ ရလိုရညား "ဆရာမ တို့ အဲဒီဆရာဆီကိုသွားတဲ့အခါမှာ သူကရောက်ရောက်ခြင်း ဘာတွေလုပ်ခိုင်း လဲ၊ သူ့ဆီမှာ တုံကင်ယူပြီးတော့ နောက်တစ်ရက်ပြန်ချိန်း၊ အဲဒါမျိုးလား၊ တုံကင် ယူပြီးတော့ နောက်တရက်ပြန်ချိန်းဆိုရင် တုံကင်ယူထားတဲ့သူတွေနဲ့ သူနဲ့ မတွေ့ခင် သူ့တပည့်တွေလွှတ်ပြီးတော့ စုံစမ်းခိုင်းထားတာမျိုးတွေလည်း ရှိတယ်၊ သူတို့သုံးတဲ့နည်းတွေက အများကြီး"လို့ ကျွန်တော်ကပြောလိုက်တော့ ဆရာမက "ဆရာကလည်း ခက်ပြန်ပါပြီ၊ ကျွန်မတို့က အဲဒီလောက်တော့မတုံးပါဘူး၊ သူ့ဆီ ကို ရောက်ရောက်ချင်းကို သူကတန်းပြီးတော့ဟောတာ၊ ပြောတာ၊ ဘာတုံကင်မှ လည်းယူစရာမလိုဘူး၊ နောက်တစ်နေ့လည်း သွားစရာမလိုဘူး၊ သူ့ကို ဆရာတို့ လို မယုံကြည်တဲ့သူတွေက လာလာစမ်းကြတယ်၊ အဲဒီဆရာပြောတာတွေက မှန်နေတာတောင် သူတို့က မဟုတ်ဘူးလို့ လိမ်လိမ်ပြောကြလို့ အခုနောက်ပိုင်းမှာ ကျွန်မတို့ဆိုရင် ရောက်တာနဲ့ သူပေးတဲ့စာရွက်ပေါ်မှာ ကိုယ့်နာမည်နဲ့ ကိုယ်သိ ချင်တဲ့အကြောင်းတွေကို ရေးချရတယ်၊ သူကမကြည့်ဘူး၊ ပြီးတော့ သူက အဲဒီ စာရွက်ကို လုံးချေခိုင်းတယ်၊ နောက်တော့ သူကအဲဒီစာရွက်လုံးကို ဖြန့်မကြည့်ပဲ လက်နဲ့သပ်လိုက်ပြီးတာနဲ့ နာမည်ကိုပြောတယ်၊ ဘာအကြောင်းအရာ သိချင် တာလဲဆိုတာကို တန်းပြီးပြောတော့တာပဲ"

ကျွန်တော်သဘောပေါက်သွားပါပြီ၊ သူဘယ်နည်းကိုသုံးလိုက်တာလဲဆိုတာ၊ ကျွန်တော်သိသွားပါပြီ၊ ကျွန်တော်ဆရာမဒေါ်တင်တင်နွယ်ကို ရဲရဲတင်းတင်းပဲ ပြောလိုက်ပါတယ်၊ "သေချာတယ်ဆရာမ အဲဒီဆရာလိမ်တာ" ဆရာမကမကျေနပ်ပါဘူး၊ ကျွန်တော့်ကိုပြန်ပြောပါတယ်၊ "ဆရာဘယ်လိုကြောင့် အဲဒီလိုပြောတာလဲ၊ ဆရာသက်သေပြနိုင်လား"တဲ့၊ ကျွန်တော်က ပြန်မေးလိုက်ပါတယ်၊ "ကျွန်တော်အခု စာရွက်တစ်ရွက်ပေးမယ်၊ ဆရာမကြိုက်တဲ့နေရာမှာ ကြိုက်တဲ့စာ သွားရေးပါ၊ ပြီးရင်အဲဒီစက္ကူကို လုံးချေပြီးတော့ယူလာခဲ့၊ အဲဒီစာရွက်ထဲမှာ ဘာတွေရေးထားတယ်ဆိုတာကို ဖြန့်မကြည့်ပဲနဲ့ ဖတ်ပြမယ်၊ ကျွန်တော်ဖတ်ပြတာမှန်ရင်တော့ ဒီနေ့ကျောင်းဆင်းရင် အားလုံးကို လှက်ရည်တိုက်ရမယ်၊ ကျွန်တော်ကဖတ်မပြနိုင်ဘူးဆိုရင် ကျွန်တော်က အားလုံးကိုတိုက်မယ်၊ သဘောတူလား"လို့မေးတယ်၊ ကျန်တဲ့ ဆရာ၊ ဆရာမတွေ အားလုံးကလည်း စိတ်ဝင်တစားနဲ့ ကြည့်နေကြပါတယ်၊ နောက်တော့ ဆရာမကလည်း သဘောတူတယ်လို့ ပြောတာနဲ့ ကျွန်တော်လည်း ကျွန်တော့်လွယ်အိပ်ထဲက စာအုပ်တအုပ်ကို ထုတ်ပြီး စာရွက်တစ်ရွက် ဖြဲပေးလိုက်ပါတယ်၊ ဆရာမဒေါ်တင်တင်နွယ်နဲ့ နောက်ဆရာမ နှစ်ယောက် ဘေးကအခန်းထဲမှာ သွားရေးကြပါတယ်၊ နောက်တော့သူတို့ စက္ကူလုံးတစ်ခုကို ယူပြီးတော့ ပြန်ထွက်လာကြပြီး အဲဒီစက္ကူလုံးကို ကျွန်တော့်ရှေ့က စားပွဲပေါ်မှာချထားလိုက်ပါတယ်၊ ကျွန်တော်ကသူတို့ကို "အဲဒီစက္ကူလုံးက အသံတွေကြားနေရတယ်၊ နဲနဲနားထောင်ကြည့်လို့ ရမလား" လို့ မေးလိုက်ပါတယ်၊ အဲဒီတော့ ဆရာမဒေါ်တင်တင်နွယ်က "ဆရာ ဘာမှကလီကမာများဖို့ မကြိုးစားနဲ့၊ ကြိုက်တာလုပ် စာရွက်ကိုတော့ ဖြန့်မကြည့်ရဘူး"လို့ ပြန်ပြောလိုက်တယ်၊ ကျွန်တော်လည်းသူတို့ဆီကခွင့်ပြုချက်ရလို့ စက္ကူလုံးကို သူတို့ရှေ့မှာပဲ နားနားမှာကပ်ပြီးတော့ နားထောင်တဲ့ဟန်လုပ်လိုက်တယ်၊ ပြီးတော့ အဲဒီစက္ကူလုံးကို သူတို့ရှေ့မှာပဲ ပြန်ချထားလိုက်တယ်၊ အားလုံးကလည်း စိတ်ဝင်တစားနဲ့ ကျွန်တော့်ကို မျက်ချည်မပြတ်ကြည့်နေကြတယ်၊ အဲဒီအချိန်မှာ ကျွန်တော်ကကျွန်တော့်လွယ်အိပ်ထဲကိုလက်နှိုက်ပြီး၊ ငုံ့ကြည့်ပြီးတော့ သူတို့ကိုပြောလိုက်တယ်၊ "ခါတိုင်းဆိုရင်ကျွန်တော့်လွယ်အိပ်ထဲမှာ စိတ်နေကျ စိတ်ပုတီးပါတယ်၊ ပုတီး တစ်ပါတ်လောက်စိတ်လိုက်ရင် အကြားအမြင်တွေ ချက်ချင်းရသွားမှာ"





ဆရာမက စိတ်မရှည်တဲ့အမူအရာနဲ့ "ဆရာနောက်တောက်တောက်လုပ်မနေနဲ့၊ ပြောနိုင်ရင်ပြော၊ မပြောနိုင်ရင် ကျောင်းဆင်းတာနဲ့ အားလုံးကို လှက်ရည်တိုက်ဖို့သာပြင်ထား၊ ကျမအတန်းဝင်ရဦးမယ်"လို့ ပြောလိုက်ပါတယ်၊ "ကတိတည်ပါတယ်ဆရာမရယ်၊ ကျွန်တော်က အကြားအမြင်ရပြီးသားပါ၊ ဆရာမရေးထားတဲ့စာက ဦးစိုးနိုင် အာလူးလို့ ရေးထားတာမဟုတ်လား၊ ကျောင်းဆင်းတာနဲ့ လှက်ရည်တိုက်ပေတော့"လို့ ကျွန်တော်က အပိုင်ပြန်ပြောလိုက်တော့ ဆရာမဒေါ်တင်တင်နွယ်အပါအဝင် အားလုံးက အံ့အားသင့်တဲ့အမူအရာနဲ့ ကျွန်တော့်ကို ဝိုင်းကြည့်ပါတယ်၊ သူတို့အားလုံးအံ့အားသင့်မယ်ဆိုရင်လည်း အံ့အားသင့်လောက်ပါတယ်၊ ဘာလို့လဲဆိုတော့ သူတို့အားလုံးရှေ့မှာတင် သူတို့ဖာသာသူတို့ ကျွန်တော်မသိအောင်သွားပြီး ရေးထားတဲ့စာ ကျွန်တော်ဖြန့်တောင်မကြည့်ဘူး၊ သူတို့အားလုံးရှေ့မှာပဲချထားတာ၊ ကျွန်တော်ပြောလိုက်တာကလည်း သူတို့ရေးထားတာနဲ့ကွက်တိဆိုတော့၊ သူတို့အားလုံးစဉ်းစားလို့မရနိုင်အောင်ပါပဲ၊ နောက်တော့ ဆရာမဒေါ်တင်တင်နွယ်က "ကျွန်မရှုံးပါတယ်၊ ဆရာနဲ့အားလုံးကို လှက်ရည်တိုက်ပါ့မယ်၊ ဒါပေမယ့် ဆရာအဲဒါ ဘယ်လိုလုပ်သိတာလဲ" လို့ မေးလိုက်တယ်၊ ကျွန်တော်က စပ်ဖြဲဖြဲနဲ့ "အဲဒါကတော့ ဆရာမရယ်၊ ဆရာမပြောသလို အကြားအမြင်ပဲပေါ့"လို့ ပြန်ပြောပြီး ကျွန်တော့်အတန်းဆီကို သွားမယ်အလုပ်မှာ ဆရာမက "ဆရာ ဘယ်လိုမှ အကြားအမြင်မဖြစ်နိုင်ဘူး၊ ဆရာ့ဆီမှာ ကလိမ်ကကျစ်နည်းတစ်ခုခုတော့ ရှိလိမ့်မယ်၊ ကျွန်မတို့ကမသိလို့သာ" လို့ သူက မခံချိမခံသာနဲ့ပြောလိုက်ပါတယ်၊ ကျွန်တော်ကလည်း "အော် ဒီဆရာမတော်တော်ခက်တာပဲ၊ လုပ်ပြတာချင်းအတူတူ လုပ်နိုင်တာချင်းအတူတူကို ဟိုဆရာကျတော့ အကြားအမြင်တဲ့ ကျွန်တော့်ကျတော့ ကလိမ်ကကျစ်နည်းတဲ့၊ ဆရာမကတော့ နီးနေပြီ နီးနေပြီ"လို့ ပြန်ပြောလိုက်ပြီး သွားမယ်လုပ်တော့ ဆရာမက ကျွန်တော့်လွယ်အိတ်ကိုဆွဲထားပြီး "ဦးစိုးနိုင် ဘာနီးတာလဲ" ဆိုပြီး မကျေနပ်တဲ့အမူအရာနဲ့ အတင်းမေးပါတယ်၊ ကျွန်တော်လည်း ကျွန်တော့်လွယ်အိတ်ကို ပြန်ဆွဲပြီး "နီးနေပြီဆိုတာ အလိမ်ခံရဖို့နီးနေတာကို ပြောတာ"ဆိုပြီး သူ့အနားက ထွက်ပြေးလာခဲ့ပါတော့တယ်၊

ကျွန်တော်နဲ့ ဒေါ်တင်တင်နွယ်နဲ့ နေ့လည်မုန့်စားလွှတ်တုန်းက ကိစ္စကို ကျောင်းက သူငယ်ချင်း ဆရာ၊ ဆရာမတွေတော်တော်များများ သိကုန်ကြပါတယ်၊ အဲဒီအထဲမှာ ကျွန်တော့်သူငယ်ချင်း ကိုလှဝင်းလဲ ပါပါတယ်၊ သူက အမြဲတမ်း ကျွန်တော့်ဖက်က၊ သူနဲ့ကျွန်တော်နဲ့က အင်းတိုင်ကျောင်းမှာကတည်းက အတူတူပါပဲ၊ ကျွန်တော်တို့ရန်ကုန်ကို ပြောင်းလာတော့လည်း ရန်ကုန်မှာ တာမွေ အထက(၂)မှာ အတူတူပါပဲ၊ ကျွန်တော်တို့ ကိုလှဝင်းတို့ ဒေါ်တင်တင်နွယ်တို့ ဆိုတာ ကျောင်းဆရာ၊ ဆရာမတွေဆိုပေမယ့် အဲဒီတုန်းကအလွန်ဆုံးရှိလှမှ (၂၅) နှစ်ဝန်းကျင်တွေပါ၊ တစ်ယောက်နဲ့တစ်ယောက် ပြောမနာဆိုမနာ၊ ကိုလှဝင်းက ကျွန်တော်ငယ်ငယ်ကတည်းက မျက်လှည့်ဝါသနာပါပြီး ကောင်းကောင်းပြတတ်တာကို သူကသိထားတယ်၊

ကျောင်းဆင်းတော့ ဆရာမဒေါ်တင်တင်နွယ်တိုက်တဲ့ လ္ဘက်ရည်ကိုလိုက်သောက်ကြတယ်၊ ညနေ လ္ဘက်ရည်ဝိုင်းမှာတော့ ကိုလှဝင်းလည်း ပါတယ်၊ ဆရာမကလည်း လ္ဘက်ရည်ဝိုင်းမှာ ဦးစိုးနိုင် အဲဒါဘယ်လိုလုပ်တာလဲ၊ ဦးစိုးနိုင် အဲဒါဘယ်လိုလုပ်တာလဲ ဆိုတာကို တဖွဖွမေးတယ်၊ ကျွန်တော်ကလည်း သူမေးတိုင်း အကြားအမြင်ပေါ့ဆရာမရယ်လို့ပဲ ပြန်ပြန်ဖြေတော့ နောက်တော့သူက မမေးတော့ဘူး၊ လ္ဘက်ရည်ဆိုင်ကလမ်းခွဲကာနီး ကျွန်တော်ကနေ့ခင်းတုန်းကလိုပဲ ဒေါ်တင်တင်နွယ်ကို "အင်း ဆရာမကတော့ နီးပြီ"လို့ နောက်လိုက်တော့ အားလုံးကဝိုင်းရီကြတယ်၊ ဆရာမကတော့ ကျွန်တော့်ကိုမကျေနပ်တဲ့ အမူအရာနဲ့ လှမ်းကြည့်ပြီးတော့ သူ့ဆွဲခြင်းထဲက ကြိမ်လုံးကိုထုတ်ပြတယ်၊

လ္ဘက်ရည်ဆိုင်ကနေ လမ်းခွဲပြီးပြန်ကြတော့ ကျွန်တော့်နဲ့အတူ ကိုလှဝင်း လိုက်လာတယ်၊ သူက "ကိုစိုးနိုင် နေ့ခင်းတုန်းက ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ ကျွန်တော်နဲ့ ခင်ဗျားက အချင်းချင်းနော်၊ ခင်ဗျားလျှို့ဖို့တော့ မစဉ်းနဲ့၊ ကျွန်တော့်ကို နဲနဲပါးပါး ရှင်းပြစမ်းပါဦး"လို့ မေးလိုက်တယ်၊ အဲဒီတော့ ကျွန်တော်က "မလျှို့ပါဘူး သူငယ်ချင်းရယ်၊ ဆရာမကိုလည်း မနက်ဖြန်ကျရင် အားလုံးရှင်းပြမှာပါ၊ ဒီနေ့က သူ့ကိုနောက်လို့ကောင်းလို့ သက်သက်နောက်နေတာ၊ ဒီလိုသူငယ်ချင်းရေ တစ်ချို့သူတွေက မျက်လှည့်နည်းတွေကို သုံးပြီးတော့ သူ့ကိုယ်သူ အကြားအမြင်ရနေသလိုလို ဘာလိုလိုနဲ့ လိမ်စားနေတာတွေရှိတယ်၊






သူတို့တွေကို ပုဂ္ဂိုလ်တယောက်ယောက်ကပဲ စောင့်ရှောက်နေသလိုလို သူကိုယ်တိုင် သမထအားကောင်းလို့ အရာရာကိုသိသလိုလို၊ လူတွေက သူတို့အပေါ်မှာ ယုံကြည်သက်ဝင်လာအောင်၊ အားကိုးလာအောင် နည်းအမျိုးမျိုး၊ ပရိယာယ်အမျိုးမျိုးသုံးပြီးတော့ အမျိုးမျိုးဟန်ဆောင်ကြတာပေါ့ကွာ၊ အဲဒီနည်းတွေထဲမှာ ငါတို့ မျက်လှည့်နည်းတွေက သူတို့အတွက်ပိုပြီးတော့ အဆင်ပြေတယ်၊ ဘာလို့လဲဆိုတော့ မျက်လှည့်နည်းတွေက စနစ်တကျ တီထွင်ထားတာဆိုတော့ တော်ရုံလူ တော်ရုံဦးနှောက်နဲ့ စဉ်းစားလို့မရဘူး၊ အခုဆိုရင်လည်းကြည့်ကွာ ဆရာမဒေါ်တင်တင်နွယ်ပြောတဲ့ ဆရာက သူ့ကိုယ်သူ အကြားအမြင်ရနေသလိုလို ဘာလိုလိုနဲ့ သူသုံးတဲ့နည်းက ငါတို့မျက်လှည့်နည်းအုပ်စုတွေထဲက **မန်တယ်** လို့ ခေါ်တဲ့ နည်းတွေထဲကတစ်နည်း၊ အမှန်ကတော့ သူတို့ရေးထားတဲ့စာကို ခိုးပြီးတော့ဖတ်တဲ့နည်းပါကွာ"လို့ ပြောလိုက်တော့ ကိုလှဝင်းက "သူငယ်ချင်း မင်းပြောတာ ငါမရှင်းဘူး၊ လူတွေဒီလောက်အများကြီးရှေ့မှာ အဲဒီစာကို ဘယ်လိုလုပ်ပြီး ခိုးဖတ်မှာလဲ၊ ငါ့ကိုသေသေချာချာရှင်းပြစမ်းပါကွာ"လို့ ပြန်ပြောတယ်၊ "ကိုလှဝင်း သူငယ်ချင်း မင်းပြောတာမှန်ပါတယ်၊ လူတွေဒီလောက်အများကြီးရှိနေတာ အဲဒီစာကိုဘယ်လိုခိုးဖတ်မှာလဲ ဒါပေမယ့်မျက်လှည့်နည်းတွေဆိုတာက လူတွေရဲ့သဘောတွေကို အခြေခံပြီးတော့ထွင်ထားတာ၊ အားလုံးက သူတို့ရှေ့မှာ အဲဒီစက္ကူလုံးရှိနေတယ်၊ ဘယ်အချိန်ခိုးဖတ်မှာလဲ မဖြစ်နိုင်ဘူးပေါ့၊ အဲဒါက အားလုံးရဲ့အထင် သူငယ်ချင်းရဲ့အထင်၊ အဲဒါက အမှန်မဟုတ်ဘူး၊ အားလုံးမြင်နေရတဲ့ စက္ကူလုံးက အစားထိုးပြီးလဲထားတဲ့အလုံး၊ တကယ့်စာရေးထားတဲ့ စက္ကူလုံးက လဲပြီးယူသွားပြီ၊ ဘယ်အချိန်မှာလဲလိုက်လည်းဆိုတော့ ခဏ လေးကိုင်ပြီး နားထောင်ကြည့်မယ်ဆိုတဲ့အချိန်မှာ အလုံးချင်း လဲပြီးတော့ ပြန်ချထားလိုက်တာ၊ မင်းမမေးခင်ငါဆက်ရှင်းပြမယ်၊ ဘယ်အချိန်မှာ ဖတ်လိုက်လဲဆိုတာက ငါ့မှာက လွယ်အိပ်ပါတယ်၊ လွယ်အိပ်ထဲမှာ ပုတီးရှာသလိုလို ဘာလိုလိုနဲ့ အဲဒီအထဲမှာတင် ဖြန့်ပြီးတော့ဖတ်လိုက်တာ ရှင်းပြီလား၊ ဆရာမတို့ စာသွားရေးနေတဲ့အချိန်မှာ ငါကလွယ်အိတ်ထဲကို လက်နှိုက်ပြီးတော့ စက္ကူအလွတ်တရွက်ကိုလုံးပြီးတော့ သူတို့ကိုအစဉ်သင့် စောင့်နေတာ၊ အားလုံးရှေ့မှာတင် အလုံးချင်းလဲလိုက်တာကတော့လက်လှည့် လေ့ကျင့်ထားရင်ရပါတယ်၊

နောက်ပြီးတော့တစ်ခုရှိသေးတယ်၊ အဲဒါကဘာလဲဆိုတော့ သူတို့ရှေ့မှာကိုယ်က လဲပြီးချထားတဲ့ စာမပါတဲ့စက္ကူလုံး၊ သူတို့စာထဲမှာဘာတွေရေးထားတယ်ဆိုတာ သူတို့ကိုဖတ်ပြပြီးတာနဲ့ အဲဒီအလုံးကိုတခါထဲယူပြီးတော့ သိမ်းလိုက်၊ မတော်တဆ သူတို့ပြန်ဖြန့်ကြည့်လိုက်ရင် အလုံးချင်းလဲထားတာ သိသွားနိုင်တယ်၊ အဲဒီတော့အဲဒီအလုံးကို သူတို့ရေးထားတာ ဘာပါဆိုတာ ပြောပြီးတာနဲ့ ချက်ချင်းသိမ်းလိုက်၊ သဲလွန်စဖျောက်တဲ့သဘော၊ နည်းက တစ်ကယ်ကောင်းတဲ့နည်း၊ ဒါပေမယ့် အခုအဲဒီနည်းကိုအသုံးချနေတာက လူလိမ်၊ ဆရာမကိုလည်း ငါလုပ်ပြလို့သူငယ်ချင်းရေ၊ ဒါမှမဟုတ်ရင် သူတို့တစ်အုပ်လုံး အဲဒီဆရာဆီကို သွားကြတော့မလို့”လို့ ကျွန်တော်က လုံးစေ့ပါတ်စေ့ရှင်းပြလိုက်တော့မှ ကိုလှဝင်းက “သူငယ်ချင်း အဲဒီလိုနည်းပညာတွေ အဲဒီလိုလူတွေဆီမှာ ရောက်နေတာ ရိုးသားတဲ့ ယုံကြည်လွယ်တဲ့ လူတွေအတွက် အန္တရာယ်များတယ်”လို့ စိတ်မကောင်းစွာနဲ့ ငြီးတွားလိုက်တယ်၊ “ဟုတ်တာပေါ့ သူငယ်ချင်းရာ အဲဒါကြောင့်လည်း ဆရာတော်ဘုရားကြီးရဲ့ မေတ္တာပို့ထဲမှာ လူနဲ့လူချင်း လှည့်ပါတ်ခြင်း ကင်းရှင်းကြပါစေလို့ ထည့်ထားတာပေါ့၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ပါတ်ဝန်းကျင်မှာ အဲဒီလိုလိမ်တာကောက်တာ မဟုတ်တာတွေတွေ့ရင် လက်လှမ်းမှီသလောက်တော့ ကာကွယ်ရမှာပေါ့၊”








တဖက်သူကို ရေးခိုင်းမည့် စာရွက်နဲ့ ဘောပင်၊

တဖက်လူကို ရေးခိုင်းမည့် စာရွက်နဲ့ အရွယ်တူစာရွက် တခုကိုကြိုတင်လုံးထားပါတယ်၊




ကြိုတင်လုံးထားတဲ့ စက္ကူလုံးကို သူတို့စာသွားရေးနေတဲ့အချိန်မှာ လက်ဖဝါးမှာကပ်ပြီးတော့ ဖွက်ထားပါတယ်၊


သူတို့စာရေးထားတဲ့ စက္ကူကို သူတို့ကိုပဲလုံးခိုင်းလိုက်ပါတယ်၊ အဲဒီ စက္ကူလုံးကို စားပွဲပေါ်မှာချထားခိုင်းပြီးတော့ နားထောင်ကြည့်မယ်ဆိုတဲ့ ဆင်ခြေနဲ့ ကောက်ကိုင်လိုက်ပါတယ်၊



အဲဒီအချိန်မှာ လက်ထဲမှာ အလုံးနှစ်လုံး ရှိနေပါတယ်၊ တစ်လုံးက သူတို့ စာရေးထားတဲ့အလုံးဖြစ်ပြီးတော့ နောက်တစ်လုံးက ကြိုတင်ဝှက်ထားတဲ့ အလုံးဖြစ်ပါတယ်၊



သူတို့စာရေးထားတဲ့ အလုံးကိုယူပြီးတော့ နားထောင်တဲ့ အမူအရာ လုပ်ပြီးတော့လက်ထဲမှာတင် အလုံးချင်း လဲလိုက်ပါတယ်၊ သူတို့ကလည်း သူတို့ရှေ့က စက္ကူလုံးမပျောက်လို့ သံသယမရှိပါဘူး



အမှန်ကတော့ သူတို့မြင်နေရတဲ့ စက္ကူလုံးက သူတို့စာရေးထားတဲ့ စက္ကူလုံးမဟုတ်ပါဘူး၊ လဲပြီးထားထားတဲ့ စာရွက်အလွတ်စက္ကူလုံးပဲဖြစ်ပါတယ်၊

သူတို့အားလုံးဟာ လဲပြီးတော့ ထားထားတဲ့ စက္ကူလုံးကိုပဲ အာရုံစိုက်နေကြမှာဖြစ်ပါတယ်၊ အဲဒီအချိန်မှာ ကိုယ်လဲပြီးတော့ ယူထားတဲ့ သူတို့ရေးထားတဲ့ စာပါတဲ့ စက္ကူလုံးကို အဆင်ပြေသလို သူတို့မသိအောင် ဖွင့်ကြည့်လိုက်တာပါ၊ အထဲမှာ ဘာတွေရေးထားတယ်ဆိုတာကို သိပြီ၊ ဒါမှမဟုတ် သူတို့ကို ပြောပြပြီးပြီ ဆိုတာနဲ့ စားပွဲပေါ်မှာ ချထားတဲ့ စက္ကူလုံးကို သိမ်းလိုက်ပါတယ်၊ သဲလွန်စကို ဖျောက်လိုက်တဲ့ သဘောပါပဲ။

**မှတ်ချက်။ ။**
အပေါ်ပုံက ရုပ်မျိုးကို သတိထားပါ၊ ရုပ်တည်နဲ့ လိမ်တတ်သည်၊







# ''အင်း အပင်း မှော်''

(၈၈)အရေးအခင်းအပြီး ကျွန်တော်တို့ပွဲတော်လိုင်းက အနုပညာသမားတွေ ပွဲမိန့်မရလို့ တိုင်ပတ်နေကြတဲ့အချိန်မှာ ကျွန်တော်လည်း စင်ပေါ်မျက်လှည့် ဆရာဘဝကနေ မိသားစုစားဝတ်နေရေးအတွက် လမ်းဘေးမျက်လှည့်ဆရာဘဝကို ရာထူးတိုးတက်ပြီးတော့ လမ်းဘေးမှာမျက်လှည့်ပြခဲ့ရပါတယ်၊ ဖြစ်သမျှအကြောင်းအကောင်းပဲလို့ ခံယူတတ်တဲ့ ကျွန်တော့်အတွက်ကတော့ စင်ပေါ်မှာပြခဲ့တုန်းကလည်း စင်တင်မျက်လှည့်ကို သေသေချာချာလေ့လာလေ့ကျင့် သေသေချာချာပြခဲ့သလို လမ်းဘေးမှာမြေဝိုင်းမျက်လှည့်ကိုပြတော့လည်း အနီးကပ်မျက်လှည့်ကို လေ့ကျင့်လေ့လာဖို့ ကျွမ်းကျင်ဖို့ အခွင့်အလမ်းလို့ပဲ ခံယူပြီးလေ့ကျင့်တင်ပြပြီး ရပ်တည်ခဲ့ပါတယ်၊ အခုမှ အနောက်နိုင်ငံမှာ ခေတ်စားနေတဲ့ **စတီမက်ဂျစ်** လို့ခေါ်တဲ့ ခရီးသွားဟန်လွဲ ကြံ့ရင်ကြံ့သလို ရှိတဲ့ဟာနဲ့ ကောက်ပြတဲ့ မျက်လှည့်ပြကွက်တွေ တော်တော်များများရဲ့ အခြေခံဟာ ကျွန်တော်စောစောကပြောခဲ့တဲ့ ကျွန်တော်တို့လမ်းဘေးမှာပြတုန်းက အနီးကပ်မျက်လှည့်တွေပဲဖြစ်ပါတယ်၊ အဲဒီတော့ ကျွန်တော်စင်ပေါ်မျက်လှည့်ဆရာဘဝကနေ လမ်းဘေးမျက်လှည့်ဆရာဖြစ်ခဲ့တာဟာ မရှုံးတဲ့အပြင် အနီးကပ်မျက်လှည့်တွေကို လေ့ကျင့်ဖြစ်ခဲ့လို့ ကျေနပ်မိပါတယ်၊

ကျွန်တော်လမ်းဘေးမျက်လှည့်ဆရာဘဝမှာတုန်းက ဈေးထိပ်၊ လမ်းထိပ်တွေမှာ မျက်လှည့်ပြပြီးတော့ ဝါသနာပါတဲ့သူတွေအတွက် မျက်လှည့်ပြနည်း စာအုပ်ငယ်လေးတွေနဲ့ လူတိုင်းပြန်ပြလို့ရတဲ့ မျက်လှည့်ပြတဲ့ပစ္စည်းအသေးစားလေးတွေကိုလုပ်ပြီး ရောင်းစားခဲ့ပါတယ်၊ ကျွန်တော်မျက်လှည့်ပြပြီးရင် အဲဒါတွေကိုရောင်းပါတယ်၊ မျက်လှည့်ဝါသနာပါလို့ မိသားစုနဲ့ အပေါင်းအသင်းတွေနဲ့ ပြန်ပြဖို့ ဝယ်ယူတဲ့သူတွေရှိသလို ကျွန်တော့်ကိုသက်သက်အားပေးတဲ့အနေနဲ့ ဝယ်ယူတဲ့သူတွေလည်းရှိပါတယ်၊ ဘာပဲဖြစ်ဖြစ် လမ်းဘေးပဲပြပြ စင်ပေါ်ပဲပြပြ မျက်လှည့်ပြနေရရင် မျက်လှည့်အတတ်ပညာနဲ့ပတ်သက်ပြီးတော့ ပိုက်ဆံရရင်ကျွန်တော်ပျော်ပါတယ်၊

တစ်နေ့ပုဇွန်တောင်ဖက်မှာ မျက်လှည့်ပြပြီးတော့ ကျွန်တော့်ပစ္စည်းတွေကိုသိမ်းနေတဲ့အချိန်မှာ အရပ်ရှည်ရှည်၊ ကိုယ်လုံးကပိန်ပိန်ပါးပါး၊ ထူးခြားချက်ကနှာခေါင်းကြီးကြီးနဲ့လူတစ်ယောက် ကျွန်တော့်နားကိုရောက်လာပြီးတော့ "ညီလေး မင်းပစ္စည်းတွေသိမ်းပြီးရင် ဟို လ္ဘက်ရည်ဆိုင်ကို လိုက်လာခဲ့၊ အကိုကမင်းကိုလ္ဘက်ရည်တိုက်ချင်လို့၊ ပြီးတော့စကားလည်းနဲနဲပြောချင်လို့၊ လာခဲ့နော်၊ အကိုအဲဒီကစောင့်နေမယ်"လို့ ပြောပြီးတော့ ခပ်လှမ်းလှမ်းက လ္ဘက်ရည်ဆိုင်ကိုလက်ညှိုးထိုးပြပြီးတော့ ထွက်သွားနှင့်လိုက်ပါတယ်၊ ကျွန်တော့်ဝိုင်းပြီးရင် ဒါမျိုးက ကြုံနေကျပါ၊ မျက်လှည့်ဝါသနာပါတဲ့သူတွေက နေရာတိုင်းမှာရှိတယ်၊ မိတ်ဆက်မယ်၊ တစ်ယောက်နဲ့တစ်ယောက် နည်းပညာဖလှယ်မယ်၊ ဒါမှမဟုတ် အခုမှတတ်ချင်တာဆိုရင် သင်ခိုင်းမယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်လည်းအချိန်ရတာနဲ့ ပစ္စည်းလေးတွေကိုသိမ်းပြီးတော့ သူခေါ်ထားတဲ့ လ္ဘက်ရည်ဆိုင်ထဲကိုရောက်သွားခဲ့ပါတယ်၊ ရောက်ရောက်ချင်း သူက "ညီလေး ဘာသောက်မလဲ ကြိုက်တာမှာနော်၊ အစ်ကိုကမင်းကို သဘောကျနေတာ၊ ငါ့ညီပြတုန်းကအစ်ကိုက ဝိုင်းထဲမှာရှိတယ်၊ အစ်ကိုကြည့်နေတာ မင်းပြတာကောင်းတယ်၊ ပြကွက်တွေက မြန်တယ်၊ ပြီးတော့လန်းတယ်၊ အစ်ကို့မှာက အကြောင်းတစ်ခုရှိတယ်၊ သိပ်တော့ အရေးမကြီးပါဘူးကွာ၊ နောက်တော့ပြောပြမယ်၊ တစ်ခုခုသောက်၊ ဘာသောက်မလဲ မှာကွာ"လို့ ပြောလိုက်တယ်၊ ကျွန်တော်လည်း လ္ဘက်ရည်တစ်ခွက်မှာပြီးတော့ သောက်လိုက်တယ်၊





ကျွန်တော်ကလ္ဘက်ရည်သောက်ပြီးလို့ စီးကရက်တစ်လိပ်ကိုကောက်ကိုင်ပြီးမီးတို့လိုက်တဲ့အချိန်မှာ သူက သူ့မှာပါလာတဲ့ အိတ်အမဲကြီးကိုဖွင့်ပြီးတော့ အဲဒီအထဲက လိပ်စာကတ်ပြားတစ်ခုကိုထုတ်လိုက်ပြီး ကျွန်တော့ကိုလှမ်းပေးရင်းနဲ့ "အစ်ကိုနာမည်က အောင်ထိပ်ခေါင်လို့ခေါ်တယ်၊ အစ်ကိုက ဘာသာရေးသမားပါ၊ သာသနာပြုလုပ်ငန်းကိုလုပ်တယ်၊ (၇)ရက်သားသမီးတွေကို ကယ်တင်တယ်၊ အစ်ကိုတို့မှာလည်း အကိုတို့အတတ်ပညာတွေရှိပါတယ်၊ ချစ်ရင်လည်း လုပ်လို့ရတယ်၊ မုန်းရင်လည်းလုပ်လို့ရတယ်၊ ဒါပေမယ့် အစ်ကိုတို့က အစ်ကိုတို့ပညာတွေကို မလိုအပ်ဘဲနဲ့ ဘယ်တော့မှထုတ်မသုံးဘူး၊ ဒါကတစ်ပိုင်းပေါ့ကွာ၊ နောက်တစ်ပိုင်းကတော့ ငါ့ညီဆီကလည်း အပျော်သဘောနဲ့ နဲနဲပါးပါးသင်ချင်တယ်၊ သင်ခလည်းပဲ အစ်ကိုက တူတူတန်တန်ပေးမှာပါ"ဆိုပြီးတော့ သူ့စကားကို ခဏရပ်ထားလိုက်ပြီးတော့ ကျွန်တော့်ဆီက တစ်စုံတစ်ရာပြန်ပြောတာကို သူကစောင့်နေလိုက်တယ်၊ ကျွန်တော်ကသူ့ကို ဘာမှတစ်စုံတစ်ရာပြန်မပြောသေးပဲနဲ့ သူ့ရဲ့လိပ်စာကတ်ကိုကြည့်ပြီးတော့ ဖတ်နေလိုက်တယ်၊ လိပ်စာကတ်ထဲမှာက အပေါ်ဆုံးမှာက တောင်တန်းသာသနာပြုတဲ့ နောက်ပြီးတော့ ဓါတ်ပိုင်နတ်ပိုင် ဦးအောင်ထိပ်ခေါင်တဲ့၊ လိပ်စာက တာမွေက၊ ကျောက်မြောင်းကလိပ်စာ၊ သူပြောတဲ့စကားတွေကို နားထောင်ပြီးကတည်းက သူကဘာလဲဆိုတာ ကျွန်တော်တန်းပြီးသိပြီးသားပါ၊ ဘာလို့လဲဆိုတော့ အဲဒါမျိုးနဲ့တွေ့တာ ဒါပထမဦးဆုံးအကြိမ်မှမဟုတ်ပဲ၊ ကျွန်တော့်စိတ်ထဲမှာတော့ ကြိတ်ပြီးတော့ပျော်မိပါတယ်၊ ငွေထုပ်ကြီးလိမ့်လာပြီပေါ့၊ အဲဒီတုန်းက ကျွန်တော်က ဆင်းရဲတယ်၊ အူမ မတောင့်လို့ သီလအစောင့်ဘူးပဲ ပြောရမလား၊ ဒါမှမဟုတ် ပညာရပ်ရဲ့မျက်နှာကို မထောက်ဘဲ ကိုယ်အဆင်ပြေဖို့ တစ်ခုထဲကိုကြည့်တဲ့ အတ္တသမားလို့ပဲ ပြောရမလား၊ အဲဒီလိုလူတွေဆီက ငွေကြေးကောင်းကောင်းယူပြီးတော့ သင်ပေးနေကျ၊ ဒါပေမယ့် သူပြောသွားတဲ့ စကားတွေထဲမှာ ကျွန်တော်မကြိုက်တဲ့စကားလုံးတွေပါတယ်၊ အဲဒါတွေကိုအရင်ဆုံးမရမယ်၊ ဘာတဲ့ အစ်ကို့မှာလည်း အစ်ကို့အတတ်ပညာတွေရှိပါတယ်တဲ့၊ နောက်ပြီးတော့ ချစ်ရင်လည်းလုပ်လို့ရတယ်၊ မုန်းရင်လည်းလုပ်လို့ရတယ်တဲ့၊ အဲဒါဘာလဲ၊ အဲဒါမော်အုပ်တာ၊ အော် ဒီလူနဲ့ ခက်ပြန်ပါပြီ၊ မျက်လှည့် ဆရာကိုမှလာပြီးတော့ မော်အုပ်ရတယ်လို့၊ ပိုက်ဆံပေးမယ်ကွာ၊ ငါ့ကိုသင်ပေးဆိုရင်ပြီးပြီပဲဟာကို၊ လာပြီးမော်အုပ်နေတယ်၊ နဲနဲတော့ ဆုံးမပေးလိုက်ဦးမယ်၊

"အစ်ကိုပြောသွားတဲ့အထဲမှာပါတဲ့ ချစ်ရင်လည်းလုပ်လို့ရတယ်၊ မုန်းရင်လည်းလုပ်လို့ရတယ်ဆိုတာ ဘာလဲ၊ အထက်လမ်းလား၊ အောက်လမ်းလား၊ အခုလုပ်ပြလို့ရမလား၊ တကယ်ကောဟုတ်ရဲ့လား၊ ကျွန်တော်ကမှော်အုပ်တာမကြိုက်ဘူး"လို့ သူ့ကိုပြောလိုက်ပါတယ်၊ "ဒါကဒီလိုရှိပါတယ် အဲဒီပညာတွေက မလိုအပ်ပဲနဲ့ ဘယ်ထုတ်သုံးလို့ရမလဲ၊ ငါ့ညီကမျက်လှည့်ဆရာလေ၊ လောကကြီးမှာ ငါ့ညီမသိနိုင်တဲ့ကိစ္စတွေ အတတ်ပညာတွေ အများကြီးရှိတာပေါ့၊ နောက်တော့ ငါ့ညီသိလာပါလိမ့်မယ်"လို့ သူကထပ်ပြီးတော့ မှော်အုပ်လိုက်ကျွန်တော်ပိုပြီးတော့ တင်းသွားပြီးတော့ ကျွန်တော့်ရဲ့ တိုက်ကွက်ကိုပြောင်းပြီးတော့ " ထားပါတော့ အစ်ကို့ကိုကျွန်တော် တစ်ခုမေးမယ်၊ အင်းတို့ အပင်းတို့ မှော်တို့ အစ်ကိုတတ်လား၊ အစ်ကိုအခုလုပ်ပြနိုင်လား၊ တတ်ရင်တတ်တယ် မတတ်ရင်မတတ်ဘူး ရှင်းရှင်းပြော"လို့ ကျွန်တော်က ခပ်ပြတ်ပြတ်မေးလိုက်တော့ သူကရီပြီးတော့ "ငါ့ညီ အစ်ကိုကမင်းနဲ့တွေ့တာက ပညာပြိုင်ဖို့မဟုတ်ဘူးလေကွာ၊ မင်းက တစ်ကယ်တတ်လို့ ပညာပြိုင်မယ်ဆိုရင်တောင် အစ်ကိုကအရှုံးပေးတယ်ကွာ၊ ဘာလို့လဲဆိုတော့ အစ်ကိုတို့က ဘာသာရေးသမားလေ၊ (၇)ရက်သားသမီးတွေကို ကယ်တင်နေတာ"လို့ ပြန်ပြောလိုက်ပါတယ်၊

ကျွန်တော်စဉ်းစားကြည့်တယ်၊ သူကစကားပြောလယ်တယ်၊ သူလူလိမ်မှန်းကျွန်တော်သိတယ်၊ ဒါပေမယ့်သူက ကျွန်တော့်ကိုပါ မှော်အုပ်တယ်၊ ကျွန်တော်သဘောမကျဘူး၊ သူ့ကိုသင်ပေးတာ ပိုက်ဆံရတာမရတာ အရေးမကြီးဘူး၊ ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ အရင်ချွတ်ရမယ်၊ "အောက်လမ်းနည်းတစ်နည်းပြမယ်ကြည့်မလား" လို့ သူ့ကိုကျွန်တော်မေးလိုက်တယ်၊ သူကအေးအေးဆေးဆေးပဲ "လုပ်ပါ၊ အပျင်းပြေပေါ့"လို့ ပြန်ပြောတယ်၊ အဲဒီတော့ကျွန်တော်က "အောက်လမ်းနည်းတွေထဲက အစ်ကိုပြောသလိုပေါ့၊ ချစ်ရင်လည်းလုပ်လို့ရတယ်၊ မုန်းရင်လည်းလုပ်လို့ရတဲ့ အပင်းသွင်းတဲ့နည်းကိုပြမယ်"လို့ ပြောပြီးတော့ ကျွန်တော်က ပါတ်ဝန်းကျင်ကို ကြည့်လိုက်တယ်၊ တော်ပါသေးတယ် လ္ဘက်ရည်ဆိုင်က လူရှင်းလို့၊ နောက်တော့ ကျွန်တော်က စားပွဲထိုးတစ်ယောက်ကိုခေါ်ပြီးတော့ ကြက်ဥ (၃) လုံးယူခိုင်းလိုက်တယ်၊ ဦးအောင်ထိပ်ခေါင်ကို အဲဒီကြက်ဥတွေကို သာမန်ကြက်ဥတွေ ဖြစ်ကြောင်း စစ်ဆေးခိုင်းလိုက်တယ်၊ သူကလည်း အဲဒီ





ကြက်ဥတွေအပေါ်မှာ သံသယမရှိပါဘူး၊ သူ့ရှေ့မှာတင် စားပွဲထိုးကလေးကဆိုင်ကောင်တာစားပွဲပေါ်က ပုလင်းထဲကယူလာတာ၊ (အဲဒီတုန်းက လ္ဘက်ရည်ဆိုင်တော်တော်များများမှာ ကြက်ဥများကို ကောင်တာစားပွဲပေါ်မှာ ပုလင်းကြီးကြီးထဲထည့်ထားလေ့ရှိပါတယ်) "အဲဒီကြက်ဥသုံးလုံးထဲက အစ်ကိုကြိုက်တဲ့ တစ်လုံးကို ရွေးပေးပါ"လို့ ကျွန်တော်ကပြောလိုက်တော့ သူကလွယ်လွယ်ကူကူပါပဲ၊ သူနဲ့နီးစပ်တဲ့အလုံးကို ကျွန်တော့်ကို လှမ်းပေးလိုက်ပါတယ်၊ ကျွန်တော်လည်း သူပေးလိုက်တဲ့ကြက်ဥကို သူ့ရှေ့မှာတင် အနားမှာရှိနေတဲ့ လ္ဘက်ရည်ဇွန်းနဲ့ခေါက်ပြီးတော့ ထိပ်ဖက်ကို အပေါက်သေးသေးတစ်ပေါက် ဖေါက်လိုက်ပါတယ်၊ ပြီးတော့သူ့ကို အဲဒီအပေါက်ကို လက်ဝါးနဲ့ပိတ်ပြီးတော့ကိုင်ထားပေးပါလို့ ခိုင်းလိုက်ပါတယ်၊ ဘယ်လိုကိုင်ထားရမယ်ဆိုတာကိုလည်း ကျွန်တော်ကိုယ်တိုင် လုပ်ပြလိုက်ပါသေးတယ်၊ သူကလည်း ကျွန်တော်လုပ်ပြတဲ့အတိုင်း လက်တစ်ဖက်က ကြက်ဥကိုကိုင်ထားပြီး ကျန်တဲ့လက်တစ်ဖက်က အပေါက်ကိုလက်ဝါးနဲ့ပိတ်ပြီးတော့ကိုင်ထားလိုက်ပါတယ်၊

"အခုပြတဲ့နည်းက အပင်းသွင်းတဲ့နည်းတွေထဲက ချစ်ရင်လုပ်တဲ့နည်းလို့ပြောလို့ရပါတယ်၊ ဒါမှမဟုတ် ဘိုးတော်တစ်ယောက်အနေနဲ့ပြမယ်ဆိုရင်တော့ သမားဂုဏ်ပြတဲ့ နည်းတစ်နည်းအနေနဲ့လည်း ပြလို့ရတယ်"လို့ ကျွန်တော်ကပြောလိုက်ပြီးတော့ လ္ဘက်ရည်ပန်းကန်ပြားတစ်ချပ်ကို သူ့ရှေ့ကိုထိုးပေးလိုက်ပါတယ်၊ ပြီးတော့မှ "အစ်ကို့လက်ထဲကကြက်ဥထဲကို ကျွန်တော့်ပညာနဲ့ အပင်းထည့်လိုက်ပါတယ်၊ အစ်ကိုသိလိုက်မှာမဟုတ်ပါဘူး၊ အောက်ကပန်းကန်ပြားထဲကို ကိုယ်တိုင်ပဲ ခွဲပြီးကြည့်လိုက်ပါ၊"

သူက သူ့လက်ထဲမှာ ကိုင်ထားတဲ့ကြက်ဥကို ကျွန်တော်ပေးလိုက်တဲ့ လ္ဘက်ရည်ပန်းကန်ပြားထဲကို ဖြေးဖြေးချင်းခွဲပြီးတော့ ထည့်လိုက်ပါတယ်၊ သူကိုယ်တိုင် တော်တော်အံ့သြသွားပုံရပါတယ်၊ ဘာလို့လဲဆိုတော့ အဲဒီကြက်ဥထဲက ဓါတ်လုံးလက်စွပ်တစ်ကွင်းထွက်လာလို့ပါပဲ၊ နောက်တော့ သဘောကျတဲ့ အမူအရာနဲ့ "တော်တော်ကောင်းတာပဲ"လို့ သူကပြောလိုက်တယ်၊ ကျွန်တော်ကလည်း အဲဒါအပင်းပေါ့၊ အရာဝတ္ထုတစ်ခုထဲကို နောက်ထပ်အရာဝတ္ထုတစ်ခုမမြင်နိုင်ပဲ ဝင်သွားမယ်ဆိုရင်အဲဒါအပင်းပေါ့၊ အစ်ကိုပြောတဲ့

အစ်ကိုတို့မှာလည်းရှိပါတယ် ဆိုတဲ့ပညာတွေက ဒီလိုလက်တွေ့ပြလို့မရဘူးလား တစ်ခုလောက်ပြကြည့်ပါလား၊ ကျွန်တော်တို့ဆီကပညာတွေကတော့ လက်တွေ့ပဲ ဒါကအပင်း၊ နောက် အင်း ဆိုတာကိုပြဦးမယ်၊ နောက် မှော် ဆိုတာရှိသေးတယ်၊ လိုချင်တာကို ချက်ခြင်းခေါ်လို့ရတဲ့ မှော် ရက္ခစိုးမှော် ဆိုတာရှိသေးတယ်၊ အခုပြောတာတွေဟာ အာလူးနည်းတွေမဟုတ်ဘူး၊ အလောင်းအစားနဲ့ လက်တွေ့ပြလို့ရတယ်၊ နောက်ပြီးတော့ အစ်ကိုနဲ့ကျွန်တော်နဲ့က ပေါင်းလို့မရဘူး၊ ကျွန်တော်က မျက်လှည့်ဆရာ ကျွန်တော်သူများတွေကို မှော်ကောင်းကောင်း အုပ်တတ်တယ်၊ ဒါပေမယ့် ကျွန်တော်ဘယ်တော့မှ ဘယ်သူ့ကိုမှ မှော်မအုပ်ဘူး၊ ကျွန်တော့်ဆီမှာလာပြီးတော့ ဟိုလိုလို ဒီလိုလိုမှော်အုပ်ရင်လည်း မကြိုက်ဘူး"လို့ ဆက်တိုက်ပြောချလိုက်တော့ သူကနဲနဲတွေသွားတယ်၊ ကျွန်တော် ဒီလိုပြောလိုက်လိမ့်မယ်လို့ သူကမှမမျှော်လင့်ထားပဲ၊ နောက်တော့မှသူက

"ဒီလိုကွငါ့ညီရ၊ စိတ်မဆိုးပါနဲ့၊ အစ်ကိုကအကျင့်ပါနေလို့ပါ၊ ပွင့်ပွင့်လင်းလင်းပြောရရင် အစ်ကိုက ရမလားလို့လုပ်ကြည့်တာပေါ့ကွာ၊ မရတော့လဲမလုပ်ဘူးပေါ့ကွာ၊ အစ်ကိုတောင်းပန်ပါတယ်၊ အခုဟာက ငါ့ညီစောစောကပြတဲ့ဟာမျိုးနဲ့ဆိုရင် အစ်ကို့လိုင်းမှာပွဲပြီးပြီ"လို့ ပြောလိုက်ပါတယ်၊ ကျွန်တော်ကလည်း အဲဒီတုန်းကကျွန်တော်နေတဲ့ ကျွန်တော့်ရဲ့ ဒေါပုံအိမ်လိပ်စာ သူ့ကိုပေးလိုက်ပြီးတော့ "နည်းပညာနဲ့ပတ်သက်ရင် စိတ်ချ၊ လုံးဝခြေရာပျောက် သဲလွန်စပျောက်နည်းကောင်းတွေရှိတယ် ဈေးတော့ကြီးတယ်၊ စိတ်ဝင်စားရင်လာခဲ့" လို့ပြန်ပြောလိုက်ပါတယ်၊ သူကလည်း "အစ်ကိုမနက်ဖြန်လာခဲ့မယ်လို့" ကျေနပ်စွာနဲ့ ပြန်ပြောပြီး လမ်းခွဲလိုက်ကြပါတယ်၊


နောက်တစ်နေ့မှာတော့ ကျွန်တော့်ဆီကို တောင်တန်းသာသနာပြုခါတ်ပိုင် နတ်ပိုင် (၇)ရက်သားသမီးတွေကိုကယ်တင်နေတဲ့ ဦးအောင်ထိပ်ခေါင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီး လက်ဆောင်ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ ကျွန်တော်နေတဲ့ ဒေါပုံကအိမ်ခန်းလေးဆီကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့ပါတယ်၊ ဒီလူ လူလိမ်မှန်း ကျွန်တော်သိပါတယ်၊ အဲဒီလူလိမ်တစ်ယောက်ကို ကျွန်တော်ဒါတွေသင်ပေးလိုက်ရင် အဲဒီနည်းပညာတွေနဲ့ ယုံကြည်လွယ်တဲ့သူတွေကို ရောက်ပြီးတော့ လိမ်တော့မှာသေချာပါတယ်၊ ကျွန်တော်အဲဒါကိုသိသိကြီးနဲ့ ကျွန်တော် သင်ပေးခဲ့မိပါတယ်၊





# "ဘာနေ့သားလဲ"

အောက်မှာဖေါ်ပြထားတဲ့ ကတ်ပြားလေးတွေနဲ့ တိုက်ဆိုင်စစ်ဆေးပြီးတော့ ဘယ်သူဟာဘာနေ့သားလဲဆိုတာကို အလွယ်တကူပြောလို့ရပါတယ်၊ အဲဒီနည်းကိုပြဖို့ကတော့ တနင်္ဂနွေဟာ ၁ ဖြစ်တယ်၊ စနေဟာ ၇ ဖြစ်တယ်ဆိုတာကိုတော့ သိရမှာ ဖြစ်ပါတယ်၊




တနင်္ဂနွေနဲ့စတဲ့ ကတ်ပြားကို နံပါတ် ၁ ကတ်ပြားလို့ မှတ်ထားပါ၊ တနင်္လာနဲ့ စတဲ့ကတ်ပြားကို နံပါတ် ၂ ကတ်ပြားလို့မှတ်ထားပါ၊ ဗုဒ္ဓဟူးနဲ့ စတဲ့ကတ်ပြားကို နံပါတ် ၄ ကတ်ပြားလို့မှတ်ထားပါ၊

ကတ်ပြားတွေကို တစ်ချပ်ခြင်း သူ့ကိုပြပါ၊ ကတ်ပြားတစ်ချပ်ပြလိုက် သူ့မွေးနေ့ပါလားလို့ မေးလိုက် လုပ်ပါ၊ ပါတယ်ဆိုတဲ့ ကတ်ပြားတွေကို ကြည့်လိုက်ရင် သူ့မွေးနေ့ကိုသိနိုင်ပါတယ်၊

၁ ကပ်ပြား မှာပါတယ်ဆိုရင် တနင်္ဂနွေ

၂ မှာပါတယ်ဆိုရင် တနင်္လာ

၄ မှာပါတယ်ဆိုရင် ဗုဒ္ဓဟူး

၁ နဲ့ ၂ မှာပါတယ်ဆိုရင်

၁ + ၂ = ၃ အင်္ဂါ

၁ နဲ့ ၄ မှာပါတယ်ဆိုရင်

၁ + ၄ = ၅ ကြာသပတေး

၂ နဲ့ ၄ မှာပါတယ်ဆိုရင် ၂ + ၄ = ၆ သောကြာ

ကပ်ပြား သုံးခုလုံးမှာပါတယ်ဆိုရင် ၁+၂+၄=၇ စနေ

# "ကြက်ဥထဲက ဓါတ်လုံးလက်စွပ်"

ရုပ်ဝတ္ထုတစ်ခုထဲကို နောက်ထပ်ရုပ်ဝတ္ထုတစ်ခု လူတို့ရဲ့သာမန်မျက်လုံးနဲ့ မမြင်နိုင်ပဲ ဝင်ရောက်သွားတဲ့ မျက်လှည့်ပြကွက်တွေ တော်တော်များများထဲက တစ်ချို့နည်းတွေကို ဘိုးတော်အတုအယောင်တစ်ချို့က အပင်းပညာတွေရှိကြောင်း တတ်ကြောင်း သရုပ်ပြတဲ့အနေနဲ့သော်၄င်း၊ သမားဂုဏ်ပြတဲ့အနေနဲ့သော်၄င်း ထည့်သွင်းအသုံးပြုကြတာ တွေ့ရပါတယ်၊ အဲဒီအထဲက အရိုးရှင်းဆုံးနည်းလေးတစ်နည်း လျှို့ဝှက်ချက်ကိုသိသွားရင် လွယ်လွယ်ကူကူလုပ်လို့ရတဲ့ နည်းလေးတစ်နည်း ဒါမှမဟုတ်သူတို့ အသုံးပြုများခဲ့တဲ့နည်းလေးတစ်နည်းကို အောက်မှာဖေါ်ပြထားပါတယ်၊

အဲဒီနည်းကတော့ ကြက်ဥအစိမ်းတစ်လုံးထဲကနေပြီးတော့ ဓါတ်လုံးလက်စွပ်၊ ဒါမှမဟုတ် ရှင်သီဝလိ ပုံတော်၊ အဲဒါမျိုးတွေထဲကတစ်ခုခု ခေါ်ယူထုတ်ပြတဲ့နည်းပဲဖြစ်ပါတယ်၊




သူ့အတွက်လိုအပ်တဲ့ ပစ္စည်းတွေကတော့ –

ကြက်ဥအစိမ်း ၄–၅ လုံး၊
ဓါတ်လုံးလက်စွပ် ၁ ကွင်း
ပန်းကန်ပြား ၁ ချပ်၊
စတီးဇွန်း ၁ ချောင်း၊

တို့ပဲဖြစ်ပါတယ်၊









ကြက်ဥ ၄–၅ လုံးလောက်ကို ပန်းကန်ထဲမှာ ထည့်ထားပြီး ကြိုက်ရာ ကြက်ဥ တစ်လုံးကို ရွေးခိုင်းလိုက်ပါတယ်၊

အဲဒီအချိန်မှာ ဘယ်သူမှ မသိအောင် ညာဖက်လက်ရဲ့ လက်ဖဝါးထဲမှာ လက်စွပ်ကို ပုံထဲကအတိုင်းညှပ်ထားလိုက်ပါတယ်၊


နောက်တော့ သူတို့ရွေးလိုက်တဲ့ ကြက်ဥကို ဘယ်ဖက်လက်နဲ့ လှမ်းယူလိုက်ပြီးတော့ လက်စွပ်ကိုဖွက်ပြီးညှပ်ထားတဲ့ ညာဖက်လက်က ပုံထဲကအတိုင်း ဇွန်းကိုကောက်ကိုင်လိုက်ပါတယ်၊ ပုံထဲကအတိုင်း ကြက်ဥရဲ့ ထိပ်ဖက်ကို ဇွန်းနဲ့ရိုက်ပြီး အပေါက်ဖေါက်လိုက်ပါတယ်၊




ကြက်ဥရဲ့ ထိပ်ဖက်ကိုဇွန်းနဲ့ အပေါက် ဖေါက်ပြီးသွားတဲ့ အခါမှာ ညာဖက်လက်က ဇွန်းကိုပြန်ပြီးတော့ ချထားလိုက်ပါတယ်၊



ညာဖက်လက်ထဲမှာ ညှပ်ပြီးတော့ ဖွက်ထားတဲ့ လက်စွပ်ရှိနေလို့လက်စွပ် ပြုတ်မကျသွားဖို့နဲ့ လက်ကိုယောင်ပြီးတော့ ပက်လက်မလှန်လိုက်ဖို့ကို သတိထားရပါတယ်၊






ကြက်ဥရဲ့ အပေါ်ဖက်အပေါက် ဖေါက်ထားတဲ့ အပေါ်ကို လက်စွပ်ပါတဲ့ ညာဖက်လက်နဲ့ အုပ်လိုက်ပြီးတော့ လက်စွပ်ကို ထည့်လိုက်တာ ဖြစ်ပါတယ်၊

အဲဒီနေရာမှာ အရေးကြီးတာက ကိုယ်က အပေါက်ကိုလက်ဝါးနဲ့ အုပ်လိုက်တာမျိုး မဖြစ်စေပဲ၊“ ဒီလိုလေး အုပ်ထားလိုက်၊ ဒီလိုလေးအုပ်ထားလိုက်” ဆိုပြီးတော့ သူ့ကိုကြက်ဥကို ကိုင်ထား ပြီးတော့ အပေါ်ကနေ လက်ဝါးနဲ့ ဒီလိုအုပ်ထားပါဆိုပြီး လုပ်ပြတဲ့ဟန်နဲ့ လုပ်လိုက်တာပါ၊ အဲဒီတော့ လက်စွပ်ကို သူတို့ရှေ့မှာတင် ထည့်လိုက်တာ မသိလိုက်ပါဘူး၊


သူတို့ကလည်း ဘုမသိဘမသိနဲ့ ကိုယ်လုပ်ခိုင်းတဲ့အတိုင်း ကိုယ်ကိုင်ခိုင်းထားတဲ့အတိုင်း ကိုင်ထားလိုက်မှာပါပဲ၊

ကြက်ဥကို ကိုင်ထားပြီး အပေါ်က လက်ဝါးနဲ့ ဒီလိုအုပ်ထားပါလို့ လုပ်ပြတဲ့အချိန်မှာ လက်စွပ်ကို ထည့်လိုက်တာပါ၊









ကြက်ဥထဲမှာ လက်စွပ်ကရောက်နေပါပြီ၊ ပြကွက်သဘောမှာ နည်းပရိရာယ်ကောင်းကောင်းမပါပေမယ့် ဆင်ခြေဆင်လက်ကောင်းတဲ့အတွက် မသိနိုင်ပါဘူး၊ ဘိုးတော်အတုတွေအတွက်ကတော့ တော်တော်ကောင်းတဲ့ နည်းတစ်နည်းပါပဲ၊ တစ်လွဲယုံကြည်မှုတွေနဲ့ လိုချင်တက်မက်မှုလောဘတွေနဲ့ ဖုံးနေတဲ့ သူတွေကတော့ ငါးစာကိုပဲမြင်ပြီး ငါးမျှားချိတ်ကို မမြင်နိုင်ပါဘူး၊

အဲဒီတော့ ကြက်ဥထဲက လက်စွပ်ထွက်လာတာပဲဖြစ်ဖြစ်၊ ရှင်သီဝလိပုံတော်ထွက်လာတာဖြစ်ဖြစ် သိုက်ကနေယူပေးတာ၊ အဲဒါကိုဆောင်ထား၊ စီးပွါးတက်မယ် အောင်မြင်မယ်၊ ဘာဖြစ်မယ်ညာဖြစ်မယ်ပေါ့၊

ကြက်ဥရယ်မှမဟုတ်ပါဘူး၊ တစ်ချို့က သဘော်သီးထဲကနေ စိတ်ပုတီးတွေထုတ်ပြတယ်၊ ဘုရားပုံတော်တွေထုတ်ပြတယ်၊ အမျိုးမျိုးပါပဲ၊ သူတို့ဘာပဲလုပ်ပြလုပ်ပြ ကိုယ့်ဖက်ကနားလည်ထားရမှာက စစ်မှန်တဲ့ ဘာသာတရားမှာ အဲဒါတွေမရှိပါဘူး၊ အဲဒါတွေဆောင်ထားလို့လည်း ဘာမှဖြစ်မှာမဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကိုသာအားကိုးပြီး အချောင်လိုချင်တဲ့စိတ်ကို ဖျောက်ရမှာပါ၊



# “ဆန်မန်းများမှ မီးတောက်သောနည်း”

ဘိုးတော်အတုတွေ သုံးခဲတဲ့ နည်းတွေထဲက လူတွေ သူတို့အပေါ် ပိုပြီးတော့ ယုံကြည်မှုတွေရှိလာအောင် သူတို့ရဲ့ သမားဂုဏ်ပြနည်းတစ်နည်း ဖြစ်ပါတယ်၊ တစ်ချို့သူတွေက ကိုယ့်ဘဝ ကိုယ့်မိသားစု ကိုယ့်ပါတ်ဝန်းကျင်မှာ အစဉ်မပြေမှုတွေများလာတဲ့အခါမှာ သူတို့ကို တယောက်ယောက်က အောက်လမ်းနည်းနဲ့ တိုက်ခိုက်နေတယ်လို့ ထင်တတ်ကြပါတယ်၊ အဲဒီအခါမှာ ဘိုးတော်အတုတွေအတွက် အကွက်ကောင်းပါပဲ၊

“မင်းတို့မိသားစုကို တိုက်ထားတာရှိတယ်၊ အဲဒါကို ငါ လက်တွေ့ပြမယ်၊ မင်းတို့ ဆန်အိုးထဲကဆန်နဲနဲ သွားယူခဲ့၊ သောက်ရေတစ်ခွက်ပါခပ်ခဲ့”

ဘိုးတော်က သွားပြီးယူလာတဲ့ ဆန်တွေကို ပန်းကန်ပြားထဲကို ထည့်တယ်၊ ပြီးတော့ အဲဒီဆန်တွေရဲ့ အပေါ်ကို ရေနဲ့လောင်းတယ်၊ ဆန်တွေထဲက မီးတွေထတောက်လာတယ်၊


“အခုဒီမှာတွေ့လား မင်းတို့ကို သူများက တိုက်ထားတာသေချာတယ်၊ အဲဒါကြောင့် မင်းတို့မိသားစုတွေ အဆင်မပြေဖြစ်နေတာ”

အိမ်မှာကလည်း အစဉ်မပြေမှုတွေက တကယ်ဖြစ်နေတယ်၊ အခု ဘိုးတော်ကလည်း လက်တွေ့ပြလိုက်ပြီ၊ ဆန်နဲ့ရေဆိုတာ ထမင်းအိုးတည်ရင် ဆန်ဆေးရင်အမြဲထိတွေ့နေကြ၊ အခု မီးတွေတောက်လာတယ်၊ သေချာတာပေါ့ ငါတို့မိသားစုကို မနာလိုတဲ့ သူတစ်ယောက်ယောက်က အောက်လမ်းနဲ့ တိုက်ထားတာ၊ တော်သေးတာပေါ့ အဘရောက်လာလို့၊ အဘကတော့ပြောတယ် ဘာမှမပူနဲ့တော့တဲ့၊ အတိုက်အခိုက်တွေကိုလည်းဖယ်ရှားပေးမယ်တဲ့၊ စီးပွားတက်အောင်လည်းလုပ်ပေးမယ်တဲ့၊ အဘ ‘မ’မယ်တဲ့၊





ဆန်မန်းများမှ မီးတောက်တဲ့ပြကွက်မှာ အဓိကအသုံးပြုထားတာက ရေနဲ့ မတွဲတဲ့ ဓါတုဗေဒပစ္စည်း ဆိုဒီယမ်ကို အသုံးပြုထားတာဖြစ်ပါတယ်၊









ဆိုဒီယမ်ကို ဓာတုဗေဒပစ္စည်းတွေ ရောင်းတဲ့ဆိုင်တွေမှာ ဝယ်ယူရရှိနိုင်ပါတယ်၊ ဆိုဒီယမ်ကို ပုလင်းအညိုရောင်ထဲမှာ လစ်ကွစ်ပါရာဖင်းထဲမှာ စိမ်ထားရပါတယ်၊


အသုံးပြုတော့မယ်ဆိုရင်တော့ သူ့ကို မကိုင်တွယ်ခင်မှာ ကိုင်တွယ်မယ့် လက်ဒါမှမဟုတ် ဇာဂနာ၊ သူ့ကိုလှီးဖြတ်မယ့် ခါက်ဒါးတို့မှာ ရေမရှိရအောင် အဝတ်ချောက်ချောက်နဲ့ သုတ်ထားရပါတယ်၊

သူ့ကို အရွယ်တော်လေးတွေ လှီးဖြတ်ပြီး (ဆန်ကွဲစေ့ခန့်) ပန်းကန်ပြားထဲမှာ ထည့်ထားလိုက်ပါတယ်၊

နောက်တော့ သူ့ရဲ့အပေါ်ကနေပြီး ဆန်တွေနဲ့ ဖုံးလိုက်ပါတယ်၊



သူ့ရဲ့အပေါ်က ဆန်တွေနဲ့ ဖုံးတဲ့အခါမှာ လုံဖို့လိုပါတယ်၊ မလုံလို့ရှိရင် ရေလောင်းလိုက်တဲ့အခါမှာ ပေါက်ကွဲတတ်လို့ မီးစတွေ ဆားကိုစင်နိုင်ပါတယ်၊




ပန်းကန်ပြားကိုလည်း အစကတည်းက ရေခြောက်အောင် သုတ်ထားရပါတယ်၊

အဲဒီလိုပြင်ဆင်ပြီးသွားပြီ ဆိုရင်တော့ မိနစ် ၂၀ လောက် ဒီအတိုင်းထားလို့ရပါတယ်၊

အရေးကြီးတာကတော့ ရေလောင်းချပြီးရင် ငုံ့မကြည့်ဖို့နဲ့ အားလုံးနဲ့နဲခွာနေဖို့ပဲဖြစ်ပါတယ်၊








ရေလောင်းချတဲ့အခါမှာ ရေကိုနဲနဲချင်းလောင်းချပါ၊ ရေက ဆန်တွေရဲ့အောက်ဖက် ပန်းကန်ပြားရဲ့ အောက်ခြေကို ဆင်းသွားပါလိမ့်မယ်၊

အဲဒီမှာ ပန်းကန်ပြားရဲ့အောက်ခြေမှာ ရှိနေတဲ့ ဆိုဒီယမ်နဲ့ လောင်းချလိုက်တဲ့ ရေတို့ ဓါတ်ပြုပြီးတော့ မီးထလောင်ပါလိမ့်မယ်၊



ပေါက်ကွဲမှု အသေးစားလည်း ဖြစ်ပါလိမ့်မယ်၊ ဆန်တွေက အပေါ်ကဖိထားတဲ့အတွက် အန္တရာယ်မဖြစ်နိုင်ပါဘူး၊

ပေါက်ကွဲမှုတွေ မပြင်းထန်ဖို့ကတော့ ဆိုဒီယမ် အတုံးတွေတုံးတဲ့ နေရာမှာ ဆန်ကွဲစေ့ထက်ပိုပြီးတော့ မကြီးဖို့လိုပါတယ်၊

**မှတ်ချက်၊**

ဒီပြကွက်နဲ့ ပါတ်သက်လို့ ဗဟုသုတရစေဖို့ ရည်ရွယ်ချက်နဲ့အသေးစိတ်တင်ပြပေးထားတာဖြစ်ပါတယ်၊ ငယ်ရွယ်တဲ့ လူငယ်များမစမ်းသပ်သင့်ပါဘူး၊ လူကြီးတွေအနေနဲ့လည်း စမ်းသပ်ကြည့်မယ်ဆိုရင် ကလေးများနဲ့ ကင်းဝေးတဲ့နေရာ၊ လောင်စာဆီများမရှိတဲ့နေရာတွေမှာ ဂရုတစိုက် စမ်းသပ်ရမှာဖြစ်ပါတယ်၊



# "ကဝေမီးတောက်များ"

"ဗမာတွေ ဘုန်းကြီးလို့ အုန်းသီးကမီးတောက်တယ်"တဲ့ ကြားဖူးတာကိုပြောတာပါ၊ ဘုန်းကြီးလို့ မီးတောက်တာကိုတော့ မမြင်ဖူးပါဘူး၊ ဘိုးတော်အတု ကလိမ်ကကျစ်တွေ သုံးခဲ့တဲ့ မျက်လှည့်နည်းတွေထဲက မီးတောက်တဲ့နည်းတွေကတော့ အများကြီးပါပဲ၊ များသောအားဖြင့်ကတော့ ဓာတုဗေဒပစ္စည်းတွေ သုံးကြတာများပါတယ်၊

"ဖော့စဖော့ရပ်" ဆိုတာက ရေထဲမှာထည့်ထားရတဲ့ အမြဲတမ်းရေစိမ်ထားရတဲ့ ဓာတုဗေဒပစ္စည်းပါ၊ သူက ရေထဲကနေအပြင်ကိုထုတ်ပြီးတော့ အပြင်လေထုနဲ့ တွေ့ပြီဆိုရင်တော့ သူ့ဟာသူ မီးထလောင်ဖို့က ကိုးဆယ်ရာခိုင်နှုန်းပါပဲ၊ မြန်မြန်လေး လောင်စေချင်တယ်ဆိုရင်တော့ နဲနဲလေးအပူပေးလိုက်၊ ဒါမှမဟုတ်နဲနဲလေး ပွတ်တိုက်ပေးလိုက်၊ အဲဒါဆိုရင်တော့ ကြာသလားလို့ပဲ၊

နောက်တစ်ခုကတော့ ညဖက်အမှောင်ထဲကနေပြီးတော့ မီးတွေ အကွင်းလိုက် အကွင်းလိုက်တက်လာတာပါ၊ အဲဒါကတော့ အင်တွဲမှုန့်တွေကို ဖယောင်းတိုင်ထွန်းထားတဲ့ ခွက်ထဲထည့်ပြီး အပေါ်ကိုပက်တာပါ၊ မီးကအကွင်းလိုက် တက်ပါတယ်၊ စုန်းတွေ၊ ကဝေတွေကွန့်မြူးတယ်လို့ မှော်အုပ်ကြပါတယ်၊





အဲဒီ "ဖေါ့စဖေါ့ရပ်" နဲ့ ဘိုးတော်အတုတွေက ဖယောင်းတိုင်က အလိုအလျောက် မီးတောက်လာတာတို့၊ အုန်းသီးက မီး တောက်တာတို့၊အင်းတွေကမီးထလောင်တာတို့၊ နောက်ပြီးတော့ ကွမ်းမန်းတွေကနေပြီးတော့ မီးခိုးတွေထွက်လာတာတို့ အမျိုးစုံနေအောင် သမားဂုဏ်ပြခဲ့ကြပါတယ်၊

ဖေါ့စဖေါ့ရပ် ကိုအသုံးပြုတဲ့သူတွေက သူ့ကိုအပြင်မှာထားရင် မီးထလောင်နိုင်တယ်၊ အရေးအကြောင်းကျမှ ပုလင်းထဲဗူးထဲကနေ ထုတ်မယ် ဆိုရင်လည်း နှောင့်နှေးကြန့်ကြာမှာ ဖြစ်လို့ များသောအားဖြင့် ပါးစပ်ထဲမှာ ဖွက်ထားကြတာများပါတယ်၊ အလွယ်တကူလည်း ထုတ်ယူလို့ရသလို ပါးစပ်ထဲမှာက အစိုဓါတ်ရှိတဲ့အတွက် မီးမလောင်နိုင်ပါဘူး၊ ဆန်စေ့လောက် အတုံးလေးတွေ လှီးပြီးတော့ ပါးစပ်ထဲမှာ သုံးလေးခဲ ထည့်ထားတတ်ကြပါတယ်၊

ဖယောင်းတိုင်က အလိုအလျောက် မီးတောက်ဖို့ကတော့ မီးတို့ပြီးမီးပြန်သတ်ထားတဲ့ ဖယောင်းတိုင်တစ်ချောင်းကို အသုံးပြုပါတယ်၊ ဖယောင်းတိုင် အသစ်တစ်ချောင်းကို မသုံးပါဘူး၊ ဘာလို့လဲဆိုတော့ ဖယောင်းတိုင်အသစ်ဆိုတာ မီးစာမှာ ဖယောင်းရည်စီးဝင်မှု မရှိသေးလို့ပါပဲ၊ ဘိုးတော်အတုတွေဟာ ဖယောင်းတိုင်ကို ကိုင်တွယ်ပြီးတော့ မန်းသလိုလို မှုတ်သလိုလိုနဲ့ ပါးစပ်ထဲက ဖေါ့စဖေါ့ရပ် အခဲလေးကို ထုတ်ယူပြီးတော့ မီးစာ ထိပ်မှာ ကပ်ထား လိုက်ပါတယ်၊ မီးတောက်ဖို့ကတော့ အချိန်နဲနဲစောင့်ရပါတယ်၊ မြန်မြန် မီးလောင်ချင်တယ် ဆိုရင်တော့ ဖယောင်းတိုင်နှစ်တိုင် သုံးပါတယ်၊ တစ်တိုင်မှာ ဖေါ့စဖေါ့ရပ်အခဲကို ကပ်ထားပါတယ်၊ ပြီးတော့ နောက်တစ်တိုင်ကို မီးတို့ထားပါတယ်၊ မီးတို့ထားတဲ့ ဖယောင်းတိုင်ကို ပြကာနီးမှ မီးမှုတ်လိုက်ပါတယ်၊ အဲဒီတော့ အဲဒီဖယောင်းတိုင်ရဲ့ မီးစာမှာ အပူငွေ့ရှိနေပါတယ်၊ အဲဒီအပူငွေ့ ရှိနေတဲ့ မီးစာနဲ့ ဖေါ့စဖေါ့ရပ် ကပ်ထားတဲ့မီးစာ နှစ်ခုကို တိုက်လိုက်တယ်၊ အဲဒီတော့ တဖက်မီးစာက အပူရှိန်နဲ့ တဖက်မီးစာက ဖေါ့စဖေါ့ရပ်ထိပြီးတော့ ဖယောင်းတိုင်နှစ်တိုင်လုံး မီးထတောက်ပါတယ်၊

ကွမ်းယာထဲမှ ဖေါ့စဖေါ့ရပ် နဲနဲလောက်ထည့်ပြီးတော့ စားရင် ကွမ်းစားရင်းနဲ့ မီးခိုးတွေထွက်ပါတယ်၊ အင်းကနေ မီးတောက်တာကတော့ အင်းရေးထားတဲ့ စက္ကူထဲကို ဖေါ့စဖေါ့ရပ် တစ်ခဲနှစ်ခဲလောက် ထည့်ပြီးတော့ အင်းစက္ကူကို လုံးချေသလိုလို ဘာလိုလိုနဲ့ နဲနဲလေး ပွတ်ချေပေးလိုက်လို့ မီးလောင်တာပါ။




သူတို့တွေ လိမ်ခဲ့တဲ့နည်းတွေထဲက အင်းကနေ မီးတောက်တဲ့နည်း နောက်တစ်နည်းကိုလည်း ဆက်လက်ဖော်ပြလိုပါတယ်၊ အဲဒီနည်းကတော့ ခပ်ဆောဆောကနည်းနဲ့ မတူပဲ စာရွက်ပေါ်မှာ အင်းကွက်ရေးပြီး အဲဒီအင်းကို ရေထဲထည့်မှ မီးထတောက်တဲ့နည်းပဲ ဖြစ်ပါတယ်၊ ဒီမှာတော့ ဓာတုဗေဒပစ္စည်းတွေထဲက ဆိုဒီယမ်ကို သုံးထားတာဖြစ်ပါတယ်၊ သူ့ရဲ့ လုပ်ဆောင်ချက်မှာက ပထမ စက္ကူခပ်ပါးပါးမှာ အင်းရေးတယ်၊ ပြီးတော့ အဲဒီအင်းကိုလုံးချေတယ်၊ နောက်တော့ဖန်ခွက်ထဲကရေထဲကို ပြစ်ချလိုက်တယ်၊ အဲဒီမှာအင်းရေးထားတဲ့ စက္ကူလုံးက ရေထဲမှာတင် မီးတွေထတောက်တယ်၊ အဲဒီပြကွက်အပေါ်မှာ မူတည်ပြီးတော့ သူ့အပေါ်မှာ တစ်ဖက်လူတွေ ယုံကြည်လာအောင် စကားတွေ တောပြောတောင်ပြော ပြောမယ်၊

ယုံကြည်လာပြီဆိုတော့မှ ကိုးကွယ်မှာလေ၊ ဒီမှာစကားလေးတစ်ခွန်းလောက် ညှပ်ပြီးတော့ ပြောချင်ပါတယ်၊ ယုံရင်ကြည်တယ်တဲ့၊ ကိုးရင်ကွယ်တယ်တဲ့၊


ယုံပြီဆိုမှတော့ အမြင်မကြည်မလင် မရှိတော့ဘူး၊ သူ့ရဲ့လုပ်ရပ် အားလုံးအပေါ်မှာ အမြင်ကြည်တယ်၊ သံသယဆိုတာသူ့အပေါ်မှာမရှိတော့ဘူး၊ ဖျောက်ဖျက်ရအခက်ဆုံးဟာ ယုံကြည်မှုပဲ၊ ယုံကြည်ပြီဆိုရင် အမှန်အမှား ခွဲခြားမသိတော့ဘူး၊ မှားတယ်မှန်တယ် မဆန်းစစ်တော့ဘူး၊ ဘေးကဘယ်သူပြောပြော မှန်သည်ဖြစ်စေ မှားသည်ဖြစ်စေ နားမဝင်တော့ဘူး၊ ကိုးကွယ်တယ်ဆိုတာက တဖက်ကို အားကိုးလိုက်တာနဲ့ ကိုယ့်ရဲ့ကိုယ်ပိုင် အရည်အချင်းတွေ ကွယ်ပျောက်သွားတတ်တယ်၊ အဲဒီတော့ စကားညှပ်ပြီးတော့ ပြောချင်တာက ယုံကြည်သင့်မှ ယုံကြည်ပါ။ အရမ်းမယုံကြည်ပါနဲ့၊ ကိုးကွယ်သင့်မှ ကိုးကွယ်ပါ၊ အရမ်း မကိုးကွယ်ပါနဲ့၊ ဘာပဲဖြစ်ဖြစ် သေသေချာချာစဉ်းစားပါ၊ သေသေချာချာ လေ့လာပါ၊ ကိုယ်ကဉာဏ်မမှီရင် ဆရာကောင်းသမားကောင်းတွေနဲ့ တိုင်ပင်ပါ၊ ဆွေးနွေးပါ၊ မှန်ကန်တဲ့ အတွေးအခေါ်တွေ၊ မှန်ကန်တဲ့ လုပ်ရပ်တွေဖြစ်နေပါစေ၊








ဆိုဒီယမ်ကို ဆန်ကွဲစေ့လောက် လှီးယူပြီးတော့ တစ်ရှူးစက္ကူထဲမှာ ထုတ်ထားပါတယ်၊ အဲဒါကိုပုံထဲကအတိုင်း ညာဖက်လက်ဖဝါးမှာ ကြိုတင်ပြီးတော့ ညှပ်ထားပါတယ်။







ပုံထဲမှာပြထားတဲ့အတိုင်း တစ်ရှူးစအနည်းငယ်ကို ဖြဲလိုက်ပါတယ်၊ညာဖက်လက်ထဲမှာ ကြိုတင်ဝှက်ထားတဲ့ စက္ကူလုံးကိုလည်း လူမသိအောင် ထိန်းကျောင်း ကိုင်တွယ် ထားပါတယ်၊ ဖြဲလိုက်တဲ့ စက္ကူမှာအင်းကွက်အနည်းငယ် ဟန်ပြရေးပြီးတော့ ပုံထဲက အတိုင်းလုံးလိုက်ပါတယ်၊

အဲဒီအချိန်မှာ လက်ထဲမှာ အားလုံး မြင်ရတဲ့ သူတို့ရှေ့မှာတင် အင်းကွက် ဆွဲထားတဲ့ စက္ကူလုံးနဲ့ ကြိုတင်ဝှက်ထားတဲ့ စက္ကူလုံးတို့ ပုံထဲကအတိုင်းရှိနေပါတယ်။



# “ရူက္ခစိုးမှော် နဲ့ နဂါးသိုက်”

အင်းမှော်၊ ဆေးမှော်၊ ဖဲမှော်၊ ပဲကြီးလှော် အာ အာ မှားသွားလို့၊ အဟုတ်တမျိုးကျော်တဲ့ ရုက္ခစိုးမှော်တဲ့၊

ရွှေလိုချင်ရင် ရွှေဖြစ်ရမယ်၊ ငွေလိုချင်ရင် ငွေဖြစ်ရမယ် ဆိုတာကြားဖူးပါတယ်၊ တကယ်ကောဖြစ်မှာလား၊ ဘယ်လိုဖြစ်မှာလဲ၊ ဘယ်ကရမှာလဲ၊ ဘယ်သူလုပ်ပေးမှာလဲ၊ ရုက္ခစိုးမှော်လေ ရုက္ခစိုးမှော်အောင်လို့ကတော့ ပွဲပြီးပြီ၊ ဘာလိုချင်လဲ၊ ဘာဖြစ်ချင်လဲ၊ ရုက္ခစိုးကိုခိုင်းလိုက်ရုံပဲ၊ သူ့ကိုယူခိုင်းလိုက်ရုံပဲ၊

တတ်လည်းတတ်နိုင်တဲ့လူတွေ ရုက္ခစိုးလဲ မနေရဘူး၊ သူကိုယူခိုင်းလိုက်မယ်တဲ့၊ သူ့ကိုလုပ်ခိုင်းလိုက်မယ်တဲ့၊ ငါသာရုက္ခစိုးဆိုရင်တော့ ပြောလိုက်မှာ မင်းတို့ခိုင်းတာကို လွှီးမို့လို့ လုပ်ပေးရမှာလားလို့၊

သူကရုက္ခစိုးမှော်အောင်ထားတာတဲ့၊ ဘယ်တုန်းက သင်တန်းသွားတက်ပြီးတော့ ဘယ်တုန်းကအောင် လက်မှတ်ရသွားတာလဲ၊ ဒါမှမဟုတ် အခုတစ်ချို့ ဒေါက်တာဘွဲ့တွေလို ပိုက်ဆံနဲ့ပေးဝယ်ရတာလား၊

ရုက္ခစိုးမှော်အောင်ရင် ဘာလိုချင်လဲ၊ ဘာဖြစ်ချင်လဲ အကုန်ဖြစ်ပြီဆိုတော့ အဲဒါတွေကို ရုက္ခစိုးကပေးမှာလား၊ သူကဘယ်လောက်ချမ်းသာလို့လဲ၊ ဒါမှမဟုတ် သူ့ကိုသာမန်လူတွေမမြင်နိုင်တော့ သူများဟာတွေကိုသွားပြီးတော့ယူပေးမှာလား၊ ခိုးပေးမှာလား၊ ရုက္ခစိုးက သူများဟာကိုသွားခိုးပါ့မလား၊





မှော်ဆိုတာကို ရှင်းပြဖို့ အရမ်းခက်ပါတယ်။ အကြမ်းဖျင်းအားဖြင့် ဘာသာပြန်ရရင် နက်ရှိုင်းတယ်၊ နက်နဲတယ်၊ နားလည်ရခက်တယ်၊ လျှို့ဝှက်ချက်တွေနဲ့ပြည့်နက်နေတယ်၊ သာမန်လူ ပုဂ္ဂိုလ်တွေမသိနိုင်တာတွေ များတယ်၊ သာမန်လောကတစ်ခုမဟုတ်ပဲ သီးခြားဆန်းပြားနေတယ်၊သာမန်ရုပ်ဝတ္ထုပစ္စည်းမျိုးမဟုတ်ပဲ သက်မဲ့မဟုတ်ပဲ စိတ်ပိုင်းဆိုင်ရာ ဆက်သွယ်ချက်တွေ မြောက်များစွာပါဝင်နေတယ်၊ နောက်ဆုံးပြောရရင်တော့ နားလည်ရခက်တယ်၊

အဲဒါ အကွက်ပဲ၊ နားလည်ရခက်တယ်ဆိုတာ အကွက်ပဲ၊ နားလည်ရခက်တော့ နားမလည်ကြဘူး၊ အဲဒီနားမလည်တာက ငွင်ပဲ၊ သူတို့ သူတို့တွေ လုပ်စားဖို့ လိမ်ဖို့ကောက်ဖို့ အကြောင်းဖြစ်လာတယ်၊

တစ်ချို့ကဘာမှန်းမသိဘူး၊ ဘာမှန်း သိအောင်လည်း မကြိုးစားကြဘူး၊ ဆရာတော်တစ်ပါး တရားပွဲတစ်ပွဲမှာ ဟောသွားသလိုပဲ၊ **ဘာမှန်းမသိညာမှန်းမသိတဲ့၊ ဘာမှန်းမှမသိတော့မှညာမှန်းလဲ ဘယ်သိတော့မလဲ၊ အညာခံရဖို့ပဲ ရှိတော့တယ်၊** တစ်ချို့က မှော်တတ်တယ်တဲ့၊ သူများကို ပြုစားလို့ရတယ်တဲ့၊ ဒီဖက်ခေတ်မှာ အဲဒါတွေရှိလို့လား၊ မြင်ဖူးလို့လား၊ တကယ်ဟုတ်လို့လား သေသေချာချာ စစ်စစ်ပေါက်ပေါက် မေးလိုက်တော့ မြင်တော့မမြင်ဖူးဘူးတဲ့၊ ဒါပေမဲ့ရှိတယ်တဲ့၊ တစ်ချို့ကလည်းမြင်ဖူးတယ်တဲ့၊ အတင်းကိုဇွတ်ရှိနေ တော့တာပဲ၊ အမှန်ကတော့ ရှိပါတယ်၊ သူရဲလည်းရှိတယ်၊ တစ္ဆေလည်းရှိတယ်၊ (၃၇)မင်း နတ်တွေလည်းရှိပါတယ်၊ အဲဒါတွေကဘယ်မှာရှိတာလဲ၊ ဘယ်မှာရှိသလဲဆိုတော့ သူတို့ရှိတယ်ဆိုတာကို ယုံကြည်တဲ့ သူတွေရဲ့ စိတ်ထဲမှာပါ၊

**နောက်တစ်ခု မိန်းမတွေ လောကမှာ ခေတ်စားတာက နဂါးသိုက်ကလာတာတဲ့** ဘယ်သူကမှ ကြွက်သိုက်က လာတယ်မပြောဘူး၊ အားလုံးက နဂါးသိုက်ကချည်းပဲ၊ အကောင်းတော့ကြိုက်တတ်ကြသားပဲ၊ ထားလိုက်၊ အဲဒါလည်း ဟုတ်မှာပဲ၊

အဲဒီမှာ တစ်ခု သတိထားရမှာက ကိုယ့်မိသားစု အသိုင်းအဝိုင်းမှာ အနိုင်လိုချင်စိတ် တစ်ခုတည်းနဲ့ ကိုယ့်စိတ်ကို ကိုယ် လှည့်စားပါများရင် ကြာလာရင်တော့ စိတ်ရောဂါအသေးစားကနေပြီးတော့ အကြီးစားကြီးဖြစ်သွားမှာ သေချာပါတယ်၊ ဘယ်သူမပြု မိမိမှုတဲ့၊ ကြိုးစားမှုမပါပဲနဲ့ သာမန်လူတွေထက်ပိုထူးချင်တယ်ဆိုရင်တော့ ရူးတော့မှာသေချာပါတယ်၊

# “ကိုယ်တွေ့သူရဲ”

ဒီဖက်ခေတ်ကြီးထဲမှာ သူရဲဆိုတာတကယ်ရှိတယ်၊ ကျွန်တော်ကိုယ်တိုင် အခြောက်ခံခဲ့ရပါတယ်လို့ ပြောရင်လည်း ယုံကြမှာ မဟုတ်ပါဘူး၊ ကျွန်တော့်ကိုမယုံပါနဲ့၊ ဒါပေမဲ့ အခု ကျွန်တော်ပြောပြမယ့် ကျွန်တော့်ဆရာကိုယ်တိုင် ကိုယ်တွေ့ ကြုံလာခဲ့ရတဲ့ တကယ့်အဖြစ်အပျက်လေးတစ်ခုကိုတော့ ကွယ်လွန်သွားပြီ ဖြစ်တဲ့ ကျွန်တော့် ဆရာရဲ့ကိုယ်စား အားလုံးကို ဗဟုသုတရစေဖို့ ကျွန်တော်ပြန်လည်ပြောပြလိုပါတယ်၊

ကျွန်တော့်ဆရာ အသက် ၃၀ လောက် ပါတ်ဝန်းကျင်က ဆိုတော့ တော်တော်ကြာခဲ့ပါပြီ၊ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကျော်လောက်ကပါ၊ အဲဒီတုန်းက တာမွေသင်္ချိုင်းဆိုတာ ရှိပါတယ်၊ အခုတာမွေ အခွန်လွတ်ဈေးပါ၊ တစ်နေ့ ကျွန်တော့်ဆရာက ညဖက် ၁၂ နာရီဝန်းကျင်လောက် မဖြစ်မနေ အဲဒီနားက တစ်ယောက်ထဲဖြတ်သွားခဲ့ရပါတယ်၊ တာမွေသင်္ချိုင်းထဲကတော့ မဟုတ်ပါဘူး၊ တာမွေသင်္ချိုင်းရဲ့ အပြင်ဖက်ကပါ၊ ဒါပေမယ့် သင်္ချိုင်းအုတ်ရိုးဘေးက သွားရတာပါ၊ ကြောက်စိတ်လေးတော့ နဲနဲဝင်နေပါတယ်၊ ကြောက်ကြောက်နဲ့ မဖြစ်မနေသွားရတာပါ၊ သင်္ချိုင်းအုပ်ရိုး မြန်မြန် ကျော်ပါစေလို့ပဲ ဆုတောင်းနေမိပါတယ်၊ ကြောက်ရတဲ့ကြားထဲ ဆွဲဆွဲငင်ငင် အူလိုက်တဲ့ခွေးအူသံကို သင်္ချိုင်းထဲက ကြားလိုက်ရပါတယ်၊ ကြောထဲနဲနဲ စိမ့်သွားပါတယ်၊ လက်ကအမွေးတွေနဲ့ ဆံပင်တွေနဲနဲ ထောင်သွားသလို ခံစားလိုက်ရပါတယ်၊ ကြက်သီးမွေးညှင်းတွေထလာပါတယ်၊ ကြောက်ကြောက်နဲ့ပဲ ခွေးအူသံကြားရတဲ့ သင်္ချိုင်းဖက်ဆီကို ယောင်ပြီးတော့ လှည့်ကြည့်လိုက်မိပါတယ်၊ **အမလေး မဲမဲကြီး မဲမဲကြီး သင်္ချိုင်းအုပ်ရိုးပေါ်မှာ မဲမဲကြီး ငုတ်တုတ်ကြီး ထိုင်နေတာကို တွေ့လိုက်ရပါတယ်**၊ ဘုရားစာရွတ်ဖို့လည်း သတိမရတော့ပါဘူး၊ ထွက်ပြေးရင် ကောင်းမလား စဉ်းစားလိုက်မိပါတယ်၊ ထွက်ပြေးရင် သူကပြေးလိုက်လာပြီးတော့ တစ်ခုခုလုပ်မှာလည်း စိုးရိမ်မိပါတယ်၊ ခြေလှမ်းကို ခပ်သွက်သွက်လေးရှောက်လိုက်ပါတယ်၊ လိုက်လာမလားဆိုတဲ့ အတွေးနဲ့ အနောက်ကိုလည်း သတိထားနေရပါတယ်၊ ကြောက်ကြောက်နဲ့ ခပ်သွက်သွက်လေး လျှောက်လာလိုက်တာ သုနဲ့တော်တော်လေးလှမ်းလာပါပြီ၊ လိုက်လာမှာစိုးလို့ အနောက်ကို လှည့်ကြည့် လိုက်မိပါတယ်၊ တော်ပါသေးတယ် သူလိုက်မလာပါဘူး၊ ခပ်လှမ်းလှမ်းမှာ သူက စောစောက အတိုင်းပါပဲ၊ သင်္ချိုင်းရဲ့အုပ်ရိုးပေါ်မှာ ငုတ်တုတ်ကြီး ပါပဲ၊ စိတ်ထဲကလည်း သူ့ကို ကျေးဇူးတင်မိနေပါတယ်၊ တော်ပါသေးတယ်၊ ငါ့ကိုဘာမှ အန္တရာယ်မပေးလို့၊ အဲဒါနဲ့ ဆက်ပြီးတော့ လျှောက်လာခဲ့မိ ပါတယ်၊ ကြောက်စိတ်တွေလည်း တဖြည်းဖြည်းလျှော့သွားပါပြီ၊ လျှောက်ရင်းနဲ့လည်း တစ်ခုစဉ်းစားမိလာပါတယ်၊ ဒါဟာ သူရဲကို ငါ ပထမဦးဆုံးအကြိမ်မြင်ဖူးတာပဲ၊ သေသေချာချာတောင် မကြည့်လိုက်ရဘူး၊ ငါ ပြန်သွားပြီးကြည့်ရင် ကောင်းမလား၊ ငါ ပြန်သွားကြည့်ရင် သူကငါ့ကို တစ်ခုခုလုပ်လိုက်ရင် ဘယ်လိုလုပ်မလဲ၊ စိတ်ထဲမှာချီတုံချတုံ၊ ဘာပဲဖြစ်ဖြစ်ငါပြန်သွားကြည့်မယ်၊ မင်းယောကျ်ားမဟုတ်ဘူးလား၊ စောစောက ကြောက်နေတာ ကြောက်စိတ်တွေ ဖြစ်နေတာ၊ သူလုပ်တာမဟုတ်ဘူး၊ ငါ့စိတ်ထဲကဖြစ်နေတာ၊

ဘာပဲဖြစ်ဖြစ် ငါနောက်ကြောင်းပြန်လှည့်မယ်၊ သူ့ကိုငါ အနီးကပ်လေ့လာမယ်၊ ငါကလူ၊ ငါကသူ့ကိုကြောက်စရာမလိုဘူး၊ ကိုယ့်စိတ်ကိုကိုယ် အားတင်းပြီးတော့ နောက်ကြောင်းကို ပြန်လှည့်လာခဲ့ပါတယ်၊ တွေ့ပါပြီ၊ သင်္ချိုင်းအုပ်ရိုးပေါ်မှာ မဲမဲကြီး၊ ငုတ်တုပ်ကြီး၊ စောစောကအတိုင်းပါပဲ၊ သူ့ကို သေသေချာချာကြည့်ဖို့ သူ့အနားကိုဖြေးဖြေး ချဉ်းကပ်ခဲ့ပါတယ်၊ သူကတော့ဒီအတိုင်းပါပဲ၊ နဲနဲထပ်ပြီးတော့ ကပ်လိုက်ပါတယ်၊ အဒီအခါမှာတော့ သူက လှုတ်လာတော့ လန့်သွားပါတယ်၊ ဒါပေမယ့် သူ့ပုံစံက ရန်မူတိုက်ခိုက်မယ့်ပုံစံ မဟုတ်ဘဲ သူကတစ်ဖက်ကိုတိုးရှောင်သွားတာ ဖြစ်ပါတယ်၊ သူ့အနားကို နဲနဲထပ်တိုးလိုက်ပါတယ်၊ သူကနဲနဲထပ်ရွှေ့သွားပြန်ပါတယ်၊ နဲနဲထပ်တိုးလိုက်ပါတယ်၊ ဒီတစ်ခါမှာတော့ သူ့ဆီက အသံထွက်လာပါတယ်၊ “ဟေ့လူ ခင်ဗျားဘယ်လိုဖြစ်နေတာလဲ ချီးပါတာ မမြင်ဖူးဘူးလား” အခုပြောပြတဲ့ သူရဲ့ ဟာသကတော့ ကျွန်တော်တို့ရဲ့ဆရာကြီး **မင်းသိခ်** ရဲ့ တစ်ချိန်က. . . . . .



# အကြားအမြင်နဲ့ အစွမ်းထက်ဆေးများ

ကျွန်တော်လမ်းဘေးမှာမျက်လှည့်ပြတုန်းက တပည့်အလိမ္မာလေးတစ်ယောက်ရှိခဲ့ဖူးပါတယ်၊ သူ့နာမည်က ပါတ်ကျော် လို့ခေါ်ပါတယ်၊ နာမည်နဲ့လူနဲ့လိုက်တယ်လို့ ပြောရမှာပါပဲ၊ ပညာလေးမတောက်တခေါက်နဲ့ လှည့်တဲ့ပါတ်တဲ့နေရာမှာ ကမ္ဘာကျော်ဘောလုံးသမား ရော်နယ်ဒိုက အရှုံးပေးရလောက်အောင် အလှည့်အပါတ်ကောင်းပြီးတော့ ကျော်တဲ့ခွတဲ့နေရာမှာလည်း ခေတ်လူငယ်တွေပြောနည်းပြောရရင် ကျော်ချင်ခွချင်ရင် ဆိုက္ကားသွားနင်းလို့ ပြောရလောက်အောင် အကျော်အခွ ဝါသနာပါတဲ့သူတစ်ယောက် ဖြစ်ပါတယ်၊ အမြီးကျက်အမြီးကစား ခေါင်းကျက်ခေါင်းစားဆိုတဲ့ ဥပမာလောက်နဲ့ မလုံလောက်ပါဘူး၊ ကျက်တာကို စောင့်နေရတာကြာတယ်၊ အစိမ်းပဲ စားလိုက်မယ်ဆိုတဲ့အဆင့်မှာရှိပါတယ်၊ အမှန်ကတော့ သူက မဖြစ်လို့ညစ်တာပါ၊ ကျွန်တော့်တပည့်တွေထဲမှာ တစ်ချို့ကထိုက်သလောက် အလုပ်ဖြစ်ကြတော့ မညစ်ကြပါဘူး၊ စကားပုံတစ်ခုရှိပါတယ်၊ မဖြစ်ညစ်ကျယ်တဲ့၊ မဖြစ်တဲ့သူတော်တော်များများကို ကြည့်ပါ၊ ညစ်တတ်ကြပါတယ်၊ မဖြစ်လို့ညစ် ညစ်လို့မဖြစ်နဲ့ ညစ်ပြီးရင်းညစ်တတ်ကြပါတယ်၊





အရင်တုန်းက သူ့ကို ကျွန်တော်မသိပါဘူး၊ တစ်နေ့ သူကကျွန်တော့်ဆီကို ချဉ်းကပ်လာပါတယ်၊ ကျွန်တော် ဘုရားပွဲတော်တစ်ခုကအပြန်လမ်းမှာ သူက သူ့ကိုယ်သူမိတ်ဆက်ပါတယ်၊ သူဟာလမ်းဘေးက ဒဝါ(ဆေးအတုလိမ်ရောင်းသူ) တစ်ယောက်ဖြစ်ကြောင်း၊ အဲဒီအလုပ်ဟာ မှန်ကန်တဲ့ အသက်မွေးဝမ်းကျောင်းမဟုတ်သည်ကို သူသိကြောင်း၊ သူသည်သာလျှင် ကျွန်တော်လိုအတတ်ပညာမျိုးတတ်ပါက ကျွန်တော့်လိုပဲ မှန်ကန်သောအတတ်ပညာဖြင့် မိသားစုစားဝတ်နေရေးကို ဖြေရှင်းလိုကြောင်း၊ အဲဒီအတွက် သူ့နဲ့သူ့မိသားစုကို ကူညီသောအားဖြင့် သူ့ကို ပညာသင်ပေးပါလို့ တောင်းဆိုလာခဲ့ပါတယ်၊ အဲဒါနဲ့ ကျွန်တော်လည်း သူကိုကူညီချင်တဲ့စိတ်ကနဲနဲ ဆရာကြီးလုပ်လိုစိတ်ကများများနဲ့ သူ့ကို တပည့်အဖြစ် သတ်မှတ်ပြီးတော့ မျက်လှည့်နည်းပညာရပ်များနဲ့ အခြားအခြားသော မျက်လှည့်ပညာရပ်နဲ့ ဆက်နွယ်သော ဗဟုသုတများကို သင်ကြားပေးခဲ့ပါတယ်၊ သင်တန်းကာလက သိပ်မကြာလိုက်ပါဘူး၊ သူက နဲနဲပါးပါး ထိုက်သလောက်တတ်တယ် ဆိုရင်ပဲ သူ့ရဲ့အရင်ဇာတိရုပ်က ပြလာပါတော့တယ်၊ ကျွန်တော်သင်ပေးလိုက်တဲ့ ပညာရပ်တွေကိုမှန်ကန်စွာအသုံးမချပဲ သူ့ကိုယ်သူ မှော်ဆရာယောင်ယောင် အကြားအမြင်ဆရာယောင်ယောင် အရောင်ပေါင်းများစွာနဲ့ လမ်းထိပ်၊ ဈေးထိပ် ရပ်ကွက်လမ်းဆုံလမ်းခွတွေမှာ အခင်းကောင်းကောင်းခင်း၊ တင်ပလ္လင်ခွေထိုင်ချပြီးတော့ မျက်လုံးမှာ အဝတ်ပိတ်လိုက်ပါတယ်၊ နောက်တော့ သူနဲ့ပါလာတဲ့ သူ့တပည့်က အနီးပါတ်ဝန်းကျင် အားလုံးမြင်တွေ့နေရတဲ့ အရာတွေကို မေးပါတော့တယ်၊ ပါတ်ကျော်ကလည်းမျက်လုံးအဝတ်ပိတ်ထားပေမယ့် အားလုံးကိုမြင်တွေ့နေရတဲ့အတိုင်း မေးတဲ့မေးခွန်းကို အတိအကျဖြေဆိုပါတော့တယ်၊ အားလုံးအမြင်မှာတော့ မျက်လုံးမှာ အဝတ်ကြီးပိတ်ပြီးတော့ ထိုင်နေတာ သူ့နောက်ကြောမှာ ဘာဖြစ်တယ်ဆိုတာကအစ ပြောနိုင်တယ်၊ သူများအိတ်ထဲက ပိုက်ဆံနံပါတ်တွေလည်း အတိအကျပြောနိုင်တယ်ဆိုတော့ အကြားအမြင် ရနေသလိုလို၊ တခြားတခြားသော အထက်လမ်း၊ အောက်လမ်း၊ အလယ်လမ်းက ပုဂ္ဂိုလ်တစ်ယောက်ယောက်က စောက်ရှောက်နေသလိုလို ဆက်သွယ်ချက်ရှိသလိုလိုပါပဲ၊ အမှန်ကတော့ မေးခွန်းမေးတဲ့ သူ့တပည့်က မေးခွန်းတိုင်း မေးခွန်းတိုင်းရဲ့ ထိပ်စမှာ အဖြေကို

ထည့်ပေးထားတာဖြစ်ပါတယ်၊ မေးခွန်းရဲ့ထိပ်စမှာ အဖြေပါပြီးသားပါ၊ ကျွန်တော်တို့ မျက်လှည့်ဆရာတွေရဲ့ လျှို့ဝှက်စကားကို ထည့်ပြီးသုံးထားတာပါ၊ ကျွန်တော်တို့ လျှို့ဝှက်စကားတွေရဲ့ အခြေခံက အေး၊ ကောင်း၊ ဆိုး၊ လုပ်၊ ဖြစ် ဟုတ်၊ တဲ့၊ ရှား၊ ကြား၊ ရုပ်၊ ဆိုတာ အရေအတွက်ကိန်းဂဏန်းအားဖြင့် တစ်ကနေ တစ်ဆယ်အထိဖြစ်ပါတယ်၊ နဲနဲနားလည်အောင်ထပ်ပြီးတော့ ရှင်းပြရမယ်ဆိုရင် **အေး**ဆိုတာ အရေအတွက်အားဖြင့် **တစ်**ကိုခေါ်တာပါ၊ နံပါတ် တစ်ရဲ့ လျှို့ဝှက် စကားက အေး ပါပဲ၊ **ကောင်း** ဆိုတာက **နှစ်** ကိုခေါ်တာပါ၊ နံပါတ် နှစ်ရဲ့ လျှို့ဝှက်စကားက ကောင်းပါပဲ၊ နောက်ဟာတွေလည်း အဲဒီအတိုင်းပါပဲ၊

အဲဒီတော့ မေးခွန်းမေးတဲ့သူက ကြည့်နေတဲ့ပရိသတ်တွေထဲက ပိုက်ဆံတစ်ရွက်ကို ခဏတောင်းပြီးတော့ အဲဒီအထဲကနံပါတ်ကို မေးတော့မယ်ဆိုရင် သူက အဲဒီပိုက်ဆံရဲ့နံပါတ်ကို အရင်ကြည့်ရတယ်၊ ဥပမာ သူကကြည့်လိုက်တာ ပိုက်ဆံရဲ့နံပါတ် ထိပ်စက နှစ်တစ်ခြောက် ဆိုပါစို့ တစ်လုံးချင်းမေးမယ်ဆိုရင် သူတို့က ဒီလိုမေးပါတယ်၊

မေး။ **ကောင်း**ပြီ ပိုက်ဆံရဲ့ထိပ်ဆုံးနံပါတ်

ဖြေ။ **နှစ်**

မေး။ **အေး** နောက်တစ်လုံးပြော

ဖြေ။ **တစ်**

မေး။ **ဟုတ်**ပြီ နောက်တစ်လုံးက

ဖြေ။ **ခြောက်** ပြန်ပြောပြမယ်၊ အဲဒီပိုက်ဆံရဲ့ထိပ်ဆုံးသုံးလုံးက နှစ်တစ်ခြောက်

အဲဒါကနံပါတ်တွေကိုမေးတာ၊ အရောင်တွေကိုမေးလည်းရတယ်၊ ရုပ်ဝတ္ထုပစ္စည်းတွေကို မေးလည်းရတယ်၊ သူ့သင်္ကေတနဲ့သူပေါ့၊ သူတို့မှာ အရေးကြီးတာက မေးတဲ့သူက မေးခွန်းရဲ့အဖြေကို မေးခွန်းထဲမှာ ထည့်ပေးလိုက်ဖို့ပဲ၊ ဒီလောက် ဆိုရင်တော့ ကျွန်တော့်စာဖတ်ပရိသတ် သဘောပေါက်လိမ့်မယ် ထင်ပါတယ်၊

အဲဒီလိုနဲ့ ပါတ်ကျော်တို့ အဖွဲ့ဟာ အကြားအမြင်လိုလို ဗေဒင်လိုလိုနဲ့





ဟောစာတမ်းတွေရောင်း၊ ညှံ့နေတယ် ယတြာချေရမယ်ပြော၊ ထီပေါက်ကိန်းရှိတယ်၊ နံပါတ်ရွေးပေးမယ်ပြော၊ ပိုက်ဆံတွေမတော်မတရားတောင်း၊ နည်းမျိုးစုံနဲ့ လိမ်ကောက်လုပ်ကိုင် စားသောက်လျှက်ရှိနေပါတယ်၊ အဲဒီလို မျက်လုံးပိတ်ပြီးတော့ ဘေးပတ်ဝန်းကျင်က အရာအားလုံးကို ပြောပြနိုင်တဲ့နည်းက သူတို့က စပြတာတော့မဟုတ်ပါဘူး၊ ဟိုးအရင့်အရင်ဆရာတွေ လက်ထက်ကတည်းကရှိတာပါ၊ ဒါပေမယ့် သူတို့က အဲဒီလိုလုပ်စားခဲ့ကြတာတော့ မဟုတ်ပါဘူး၊ အဲဒီနည်းလေးကိုပြပြီးတော့ အဲဒီနည်းက ဘယ်လိုလုပ်တယ်ဆိုတာကို စာအုပ်ငယ်လေးတွေ ထုတ်ပြီးတော့ ရောင်းချပြီး အသက်မွေးဝမ်းကြောင်းပြုခဲ့ကြတာပါ၊ မည်သူ့ကိုမှ ထိခိုက်နစ်နာအောင် မလုပ်ခဲ့ကြပါဘူး၊ အခုကတော့ ခြောက်လုံးလှန့်လုံးတွေနဲ့ အတင်းလိမ်း အတင်းဖြတ် အတင်းခုတ် လုပ်နေကြတာပါ၊ အဲဒါတွေကို ကျွန်တော်က ပြန်ကြားရတော့ သူနဲ့သွားတွေ့ပြီး သူ့ကို အဲဒီလိုပညာရပ်ကို ခုတုံးလုပ်ပြီးတော့ မစစ်မှန်တဲ့နည်းလမ်းနဲ့ စီးပွားမရှာဖို့ မလုပ်ဖို့သွားရောက်တားမြစ်ခဲ့ပါတယ်၊ ဒါပေမယ့် မရတော့ပါဘူး၊ ကျွန်တော့်ဆီမှာ ပညာစသင်စဉ်က သူပြောခဲ့တဲ့ ကျွန်တော် ခင်ဗျားလိုပဲ စစ်မှန်တဲ့နည်းနဲ့ လုပ်ကိုင်ရှာဖွေ စားသောက်ချင်ပါတယ်ဆိုတဲ့ စကားတွေ၊ ကျွန်တော်ဆီမှာ ပညာစသင်တုန်းက ဒီပညာနဲ့ မဟုတ်တာလုပ်မစားရဘူး၊ မျက်လှည့်ပြပြီး ဆေးမရောင်းရဘူး၊ အဆောင်မရောင်းရဘူး၊ ဖဲလိမ်မရိုက်ရဘူး ဆိုတဲ့ ကျွန်တော့်ရဲ့စည်းကမ်းတွေ အဲဒါတွေအားလုံးကို သူ ပစ်ချထားလိုက်ပါပြီ၊ ကျွန်တော့်ကိုလည်းသူက ပြန်ပြောလိုက်ပါသေးတယ်၊ ခင်ဗျားဘာမှ အပိုတွေလာပြီး ပြောမနေနဲ့၊ ကျွန်တော့်မိသားစုငတ်နေရင် ခင်ဗျားကလာကျွေးမှာလားတဲ့၊ သူဆိုလိုချင်တာက အူမ မတောင့်လို့ သီလမစောင့်ဘူးဆိုတဲ့ သဘော၊ အမှန်ကတော့ အူမ မတောင့်လို့ မဟုတ်ပါဘူး၊ သူကိုယ်တိုင်ကိုက သီလမစောင့်ချင်တာပါ၊ သူကိုယ်တိုင်ကိုက လူပေါ်လူဇော်လုပ်ချင်တာပါ၊ အညွန့်ခူးစားချင်တာပါ၊ ကျွန်တော် သဘောပေါက်သွားပါပြီ၊ ကျွန်တော်သူ့ကို ဘာတစ်ခွန်းမှ ပြောစရာမရှိတော့ပါဘူး၊ သူ့ကိုလွှတ်ချဖို့ပဲရှိပါတော့တယ်၊ သူ့မိသားစုကို ကျွန်တော်သိပါတယ်၊ သူက သူ့မိသားစုအတွက်ဆိုပြီး ခေါင်းစဉ်တပ်တာပါ၊ အဲဒီလို မဟုတ်တာလုပ်ပြီးတော့ ရတဲ့ပိုက်ဆံတွေက သူ့မိသားစု သုံးရတာက

နည်းပါတယ်၊ သူနဲ့ သူ့အပေါင်းအသင်းတွေ သောက်လိုက်စားလိုက် ပျော်လိုက်ပါးလိုက်နဲ့ ကုန်တာကများပါတယ်၊ ထားပါတော့လေ၊ ဘယ်တတ်နိုင်မလဲ၊ သူ့အကြောင်းနဲ့သူပေါ့၊ ဒါပေမယ့် သူအဲဒါကို သိပ်ကြာကြာ လုပ်မစားလိုက်ရပါဘူး၊ ဘာလို့လဲဆိုတော့ သူတို့ရဲ့လုပ်ရပ်တွေကို တဖြေးဖြေးသိလာတဲ့ ခံရဖူးတဲ့သူတစ်ချို့နဲ့ နယ်မြေခံတာဝန်ကျရဲတွေက သူတို့ကို မောင်းထုတ်ကြပါတယ်၊

မူလပြန်သွားပါပြီ၊ မူလပြန်တယ်ဆိုတာက ဖြစ်စဉ်အဟောင်းပြန်ဖြစ်တာ၊ သူနဂိုဘဝ နကိုအခြေအနေကို ပြန်ရောက်သွားတာကို ပြောတာပါ၊ ပါတ်ကျော်တစ်ယောက်လည်း အခု အကြားအမြင်လိုလို ဗေဒင်လိုလို လုပ်လို့မရလို့ မူလပြန်သွားပါပြီ၊ သူ့ရဲ့မူလဘဝ အရင်အလုပ်ဟောင်း ဒဝါ (ဆေးလိမ်ရောင်းသူ) ပြန်လုပ်နေပါပြီ၊ ဒဝါဆိုတာက လမ်းဘေးလောကအခေါ် ဗန်းစကားပါ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ဟိုရောဂါပျောက်တယ် ဒီရောဂါပျောက်တယ်ဆိုပြီးတော့ တွေ့ရာကြုံရာ နီးစပ်ရာပစ္စည်းတွေကို အပြော အဟော ကောင်းကောင်းနဲ့ ဂျပိုးကို လိပ်ဖြစ်အောင်ပြောဆိုပြီး လိမ်ညာပြောဆို ရောင်းချတဲ့သူတွေကို ခေါ်တာပါ၊

ကျွန်တော်ကိုယ်တိုင်ကို လမ်းဘေးမျက်လှည့်ဆရာဘဝနဲ့ ၄ နှစ်လောက်လုပ်ကိုင်စားသောက်ခဲ့တဲ့အတွက် သူတို့အကြောင်း ကျွန်တော် ကောင်းကောင်းသိပါတယ်၊ တစ်ချို့က အခြေအနေအရ တဒင်္ဂလုပ်စားတာပါ၊ တစ်ချို့ကတော့ ဒီအလုပ်က အစားရချောင်တယ်ဆိုပြီးတော့ တသက်လုံးလုပ်မယ်ဆိုတဲ့ သူတွေလည်းရှိပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် လမ်းဘေးမျက်လှည့်ဆရာဘဝမှာ သူတို့နဲ့ကျွန်တော်နဲ့ မိတ်ဆွေသူငယ်ချင်းတွေဖြစ်ခဲ့ပါတယ်၊ သူတို့အထဲက တစ်ချို့ ကျွန်တော်ပြောလို့ရတဲ့သူတွေကို ဒီအလုပ်တွေကို ဖြစ်နိုင်ရင် ဆက်မလုပ်ဖို့ စစ်မှန်တဲ့ လိုင်းတစ်ခုခုပြောင်းဖို့ အခြေအနေပေးတိုင်း ကျွန်တော်ပြောပြပါတယ်၊ ကျွန်တော်သူတို့ကို ပြောပြလို့ရတာကလည်း အကြောင်းရှိပါတယ်၊ ကျွန်တော်ကိုယ်တိုင်ကိုက လမ်းဘေးမှာ မျက်လှည့်ပြတာ မှန်ပေမယ့် မစစ်မှန်တဲ့ပစ္စည်း တစ်စုံတစ်ရာ တစ်ခုတစ်လေတောင်မှ မရောင်းချခဲ့လို့ပဲ ဖြစ်ပါတယ်၊ ကျွန်တော်လမ်းဘေးမှာ မျက်လှည့်ပြတုန်းက မျက်လှည့်ပြနည်းစာအုပ်ငယ်များကိုသာ ရောင်းစားခဲ့တာဖြစ်ပါတယ်၊






သူတို့ဟာ လူတော်တွေဖြစ်ပါတယ်၊ ခပ်ညံ့ညံ့တွေတော့မဟုတ်ကြပါဘူး၊ ဒါပေမယ့် လုပ်ရပ်တွေ မှားနေကြပါတယ်၊ လမ်းဘေးလောကမှာ ဒဝါ၊ ငမော၊ မက်ဂျစ်၊ အကြမ်း၊ ထိုင်ပွိုင့်၊ လက်တန်း အမျိုးမျိုးပါပဲ၊ ဗဟုသုတအတွက် နဲနဲရှင်းပြပါမယ်၊ ဒဝါဆိုတာက ဟိုရောဂါပျောက်တယ် ဒီရောဂါပျောက်တယ်ပြောပြီး တစ်ခုခုရောင်းတာပါပဲ၊ သူတို့ရဲ့ရည်ရွယ်ချက်က ဝယ်သွားတဲ့သူတွေ ရောဂါပျောက်ဖို့ အရေးမကြီးပါဘူး၊ တဒင်္ဂ သူတို့ပိုက်ဆံရဖို့ပဲ အရေးကြီးတာပါ၊

သူတို့ရောင်းချတဲ့ ပစ္စည်းတွေကတော့ တောကုန်တောင်ကုန်တွေထဲက ဆေးမြစ်တွေ သစ်ဥသစ်ဖုတွေ တိရိစ္ဆာန်တွေရဲ့ အဆီ အရိုး အစွယ်၊ သည်းခြေတိုင်းရင်းဆေးတွေထဲက လူသိနည်းတဲ့ တစ်ချို့ကုန်ကြမ်းတွေ၊ အဲဒါတွေထဲက တစ်ခုခုကို အစစ်ဖြစ်ဖြစ်အတုဖြစ်ဖြစ် ဖြစ်ပါတယ်။ ဥပမာ စပါးကြီးသည်းခြေဆိုရင် အတုတွေများပါတယ်၊ ကြက်အူနဲ့ လုပ်ထားတဲ့ စပါးကြီးသည်းခြေအတုတွေပါ၊ တစ်ချို့ဆိုရင် ရှားစေးတွေကိုအရည်ဖျော်ပြီး ပုလင်းထဲကိုထည့်ပြီး အနာလိမ်းဆေးအနေနဲ့ ရောင်းကြပါတယ်၊ တစ်ချို့က ပုလင်းထဲကို ရေတွေပဲထည့်ပြီးတော့ မျက်စဉ်းဆိုပြီးတော့ ရောင်းပါတယ်၊ တစ်ချို့က သာကူစေ့တွေကို ဆေးဆိုးပြီးတော့ ကြွက်ဆေးဆိုပြီးတော့ ရောင်းပါတယ်၊ တစ်ချို့က ကြုံတဲ့သစ်ပင်ကအမြစ်တွေကိုတူးပြီးတော့ ဒီဆေးမြစ်က သွေးပြီးလိမ်းရင်ခင်ဗျားဟာချက်ချင်း ကြီးလာမယ်ဆိုပြီး ရောင်းတာမျိုးလည်းရှိပါတယ်၊ နှာဗူးတွေ တော်တော်များလို့လားမသိဘူး တော်တော်ရောင်းကောင်းတာကို တွေ့ရပါတယ်၊ မယ်ဇယ်ပွင့်တွေကို မဋ္ဌူသကနတ်ပန်းဆိုပြီး အိမ်ထောင်သည် ယောကျာ်းတွေအတွက် အရမ်းကောင်းတဲ့အားဆေးဆိုပြီး ရောင်းတာလည်း ရှိပါတယ်၊ ဒဝါတွေရဲ့ လုပ်ချက်တွေကတော့ ပြောလို့ဆုံးမှာမဟုတ်ပါဘူး၊ သူတို့အတွက် ရောင်းတဲ့ပစ္စည်းက အရေးမကြီးပါဘူး၊ လမ်းဘေးက ကျောက်ခဲကိုတောင် ကောက်ပြီးတော့ ရောင်းတတ်ကြတဲ့ သူတွေပါ၊ လူတွေ ယုံကြည်လာအောင် သူတို့ကောင်းကောင်း ပြောတတ်ဆိုတတ်ကြပါတယ်၊ လူအများက သူတို့ကို ယုံကြည်လက်ခံလာအောင် ပြောတတ်ဆိုတတ်ကြလို့ လူတော်တွေလို့ ပြောလို့ရပါတယ်၊ ဒါပေမယ့် လူကောင်းတွေတော့ မဟုတ်ကြပါဘူး၊ မစစ်မှန်တာတွေကို လိမ်ညာပြောဆိုပြီးတော့ ရောင်းချစီးပွါးရှာလို့ပါပဲ၊



# ငွေဒါဏ်ခတ်ခံမလား လူဒါဏ်ခတ်ခံမလား

၁၉၉၂ ခုနှစ်ဝန်းကျင်ကပါ မနက်ကိုးနာရီဝန်းကျင်လောက် မန္တလေးမြို့ ညောင်ပင်ဈေးမှာပါ၊ “အဲဒါ အစွန်းတွေကိုချွန်တဲ့ဆေး၊ ဖားအုတွေစွန်းတာ၊ သံချေးတွေစွန်းတာကို လက်တွေ့ချွတ်ပေးတယ်ဗျာ၊ အဲဒါ အစွန်းတွေချွတ်တဲ့ဆေး” သူ့အသံက မိုက်မလိုပါဘူး၊ ဈေးထဲမှာ ဈေးသူ ဈေးသားတွေ ဈေးဝယ်တဲ့သူတွေ ဘယ်လောက်ပဲ ဆူညံနေပါစေ သူ့အသံကို မကြားရပါဘူးဆိုတဲ့သူ မရှိစေရပါဘူး၊ သူ့နာမည်က ခင်သန်း၊ သူကဒဝါပေါက်စ၊ ကျောင်းသားသစ် အထလေးပါပဲ၊ တတ်ကလည်း တတ်ခါစ ပိုက်ဆံကလည်း ရဆိုတော့ ခေတ်စကားနဲ့ပြောရရင် ဖလမ်းဖလမ်းကို ထနေတာပါပဲ၊ သူ့စိတ်ထဲမှာလည်း သူလူလည်ပေါ့၊ မနုတ်တွေက တော်တော်ထူးတာပဲ (လူတွေကတော်တော်တုံးတာပဲ) လို့သူခံယူထားပါတယ်၊ ဒီအလုပ်လောက် ကောင်းတာဘယ်မှာရှိမှာလဲ၊ သူကအရင်တုန်းက ကားမှတ်တိုင်တွေမှာ မြေပဲဆားလှော်ရောင်းတယ်၊ အခု ဒဝါလေ ဒဝါ၊ အရင်တုန်းက မြေပဲဆားလှော်ရောင်းတုန်းက ဆယ်ရက်လောက်ရှာရတဲ့ပိုက်ဆံက အခုတစ်မနက်ပဲ၊ အစွန်းတွေကို လက်တွေ့ချွတ်ပြပေးတာက **ဘရုတ်ရှင်းပေါင်ဒါ** နဲ့ ဝယ်တဲ့သူတွေကို ရောင်းလိုက်တဲ့အိတ်တွေထဲမှာက အကုန်လုံးမြေဖြူမှုန့်တွေချည်းပဲ၊ အကုန်အကျ အရင်းအနှီးတွေများနေဦးမယ်၊ အဲဒါ ဒဝါ ဒဝါအလုပ်ပဲ၊ လောကကြီးမှာ အတဲ့လူခံပေါ့၊ အဲဒါ သူတို့ ဒဝါတွေရဲ့ခံယူချက်၊ ဒဝါတွေရဲ့ စိတ်ဓါတ်၊





ဘယ်သူကမှလည်း ပြဿနာမရှာပါဘူး၊ သူကလည်း မြို့တစ်မြို့ကိုရောက်ရင် ဈေးတစ်ဈေးမှာ တစ်ရက်ပဲရောင်းတာ၊ တကယ်လို့ ပြဿနာရှာချင်တယ်ဆိုရင်တောင် သူ့ကိုဘယ်မှာလိုက်ဖမ်းမှာလဲ၊ အခုလည်းကြည့် သူမန္တလေးကိုရောက်နေတာ တစ်ပါတ်လောက်ရှိနေပါပြီ၊ တရက်တဈေးပဲ၊ ဒီကနေ့က ဒီညောင်ပင်ဈေးမှာ မနက်ဖြန်နောက်တစ်ဈေး၊ ဒီတစ်ခေါက်လက်ထဲမှာလည်း ပိုက်ဆံလည်း ထိုက်သလောက်ရနေပြီ နောက်နှစ်ရက်လောက်လုပ်ပြီးရင် ရန်ကုန်ကိုပြန်မယ်၊ သူ့စိတ်ကူးနဲ့သူပေါ့၊ ခင်သန်းက လာဝယ်တဲ့သူတွေကိုရောင်း၊ တစ်ခါတစ်လေအစွန်းတွေကို လက်တွေ့ချွတ်ပြနဲ့ အလုပ်ရှုပ်နေပါတယ်၊ သူ့ရဲ့အရှေ့မှာခင်းထားတဲ့ အခင်းပေါ်မှာလည်း အစွန်းချွတ်ဆေးအထုပ်တွေနဲ့အတူပိုက်ဆံတွေကအပုံလိုက်ကြီး၊ အမှန်ကတော့ အဲဒီပိုက်ဆံတွေက ဒီကနေ့တမနက်ထဲရောင်းလို့ရထားတဲ့ ပိုက်ဆံတွေမဟုတ်ပါဘူး၊ ဟိုရက်တွေကရောင်းထားတဲ့ပိုက်ဆံတွေကိုပါ ချထားတာပါ၊ ဘေးကလူကြည့်လိုက်ရင် အရမ်းရောင်းကောင်းတယ်၊ ဟိုမှာကြည့်ပါလား ပိုက်ဆံတွေကိုပုံလို့ လို့ ထင်အောင်လုပ်ထားတာပါ၊ ဒါမှလည်း သူတို့တွေပါရောရောင်းပြီးတော့ လိုက်ဝယ်အောင်လုပ်ထားတာပါ၊ ဒါပေမယ့် အဲဒီပိုက်ဆံတွေပုံထားတာဟာ သူ့အတွက်အန္တရာယ်ဖြစ်လာနိုင်တယ်ဆိုတာ သူမသိရှာပါဘူး၊

ဈေးကကွဲသွားပါပြီ၊ လူပါးသွားပါပြီ၊ ခင်သန်းက သိမ်းဖို့အတွက် အခင်းပေါ်မှာ ဖွထားတဲ့ပိုက်ဆံတွေကို ပြန်ကောက်ပြီးတော့စီနေပါတယ်၊ အဲဒီအချိန်မှာ သူ့အနားကို လူတစ်ယောက်ရောက်လာပြီး သူကိုပြုံးပြပြီးတော့“ ညီလေးဘယ်လိုလဲ၊ အခြေအနေကောင်းတယ် မဟုတ်လား၊ လုပ်လုပ် လုပ်စရာရှိတာဆက်လုပ်၊ လိုတာရှိရင်ပြော ဒီမှာကအေးအေးဆေးဆေးပါပဲ ဘာရှေ့မှမရှိဘူး အကို့နာမည်က ခင်မောင်ဝင်းလို့ခေါ်တယ် အကိုကဒီအပိုင်ကပဲ”လို့ ပြောပြီးတော့ ထွက်သွားပါတယ်၊ ခင်သန်းက စဉ်းစားကြည့်တယ် ဒီလူကငါ့အသိထဲကလား၊ ငါတို့လောက ဒဝါထဲကလား၊ ဒီအပိုင်က နယ်ထိန်းလား၊ စဉ်းစားလို့ မရပါဘူး၊ အရေးမကြီးပါဘူး၊ သူ့ဟာနဲ့သူ သိမ်းစရာရှိတာကိုဆက်သိမ်းနေပါတယ်၊ သိမ်းလို့ပြီးသွားပါပြီ၊ အဲဒီအချိန်မှာ ရှမ်းဆရာလိုလို အဖိုးကြီးတစ်ယောက် ခင်သန်းနားကို ရောက်လာပြီးတော့ “ ဒီမှာ ငါ့တူ မင်းကဈေးသည်ဆို

တော့ နဲနဲပါးပါးနံ့စပ်မှာပေါ့ကွာ၊ မင်းငါ့ကိုတစ်ခုလောက်လုပ်ပေးစမ်းပါ၊ ဒီနားမှာ ဆော် ဘယ်မှာရနိုင်လဲ၊ သိရင်ငါ့ကိုလိုက်ပို့စမ်းပါကွာ မင်းအတွက်လည်းငါပေးမယ်၊ မင်းကိုမုန့်ဖိုးလည်း သပ်သပ်ပေးမယ်" လို့ ခပ်တိုးတိုးလေး အနားကပ်ပြီးပြောပါတယ်၊ ခင်သန်းလည်းအဖိုးကြီးကို သေသေချာချာကြည့်ပြီးတော့ "ဦးလေး ကျွန်တော်က ဒီကမဟုတ်ဘူး၊ ရန်ကုန်က၊ ကျွန်တော်မသိဘူး"လို့ ပြန်ဖြေလိုက်ပါတယ်၊ အဖိုးကြီးလည်း သူ့အနားကထွက်သွားပါတယ်၊ အဖိုးကြီးထွက်သွားပြီး သိပ်မကြာခင်မှာပဲ စောစောက ခင်သန်းကိုလာနှုတ်ဆက်တဲ့ ခင်မောင်ဝင်း ဆိုတဲ့သူရောက်လာပြီးတော့" ညီလေး စောစောကအဖိုးကြီး မင်းကိုဘာပြောသွားတာလဲ" လို့ မေးလိုက်ပါတယ်၊ သူကတနေရာရာကနေကြည့်နေပုံရပါတယ်၊ ခင်သန်းကလည်း "အလကားပါဗျာ ဖွန်ကြောင်ကြီးပါ ဆော်ဘိကိုလိုက်ပို့ခိုင်းနေတာ" လို့ ပြန်ဖြေလိုက်ပါတယ်၊ အဲဒီတော့ ခင်မောင်ဝင်းက" ငါ့ညီကလည်း မင်းကတော်တော်ညံ့တာပဲ အဖိုးကြီးကိုကြည့်ရတာ တော်တော်ထောပုံရတယ် သူပြောတဲ့ဟာ ငါသိတယ် ငါလိုက်ပို့ပေးမယ်၊ မင်းလည်းလိုက်ခဲ့မင်းအတွက်လည်း အာတကေဖန်တီးပေးမယ်၊ အဖိုးကြီးဘယ်ကိုရောက်သွားပြီလဲ၊ လိုက်ပို့ပေးမယ်လို့သွားပြောလိုက်" လို့ပြောလိုက်ပါတယ်၊ ခင်သန်းလည်းစဉ်းစားကြည့်ပါတယ်၊ အဖိုးကြီးကလည်းပြောတယ်၊ ငါ့အတွက်လည်းသူခံမယ်တဲ့၊ အခုခင်မောင်ဝင်းကလည်းပြောတယ်၊ အာတကီးဖန်ပေးမယ်တဲ့၊ ဘာပဲဖြစ်ဖြစ် အဖိုကြီးကိုလိုက်ခေါ်မယ်လို့ ဆုံးဖြတ်လိုက်ပြီးတော့ ဘယ်ကိုရောက်သွားပြီလဲဆိုတာ မျက်လုံးနဲ့ပါတ်ချာလည်လှည့်ရှာလိုက်ပါတယ်၊ တွေ့ပါပြီ အဖိုးကြီးက ဟိုကွမ်းယာဆိုင်မှာကွမ်းယာဝယ်နေတာ၊ ခင်သန်း ခင်မောင်ဝင်းကို ကွမ်းယာဆိုင်ဖက်ကို မျက်ရိပ်ပြလိုက်ပါတယ်၊ ပြီးတော့ ခင်သန်းကသူ့အိတ်ကိုဆွဲလိုက်ပါတယ်၊ အဖိုးကြီးဆီကိုသွားပြီးတော့ အားလုံးအဆင်ပြေတယ်၊ လိုက်ပို့ပေးမယ်ဆိုတဲ့အကြောင်းကို ပြောလိုက်ပါတယ်၊ အဖိုးကြီးနဲ့ ခင်သန်းတို့ လေးဘီးကားလေးတစ်စီးငှားပြီးတော့ ခင်မောင်ဝင်းဦးဆောင်ခေါ်တဲ့ တောင်ပြုံးပွဲတော်သွားတဲ့ဖက် မြို့အထွက်က တဲအိမ်လေးတစ်လုံးဆီကိုရောက်ခဲ့ကြပါတယ်၊ တဲအိမ်လေးထဲကိုဝင်လိုက်တော့ အိမ်ထဲမှာ အသက် ၄၀ လောက်ရှိတဲ့လူတစ်ယောက် ထိုင်နေပြီးတော သူက" ညက အော်ဒါပါသွားကြ





လို့ ခဏစောင့်ကြပါ"လို့ ပြောပါတယ်၊ သူတို့လည်း ဝင်ထိုင်လိုက်ကြပြီးတော့ တအောင့်နေတော့ အဖိုးကြီးက အိမ်သာခဏသွားလိုက်ဦးမယ်ဆိုပြီး အိမ်အနောက်ဖက်ထဲကို ဝင်သွားပါတယ်၊ အဲဒီအချိန်မှာ ခင်မောင်ဝင်းနဲ့ ဖါခေါင်းက အဖိုးကြီးကို ဖဲလိမ်ရိုက်မယ်လို့ တိုင်ပင်ပြီးတော့ ဖဲထုပ်ထဲက ကုလားဖဲချပ်တွေကို ခိုးထားလိုက်ပါတယ်၊ ခင်သန်းကတော့ သူနဲ့မဆိုင်လို့ ဘာမှဝင်ပြီးတော့ မပြောပါဘူး၊ သူ့စိတ်ကူးထဲမှာတော့ အလုပ်ဖြစ်ရင် ခင်မောင်ဝင်းတို့ဆီက အာတကေ တောင်းမယ်ပေါ့၊

အဖိုးကြီးအိမ်သာကပြန်လာတော့ ခင်မောင်ဝင်းက ဆော်တွေပြန်မလာခင်အပျင်းပြေ ဖဲရိုက်ကြဖို့ပြောပါတယ်၊ အဖိုးကြီးကလည်းရိုက်မယ်ဆိုတော့ သူတို့ဝိုင်းစကြပါတယ်၊ အဖိုးကြီးက သူ့လွယ်အိတ်ထဲကပိုက်ဆံတစ်ထပ်ထုတ်လိုက်ပါတယ်၊ ခင်သန်းမှန်းကြည့်လိုက်ပါတယ်၊ အနည်းဆုံးတော့ လေးငါးသောင်းလောက်ရှိမယ်ထင်ပါတယ်၊ (အဲဒီတုန်းက လေးငါးသောင်းဆိုတာက အခုဆိုရင် ဆယ်သိန်းလောက်ရှိပါတယ်) ကစားဝိုင်းစကြပါတယ်၊ သိပ်မကြာသေးပါဘူး၊ အဖိုးကြီး တော်တော်ရှုံးနေပါပြီ၊ ခင်မောင်ဝင်းတို့ကတော့ ခိုးထားတဲ့ဖဲတွေကိုထုတ်ခင်းလိုက် ပြန်ခိုးလိုက်နဲ့ လုပ်နေပါတယ်၊ ဒီအဖိုးကြီး မျက်လုံးတော်တော်သေတာပဲလို့ အားလုံးကိုသိနေတဲ့ခင်သန်း အားမလိုအားမရဖြစ်နေပါတယ်၊ နောက်တော့ အဖိုးကြီးကတော်ပြီတဲ့၊ ပျင်းလာပြီတဲ့၊ ဒါနောက်ဆုံးအလှည့်ပဲတဲ့၊ မင်းတို့ထိုးချင်သလောက်ထိုးတဲ့၊ အဲဒီအချိန်မှာ ခင်မောင်ဝင်းတို့က ရှိသမျှပိုက်ဆံ အကုန်ထိုးလိုက်ပါတယ်၊ နောက်ပြီးတော့ ခင်သန်းဖက်ကိုလှည့်ပြီးတော့ မင်းလည်းဝင်ပါ၊ ငါတို့ဖက်ကအပိုင်ပဲလို့ မျက်ရိပ်ပြလိုက်ပါတယ်၊ ခင်သန်းလည်းမနေနိုင်တော့ပါဘူး၊သူ့မှာရှိတဲ့ငွေငါးသောင်းလောက်နီးနီးထုတ်ပြီးတော့ထည့်လိုက်ပါတယ်၊ ခင်သန်းစိတ်ထဲမှာလည်း ငါ့ပိုက်ဆံကထိုးထားတာ ငါးသောင်းလောက်ဆိုတော့ ဘာပဲဖြစ်ဖြစ်ချက်ချင်း ငွေတစ်သိန်းနီးနီးလောက်ဖြစ်သွားပြီဆိုပြီးတော့ ကြိတ်ပြီးတော့ ပျော်လည်းပျော် စိတ်တွေလည်းလှုပ်ရှားလျှက်ရှိပါတယ်၊ ခင်မောင်ဝင်းကစိတ်ချရပါတယ်၊ ပိုင်ပါတယ်၊ဖဲခင်းလိုက်ပါပြီ၊ ကုလားသုံးကောင်ပါ၊ အဖိုးကြီးရေ ရော်ပေတော့၊ ခင်းမောင်ဝင်းတို့နဲ့ ခင်သန်းသုံးဦးပေါင်းထိုးထားတာ တစ်သိန်းနီးနီးလောက်ရှိတယ်၊

ခင်သန်းက အဖိုးကြီးရဲ့ မျက်နှာကို မသိမသာ လှမ်းကြည့်လိုက်ပါတယ်၊ အဖိုကြီးကတော့ အေးအေးဆေးဆေးပါပဲ၊ နောက်တော့ အဖိုးကြီးက ပြောပါတယ်၊ "မင်းတို့နိုင်တယ်ဆိုရင်တော့ ရော်ရတာပေါ့ကွာ၊ ဒါပေမယ့် ဒီမှာလည်း ကြည့်လိုက်ဦး" လို့ပြောပြီးတော့ သူ့ဖဲကို ခင်းလိုက်ပါတယ်၊ သွားပါပြီ သူခင်းလိုက်တာက တစ်သုံးလုံး ခင်သန်းမျက်နှာနဲ့ တစ်ကိုယ်လုံး ထူပူသွားပါတယ်၊ သွားပါပြီ၊ ငါ့ရှိတာလေးကုန်ပါပြီ၊ အဖိုးကြီးကပိုက်ဆံအပုံကြီးကို သူ့ဖက်ကိုဆွဲသိမ်းလိုက်ပါတယ်၊ အဲဒီအချိန်မှာ ခင်မောင်ဝင်းက " အဖိုးကြီး ဒါကကျုပ်တို့အပိုင်နော်၊ ခင်ဗျား အဲဒီပိုက်ဆံတွေကို ပြန်ထားလိုက်"လို့ ပြောလိုက်ပါတယ်၊ အဖိုးကြီးကလည်း "မင်းတို့ငါ့ကို ဖဲလိမ်ရိုက်နေတာ ငါသိတယ်၊ မင်းတို့တတ်တာလောက်ကတော့ ပျင်းတောင်ပျင်းသေးတယ်၊ ပြန်မပေးဘူးဆိုရင်ကောကွာ" လို့ ပြောလိုက်ပါတယ်၊ အဲဒီအချိန်မှာ ခင်မောင်ဝင်းက ဇတ်ကနဲထပြီးတော့ အဖိုးကြီးကို ဖြတ်ကန်လိုက်ပါတယ်၊ အဖိုးကြီးက အနောက်ကို အသာလှန်ပြီးတော့ ရှောင်လိုက်ပြီး ခင်မောင်ဝင်းရဲ့ ကန်လိုက်တဲ့ခြေထောက်ကို သူ့အရှိန်အတိုင်းဆက်ပြီးတော့ ပုတ်လိုက်ပါတယ်၊ ခင်မောင်ဝင်းသူ့အရှိန်နဲ့သူ လဲကျသွားပါတယ်၊ အဖိုးကြီးက ဇတ်ကနဲထပြီးတော့ လဲကျနေတဲ့ခင်မောင်ဝင်းရဲ့ အပေါ်ကို ခွစီးလိုက်ပြီးတော့ သူ့ကိုဆွဲမှောက်လိုက်ပါတယ်၊ လက်ကိုဆွဲပြီး အပေါ်ကနေဖမ်းလိမ်ထားလိုက်ပါတယ်၊ ဖါခေါင်းက တံခါးနားမှာထောင်ထားတဲ့ တုတ်ချောင်းကိုသွားဆွဲပါတယ်၊ အဖိုးကြီးက လက်ထဲမှာဘာမှမရှိပဲနဲ့ ဖာခေါင်းကို လှမ်းပေါက်လိုက်ပါတယ်၊ ဖါခေါင်းကို တစ်ခုခုနဲ့ထိသွားသလိုပါပဲ၊ ဘာမှတော့မမြင်ရပါဘူး၊ ဒါပေမယ့် ဖါခေါင်းက သူ့ခေါင်းကိုသူအုပ်ပြီးတော့ အားအားနဲ့ အော်နေပါတယ်၊ နောက်တော့ အဖိုးကြီးက ခင်မောင်ဝင်းကို လွှတ်ပေးလိုက်ပါတယ်၊ ခင်မောင်ဝင်းနဲ့ ဖာခေါင်းနှစ်ယောက်စလုံး ကြောက်လန့်တကြားနဲ့ထွက်ပြေးကြပါတယ်၊ ခင်မောင်ဝင်းဆိုရင် ကြောက်လွန်းအားကြီးလို့ ထင်ပါတယ်၊ အပေါက်ကိုတောင်မတွေ့နိုင်ပဲ ထရံတွေကိုဝင်ဝင်တိုးနေပါတယ်၊ ပြီးတော့မှ အပေါက်ကိုတွေ့ပြီးတော့ ထွက်ပြေးသွားပါတယ်၊ အဲဒီတော့မှ ခင်သန်းလည်း သတိဝင်လာပြီး သူတို့နဲ့အတူထွက်ပြေးရင်ကောင်းမလား စဉ်းစားလိုက်ပါတယ်၊ "မင်းဘာမှထွက်မပြေးနဲ့ မင်းနဲ့မဆိုင်ဘူး ငါကဒီကောင်တွေကို





ဆုံးမတာ၊ မင်းကိုဘာမှမလုပ်ဘူး၊ မင်းမကြောက်နဲ့ အေးအေးဆေးဆေးထိုင်နေ" လို့ အဖိုးကြီးကပြောလိုက်ပါတယ်၊ ခင်သန်းလည်း နဲနဲစိတ်သက်သာရာရသွားပြီးတော့ ထိုင်နေလိုက်ပါတယ်၊ ဒါပေမယ့် သူ့စိတ်ထဲမှာက သူ့ပိုက်ဆံတွေ အဖိုးကြီးဆီမှာ အသနားခံ၊ တောင်းပန်ပြီးတော့ပြန်တောင်းရင်ကောင်းမလား၊ စဉ်းစားနေပါတယ်၊ အဲဒီအချိန်မှာ အဖိုးကြီးက အားလုံးကိုသိနေသလိုပါပဲ၊ "မင်းပိုက်ဆံတွေကို မင်းပြန်လိုချင်နေတယ် မဟုတ်လား၊ မင်းကလည်းငယ်သေးတော့ ပိုက်ဆံမက်တာပေါ့၊ မင်းလိုချင်ရင် ငါပြန်ပေးလိုက်ပါ့မယ်၊ ဒါပေမယ့် မင်းစဉ်းစား မင်းရဲ့အပြစ်အတွက် ငွေဒါဏ်ခတ်ခံမလား လူဒါဏ်ခတ်ခံမလား" လို့ မေးလိုက်ပါတယ်၊ ခင်သန်း အဖိုးကြီးပြောတာတွေကို နားမလည်ပါဘူး၊ ဘာတွေလဲ ငွေဒါဏ်ခတ်ခံမလား လူဒါဏ်ခတ်ခံမလား ဆိုတာသူဘာကိုဆိုလိုတာလဲ၊ ခင်သန်းစဉ်းစားနေတုန်းမှာပဲ အဖိုးကြီးက "ဒီလိုကွ ငါကနယ်လှည့်ပြီးတော့ ဆေးကုတာ၊ ဆေးကုတာဆိုပေမယ့် ငါက နေမကောင်းတဲ့ သူကိုကုတာမျိုးမဟုတ်ဘူး၊ ပယောဂကုတာ၊ အစွဲချွတ်တာ၊ သိုက်ဆက်ဖြတ်ပေးတာ၊ ဒါတွေပြောလို့ မင်းနားလည်မှာလည်း မဟုတ်ပါဘူး၊ ငါက ရှမ်းပြည်တောင်ပိုင်းက၊ ငါတို့မှာလည်း ငါတို့ပညာတွေ ရှိတာပေါ့ကွာ၊ မင်းလည်းစောစောကထိုက်သလောက်တွေ့မှာပါ၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ် တစ်ထိုင်ထဲလုပ်လို့ရတယ်၊ အခုမင်းမှာလည်းအပြစ်ရှိတယ်၊ အဒီအပြစ်အတွက် မင်းကိုတစ်ခုခုတော့ ဒါဏ်ခတ်ရမယ်၊ ငွေဒါဏ်ခတ်ခံမယ်ဆိုရင် မင်းပိုက်ဆံတွေပြန်မယူနဲ့တော့ အဲဒီပိုက်ဆံတွေနဲ့ မင်းအတွက်ကောင်းမှုကုသိုလ်တစ်ခုခု ငါလုပ်ပေးမယ်၊ ပိုက်ဆံတွေကို ပြန်ယူမယ်ဆိုရင်တော့ မင်းအိမ်ကိုအမြန်ပြန် ဒီရက်ပိုင်းအတွင်း မင်းအိမ်က တယောက်ယောက်ဆုံးလိမ့်မယ်၊ ကလေးရှိရင် ကလေးပေါ့ကွာ၊ မင်းကြိုက်တဲ့လမ်းကိုသာရွေး" လိုပြောလိုက်ပါတယ်၊ ခင်သန်း ချက်ချင်းပြေးပြီးတော့ မြင်ယောင်လိုက်ပါတယ်၊ အိမ်ကငါ့သားလေး အခုမှ ငါးနှစ်တောင်မပြည့်သေးဘူး၊ ငါအတွက်ကြောင့်တော သူတစ်ခုခုဖြစ်လို့ ဘယ်ရမလဲ၊ ဒီအဖိုးကြီးက ပြောရင်ပြောတဲ့အတိုင်းလုပ်မှာ သူကတကယ်တတ်တာ၊ စောစောကတင် ကိုယ်ကိုတိုင်မျက်မြင်ကိုယ်တွေ့ပဲ၊ ငါ့သားတော့ တစ်ခုခုအဖြစ်မခံနိုင်ဘူး၊ " ဆရာကြီး ကျွန်တော် ငွေဒါဏ်ခတ်ခံပါမယ် ကျွန်တော့်သားလေးတော့ ဘာမှမဖြစ်ပါစေနဲ့၊



F5_A

ကျွန်တော်တောင်းပန်ပါတယ်၊" လို့ ခင်သန်းကတောင်းတောင်းပန်ပန်နဲ့ ပြောလိုက်ပါတယ်၊ အဖိုးကြီးက ခင်သန်းကိုပြုံးပြပြီးတော့ "တစ်ကယ်တော့ မင်းက လူကောင်းတစ်ယောက်ပါ၊ မင်းအပေါင်းအသင်းမှားလို့ဖြစ်တာ ငါသိပါတယ်၊ ရွှေဒါလေးမင်းဆောင်ထား၊ မင်းက ရန်ကုန်ကမဟုတ်လား၊ ဒီမှာဘာမှဆက်လုပ်မနေနဲ့၊ မင်းဒီမှာဆက်နေရင် လူမှားပြီးတော့ အရိုက်ခံရတာတို့ ရုံးရောက်ဂါတ်ရောက်နဲ့ အဖမ်းအဆီးအချုပ်အနှောင် ခံရတာတို့ ဖြစ်ကိန်းရှိတယ်၊ ရန်ကုန်ကိုပြန်ရောက်ပြီးရင် တစ်ပတ်အတွင်းမှာ မင်းပိုက်ဆံတွေပြန်ရလိမ့်မယ်၊ နောက်ထပ်လည်း ပိုက်ဆံတွေအများကြီး ဝင်ကိန်းရှိတယ်၊ ရွှေမင်းပြန်ဖို့ လမ်းစရိတ်၊ ဒီကနေ့ညရထားနဲ့ ပြန်ဖြစ်အောင်ပြန် အဲဒါမင်းအတွက်ပြောတာ အရမ်းအရေးကြီးတယ်" ပြန်ပြောရင်း အဆောင်လေးတစ်ခုနဲ့ ငွေနှစ်ထောင်ပြန်ပေးလိုက်ပါတယ်၊ ခင်သန်းလည်း အဖိုးကြီးကို ကျေးဇူးတင်တဲ့အကြောင်းပြောပြီးတော့ ကန်တော့လိုက်ပါသေးတယ်၊ အဖိုးကြီးကလည်း ခင်သန်းကန်တော့တာကိုကြည့်ပြီးတော့ ခေါင်းကိုတဆတ်ဆတ်ငြိမ့်ရင်း "မင်းမကြာခင် ကြီးပွားတော့မယ်" လို့ တစ်ခုခုကိုမြင်နေသလိုလိုနဲ့ ပြောလိုက်ပါတယ်၊

ခင်သန်း ညရထားနဲ့ရန်ကုန်ကို အားခြင်းပြန်ခဲ့ပါတယ်၊ ထိုင်ခုံမရတော့လို့ ထိုင်ခုံမဲ့နဲ့ပဲ လိုက်ခဲ့ပါတယ်၊ ချက်ခြင်းပြန်ဖို့ အဖိုးကြီးကမှာလိုက်ပါတယ်၊ သူ့စကားကို ခင်သန်း မလွန်ဆန်ရဲပါဘူး၊ လမ်းတစ်လျှောက်လုံး စဉ်းစားလာပါတယ်၊ အိမ်ကသားလေးတော့ ဘာမှမဖြစ်လောက်ပါဘူး၊ ငါက သူပြောသလို ငွေဒါဏ်ခတ်ခံပြီးပြီပဲ၊ အဖိုးကြီးက နောက်ဆုံးပြောလိုက်တယ်၊ မကြာခင်မှာ အခုပိုက်ဆံတွေလည်းပြန်ရမယ်တဲ့၊ နောက်ထပ်လည်း ပိုက်ဆံတွေအများကြီး ဝင်ကိန်းရှိတယ်တဲ့၊ မင်းမကြာခင်ကြီးပွားတော့မယ်တဲ့၊ ဒီလိုပုဂ္ဂိုလ်မျိုးကပြောတာ တကယ်ဖြစ်မှာပါ၊ ဒါမှမဟုတ်ရင် အဖိုးကြီးကငါ့ကို မော်အုပ်လိုက်တာလား၊ အဲဒီလိုတော့လည်း မဖြစ်လောက်ပါဘူး၊ သူ့ရဲ့အတွေးတွေထဲမှာ ချီတုံချတုံနဲ့ဝေခွဲရ ခက်နေပါတယ်၊ ဘာပဲဖြစ်ဖြစ် အခုလောလောဆယ်တော့ အဖိုးကြီးကလမ်းစရိတ်ပေးလိုက်လို့ တော်သေးတာပေါ့၊





ခင်သန်း ရန်ကုန်ကိုပြန်ရောက်ပြီး နောက်တစ်နေ့ ကျွန်တော်မျက်လှည့်ပြနေတဲ့ ပပဝင်းရုပ်ရှင်ရုံအောက်ကို သူရောက်လာပါတယ်၊ သူ့ရဲ့ထူးထူးဆန်းဆန်းအဖြစ်အပျက်တွေကို ကျွန်တော်တို့ကိုပြောပြချင်နေပါတယ်၊ သူကိုယ်တိုင်လည်း အဲဒီဖြစ်စဉ်ထဲက တစ်ချို့ကိစ္စတွေကို ဆုံးဖြတ်ရခက်နေပါတယ်၊ သူအလိမ်ခံရတာလား သွေးရိုးသားရိုး ဖြစ်စဉ်လား၊ ဖြစ်စဉ်အားလုံးကိုပြောပြလိုက်ရင် ကျွန်တော်တို့က သူ့ကို မင်းဒဝါဘဲလုပ်ပြီးတော့ အလကားကောင်ငတုံးဆိုပြီးတော့ ဝိုင်းလောင်မှာလား ဆိုပြီတော့လည်းတွေးနေပါတယ်၊ နောက်ဆုံးမှာတော့ သူမနေနိုင်တော့ပဲ ကျွန်တော်ဝိုင်းအပြီး ထိုင်နေကျ ပဲခူးကလပ်အရက်ဆိုင်မှာ သူ့ဖြစ်စဉ်တွေကို ရင်ဖွင့်ပါတော့တယ်၊ သူ့ဖြစ်စဉ်အားလုံးသူပြောပြလို့အပြီးမှာတော့ ကျွန်တော်ကသူ့ကို "အဲဒါမင်းအလိမ်ခံရတာ" လို့ ပြောလိုက်ပါတယ်၊ ကျောက်သွေးရောင်းတဲ့ ထွန်းဦးကလည်း "မင်းဇိတ်အပုတ်ခံရတာ မန္တလေးမှာ အဲဒါတွေ တအားများတယ်၊ လူတစ်ယောက်ထဲကို အုပ်စုလိုက် အကွက်ချပြီးတော့ လိမ်တာ၊ သူတို့အခေါ်ဇိတ်ပုတ်တယ်လို့ခေါ်တယ်" လို့ ဝင်ပြောလိုက်ပါတယ်၊ ခင်သန်းက သိတ်ပြီတော့ လက်မခံချင်သေးပါဘူး၊ "မဟုတ်ဘူးထင်တယ်နော်၊ ခင်မောင်ဝင်းက အဖိုးကြီးကိုထပြီးတော့ကန်တာ သူတို့က အချင်းချင်းဆိုရင် ဒါမျိုးလုပ်ပါ့မလား" လို့ ပြောလိုက်ပါတယ်၊ အဲဒီတော့ ကျွန်တော်က "အဲဒီအကွက်က တအားလှတယ်၊ သူတို့ကလုပ်ထားတာ အကွက်စေ့တယ်၊ ခင်မောင်ဝင်းက အဖိုးကြီးကိုဝင်ကန်မှာပေါ့၊ ဘာလို့လဲဆိုတော့ ခင်မောင်ဝင်းမကန်ရင် မင်းကတစ်ခုခုလုပ်နိုင်တယ်၊ ငွေလေကွာ ပိုက်ဆံလေကွာ၊ ကိုယ်ပိုက်ဆံပါသွားရင် ဘယ်သူမှပြောလို့မရဘူး၊ အဲဒီတော့ အဲဒီအကွက်ကိုပိတ်တာ၊ ခင်မောင်ဝင်းကဝင်ကန်လိုက်တယ်၊ အဖိုးကြီးရဲ့ တိုက်ကွက်က ခင်မောင်ဝင်းထက်သာတယ် နောက်ပြီးတော့ ဖာခေါင်းကို ဘာမှမရှိတာနဲ့ လှမ်းပေါက်လိုက်တယ် ဖာခေါင်းကလည်း သရုပ်ဆောင်ကောင်းတယ်၊ တစ်ခုခုထိသွားသလိုလိုနဲ့ နာပြတယ်၊ ကြောက်ပြကြတယ်၊ အဲဒါတွေအားလုံးဟာ ရုပ်ရှင်ရိုက်ကြတာ၊ မင်းကတော့ အဟုတ်ထင်ပြီးတော့ အဖိုးကြီးကိုတော်တော်ကြောက်သွားတယ်၊ အဲဒီတော့မှ အဖိုးကြီးကမင်းကိုဆက်ပြီးတော့ မော်အုပ်တာတန်ပါတယ်ကွာ၊ မင်းက သူများတွေကို အစွန်းချွတ်ဆေး ဆိုပြီး မြေဖြူမှုန့်တွေ

ကို လိမ်ပြီးတော့ရောင်းတယ်၊ မင်းထက်လည်တဲ့ ခင်မောင်ဝင်းတို့ အုပ်စုက မင်းကိုမှော်အုပ်ပြီးတော့ ပြန်လိမ်တယ်၊ မင်းရှာထားတဲ့ပိုက်ဆံက ဖြူမှမဖြူပဲ ပန်နီထဲကလာတာ ပန်နီထဲပြန်သွားတာပါပဲကွာ”လို့ ပြောလိုက်ပါတယ်၊ ခင်သန်းလည်း သူ့ဇာတ်လမ်းကိုသူ လိပ်ပါတ်လည်သွားပါပြီ၊ အမှန်ကတော့ သူအချောင်လိုချင်တဲ့စိတ်ကြောင့် ခံလိုက်ရတာပါ၊

“နောက်ပြီးတော့ မင်းကိုငါ ဆက်ပြောဦးမယ် လိမ်တဲ့သူတွေမှာ ဇာတ်လမ်းက ရုပ်ရှင်လိုပြဇာတ်လို အသေမဟုတ်ဘူး၊ သူတို့က အခြေအနေပေါ်မှာ မူတည်ပြီးတော့ ဇာတ်လမ်းချက်ခြင်းပြောင်းတာမျိုးလည်းရှိတယ်၊ မင်းက ဒီဇာတ်လမ်းနဲ့ကိုက်တော့ ဒီဇာတ်လမ်းကပြတာပေါ့ကွာ၊ မင်းက ဒီဇာတ်လမ်းနဲ့ မကိုက်ရင် သူတို့မှာ နောက်ထပ်ဇာတ်လမ်းတွေ အများကြီးရှိသေးတယ်၊ သူတို့ ရထားတဲ့ သားကောင် လွတ်သွားတယ်ဆိုတာ မရှိဘူး၊ အရမ်းကြောက်စရာ ကောင်းတယ်၊ သူတို့ရဲ့သားကောင် မဖြစ်ဖို့ကတော့ လောဘမကြီးနဲ့ အချောင် မလိုချင်နဲ့”လို့ ကျွန်တော်က ထပ်ပြီးတော့ပြောလိုက်ပါတယ်၊

ခင်သန်းရဲ့အတွေ့အကြုံဆွေးနွေးပွဲ ပြီးပါပြီ၊ ကျွန်တော်တို့အဖွဲ့လည်း ညနေ ဝိုင်းပြီးကတည်းက ပြောလိုက်သောက်လိုက်လုပ်နေကြတာ အားလုံးလည်း တော်တော်ကောင်းနေပါပြီ၊ သောက်ထားစားထားတာတွေကို ကျွန်တော်က ရှင်းမယ်လုပ်တော့ ကျောက်သွေးရောင်းတဲ့ ထွန်းဦးက အတင်းရှင်းလိုက်ပါတယ်၊ အဲဒါနဲ့ ကျွန်တော်လည်း ရှင်းဖို့ထုတ်ထားတဲ့ ငါးရာတန်သုံးရွက်ကို ခင်သန်းကိုပေးလိုက်ပါတယ်၊ ပြီးတော့ ကျွန်တော်က သူ့ကိုမေးလိုက်ပါတယ်၊

“ မင်းငွေဒါဏ်ခတ်ခံမလား လူဒါဏ်ခတ်ခံမလား” ဟား ဟား ဟားဟား.......

အားလုံးဝိုင်းရီကြပါတယ်၊










# “အဖြူရောင် လှည့်စားမှုများ”

ဟိုတစ်ရက်က ပြည်သူ့ရင်ပြင်ကစားကွင်းထဲမှာ၊ ကျွန်တော့်ရဲ့ မျက်လှည့်ပြကွက်တွေကို အပတ်စဉ်တင်ဆက်ပြသနေတဲ့ အဖြူရောင်လှည့်စားမှု တီဗွီပရိုဂရမ်အတွက်ရိုက်နေတဲ့ ရိုက်ကွင်းတစ်ခု၊ ထမင်းစားနားနေတဲ့အချိန် ကျွန်တော့်ရဲ့ဒါရိုက်တာ မင်းဇေယျာလင်းက နောက်တစ်ပါတ် ရိုက်ကူးရေးနဲ့ပါတ်သက်ပြီးတော့ ဘာတွေစီစဉ်ထားလဲဆိုတာ ကိုမေးလာခဲ့ပါတယ်၊

**(ဇေယျာလင်း)** ဆရာ ဒီတစ်ခေါက်ပြတဲ့ ပုဝါပြကွက်တွေက ပုဝါလေးတွေကလည်း အရောင်အသွေးတွေလှတယ်၊ ပြကွက်ကလည်းလန်းတယ်၊ နောက်တစ်ပါတ်ကော ဘာပြကွက်တွေပြမယ်လို့ စဉ်းစားထားလဲ၊

**(ကျွန်တော်)** နောက်တစ်ပါတ်မှာပြမှာက မှော်ပြကွက်တွေပြမယ်၊

**(ဇေယျာလင်း)** ဗျာ မှော် ဟုတ်လား ဘယ်လိုပြကွက်မျိုးလည်းဆရာရယ် ဆရာ နောက်နေတာတော့ မဟုတ်ပါဘူး၊

**(ကျွန်တော်)** ဒီလိုလေဗျာ အခုပြသွားတဲ့ပြကွက်တွေက ခင်ဗျားပြောသလိုလန်းတယ်၊ ဘာလို့လဲဆိုတော့ ကျွန်တော်က လန်းစေချင်တာ





ကိုး၊ ကျွန်တော်ကပရိသတ်ကို အဲဒီပြကွက်နဲ့ ပါတ်သက်လို့ လန်းလန်းဆန်းဆန်းလေး ခံစားစေချင်တယ်၊ အဲဒီတော့ အရောင်အသွေးကောင်းကောင်း ပုဝါလေးတွေနဲ့ ပြကွက်ကိုသွက်သွက်လေးပြတယ်၊ အဲဒါကကျွန်တော့်ရဲ့စေတနာ၊ ကျွန်တော့်ရဲ့ရည်ရွယ်ချက်၊ အဲဒီလိုဖြစ်စေချင်တာ အဲဒီလိုဖြစ်သွားတယ်ဆိုရင် ထိရောက်မှုရှိတာပေါ့၊ တစ်ခါတစ်လေကျတော့ ကျွန်တော့်စေတနာကပရိသတ်ကို ပျော်စေချင်တယ်၊ အဲဒီတော့ ရီစရာကောင်းတဲ့ပြကွက်တွေကို အရင်ရှာ ပြီးတော့ ဘယ်လိုပြရင်ရီရမလဲ စဉ်းစားပေါ့၊ အားလုံးပြည့်စုံပြီဆိုရင် တင်ပြလိုက်တာပေါ့၊ တစ်ခါတစ်လေ ကျတော့လည်း ပရိသတ်ကို ကြောက်စေချင်တယ်၊ အဲဒီအရသာလေးကို ပေးချင်တယ်၊ အဲဒီတော့ ကြောက်စရာကောင်းတဲ့ ပြကွက်တွေကို စုစည်းပေါ့၊ တကယ်ကြောက်သွားအောင် ပြတာပေါ့၊ တင်ဆက်မှုတစ်ခုကို ရည်ရွယ်ချက်စေတနာမပါပဲနဲ့ စွတ်လုပ်တာ မဟုတ်ပဲနဲ့ စနစ်တကျလုပ်တာဆိုတော့ ထိရောက်မှု ရှိတာပေါ့၊ အခုနောက်တပါတ်ရိုက်မှာက မှော် အဲဒါနဲ့ ပါတ်သက်တဲ့ ပြကွက်တွေအဲဒါတွေကို စုစည်းပြီးတော့ တင်ပြမှာပေါ့၊

**(ဇေယျာလင်း)** ဆရာပြောတာတွေကို ကျွန်တော်သဘောပေါက်ပါတယ်၊ ဒါပေမယ့် ဆရာပြောတဲ့မှော် ဆိုတာကတော့ ရိုက်ရခက်လိမ့်မယ်၊ ဘာလို့လဲဆိုတော့ ဆရာက ပရိသတ်ကို မှော်အုပ်မှာလေ ပရိသတ်က အဲဒီမှော်တွေကို တစ်ကယ်ထင်သွားရင် ကျွန်တော်တို့ဖက်က အပြစ်ဖြစ်မှာပေါ့၊ သူတို့ကို အထင်မှားအမြင်မှားတွေဖြစ်အောင် လုပ်သလိုဖြစ်နေမှာပေါ့၊

**(ကျွန်တော်)** ကိုဇေယျာလင်းပြောတာ ဟုတ်တယ်၊ ဒါပေမယ့် ကျွန်တော်စဉ်းစားထားပြီးသားပါ၊ ဒီလိုလေ တင်ဆက်မှုကို ပြောရရင် ပထမပိုင်းမှာ ပရိသတ်ကိုမှော်အုပ်မယ်၊ အဲဒီတော့ ပရိသတ်ကလည်း မြောပြီးတော့ ပါလာလိမ့်မယ်၊ ဟုတ်နိုးနိုးပေါ့ နောက်

ပိုင်းကျတော့မှ၊ ကျွန်တော်တို့ ဘယ်လိုလုပ်ခဲ့တယ်ဆိုတာတွေကိုပြန်ရှင်းပြမယ်၊ အဲဒီတော့မှ သူတို့မြောပြီးတော့ ယုံကြည်ခဲ့တဲ့ဟာတွေဟာ တကယ်မဟုတ်ဘူးဆိုတာ သိမယ်၊ ဆိုလိုချင်တာက ပရိသတ်က သူတို့ကိုသူတို့ ပြန်စဉ်းစားမိတဲ့အချိန်မှာ အော်ငါတို့လွယ်လွယ်ကူကူ ယုံတတ်ကြတာပဲလို့ သိသွားလိမ့်မယ်၊ ကျွန်တော်တို့ကလည်း နောက်ဆုံးပိုင်းမှာ လွယ်လွယ်ကူကူမယုံကြည်ကြဖို့ အသိပေးပြောတဲ့ အကြောင်းအရာတွေပါမယ်၊ အဲဒီလိုက်ရိုက်မယ်ဆိုရင်တော့ ကျွန်တော်တို့ စေတနာမှန်ပါတယ်၊

**(ဇေယျာလင်း)** ကောင်းပါတယ် ဆရာ၊ ဒါပေမယ့် ဆရာမှာအကြောင်းအရာပြကွက်ကုန်ကြမ်းကော ပြည့်ပြည့်စုံစုံရှိရဲ့လား၊ တော်တော်ကြာအပီဆုပ် တစ်ခုစာတောင်မပြည့်ဖြစ်နေဦးမယ်၊ အားလုံးပြည့်စုံတယ်ဆိုရင်တော့ ချကြတာပေါ့၊ ကျွန်တော်ကတော့ ဆရာကိုယုံပါတယ်၊ ဆရာကပရိသတ်ကို မှော်အုပ်မယ်၊ ပထမပိုင်းမှာဆရာကရုပ်တည်နဲ့ပေါ့၊ နောက်တော့ကျတော့မှ ခင်ဗျားတို့ထင်ထားတာတွေမဟုတ်ပါဘူး၊ ကျွန်တော်တို့က ဒီလိုလုပ်ထားတာပါဆိုပြီးတော့ ပြန်ရှင်းပြမယ် အဲဒီလိုမဟုတ်လား ဆရာ စဉ်းစားထားတာကောင်းပါတယ်၊

**(ကျွန်တော်)** အမှန်ကတော့ ကျွန်တော့်အိုက်ဒီယာမဟုတ်ပါဘူး၊ ကျွန်တော်တို့လောကက ကမ္ဘာကျော်မျက်လှည့်ဆရာကြီး ဟူဒနီရဲ့ အိုက်ဒီယာပါ၊ သူ့ခေတ်တုန်းက သူက သူရဲတွေ၊တစ္ဆေတွေ၊ဝိညာဉ်တွေ ခေါ်ပြမယ်ဆိုပြီးတော့ သူ့နိုင်ငံက သတင်းစာသမားတွေမီဒီယာတွေကို ဖိတ်ခေါ်လိုက်တယ်၊ ပြီးတော့ သူပြောထားသလိုပဲ သူရဲ၊ တစ္ဆေ တွေကိုခေါ်ပြလိုက်တယ်၊ အဲဒီတော့အားလုံးကရေးရတာပေါ့၊ ဟူဒနီဟာ သူရဲတွေ သူစ္ဆေတွေကိုခေါ်ပြနိုင်ပါတယ် ဆိုပြီးတော့ ရေးကြရတာပေါ့၊ နောက်တစ်ပါတ်လောက်နေတော့ သူက စောစောက မီဒီယာတွေကို





ပြန်ခေါ်ပြီးတော့ သူပြခဲ့တဲ့ သူရဲ၊ တစ္ဆေတွေဟာ အစစ်တွေမဟုတ်ဘူး၊ မျက်လှည့်အတတ်ပညာနဲ့ တစ်ချို့စက်ယန္တရားတွေ တပ်ဆင်ထားတာ သရုပ်ဆောင်တစ်ချို့က ဆပ်ကပ်ထဲကဆပ်ကပ်သမားတွေကိုခေါ်သုံးခဲ့တာလို့ ရှင်းပြလိုက်တယ်၊ အဲဒီ သူသုံးခဲ့တဲ့စက်တွေနဲ့ ဆပ်ကပ်သမားတွေနဲ့ မျက်လှည့်နည်းတွေနဲ့ပြန်ပြီးတော့ သရုပ်ပြ ရှင်းလင်းလိုက်တော့ မီဒီယာတွေလည်း ဟူဒနီရဲ့ သူရဲ၊ တစ္ဆေတွေဟာ တကယ်မဟုတ်ပါဘူးဆိုပြီးတော့ ပြန်ရှင်း၊ ပြန်ရေးကြရတာပေါ့၊ သူက ပရိသတ်ကိုပေးချင်တဲ့စေတနာက ခင်ဗျားတို့ လွယ်လွယ်မယုံကြပါနဲ့၊ တစ်ချို့နေရာတွေက သူရဲတို့ တစ္ဆေတို့ဆိုတာ ဒါမျိုးတွေလည်းဖြစ်နိုင်တယ်လို့ သတိပေးလိုက်တာ၊

**(ဇေယျာလင်း)** ဟုတ်ပါပြီ ဆရာရယ်၊ အဲဒါမျိုးတွေထဲက နမူနာလေးတစ်ခုလောက် အခုလုပ်ပြလို့ရမလား၊ ဆရာမှော်အုပ်တာလေး ခံချင်လို့ပါ၊

**(ကျွန်တော်)** ကိုဇေယျာလင်း ခင်ဗျားကိုကျွန်တော်တစ်ခုပြောမယ် ခင်ဗျားယုံချင်မှယုံလိမ့်မယ်၊ ခင်ဗျားကိုအထက်ပုဂ္ဂိုလ်တစ်ယောက်ယောက်စောင့်ရှောက်နေတယ်၊ ခင်ဗျားမယုံရင် ကျွန်တော်လက်တွေ့ပြမယ်၊

**(ဇေယျာလင်း)** ဆရာ မှော်စအုပ်နေပြီလား၊ ကျွန်တော်ကတော့မယုံတတ်ဘူးနော်၊

**(ကျွန်တော်)** အခုဒီမှာကြည့် ရိုးရိုးတစ်ရှူးစက္ကူလေးတစ်ရွက်၊ ကျွန်တော်လုံးလိုက်မယ်၊ ခင်ဗျားကို အထက်ပုဂ္ဂိုလ်တစ်ယောက်ယောက်ကစောင့်ရှောက်တယ်ဆိုရင်ထူးခြားမှု တစ်ခုခုပြလိမ့်မယ်၊ အခုအဲဒါကိုကျွန်တော်မီးနဲ့ရှို့လိုက်မယ်၊(စက္ကူလုံးလေးကိုမီးရှို့လိုက်တာ ဓါတ်လုံးလက်စွပ်တစ်ကွင်းဖြစ်သွားပါတယ်၊)

**(ဇေယျာလင်း)** ဟာ ဆရာ ဘယ်လိုလုပ်တာလဲ၊ မိုက်တယ်၊

**(ကျွန်တော်)** ဘယ်လိုမှ လုပ်တာမဟုတ်ဘူး၊ ခင်ဗျားကို အထက်ပုဂ္ဂိုလ်ကပေးတာ


အမှန်ကတော့ ကျွန်တော်ကိုဇေယျာလင်းကို မျက်လှည့်ပြလိုက်တာပါ၊ ကျွန်တော်တို့ မျက်လှည့်ဆရာတွေသုံးတဲ့ **ဖလက်ပေပါ၊** အဲဒါကိုသုံးပြီးတော့ ပြလိုက်တာပါ၊ အဲဒီဖလက်ပေပါဆိုတာက မီးလောင်လွယ်တယ်၊ မီးတောက်အားကောင်းပြီးတော့ လှတယ်၊ လောင်နှုန်းမြန်တယ်၊ ပြာမကျန်ဘူး၊ မျက်လှည့်ပစ္စည်းအရောင်းဆိုင်တိုင်းမှာ ဝယ်လို့ရပါတယ်၊ ကိုဇေယျာလင်းကို ပြတုန်းက ရိုးရိုးတစ်ရှူးစက္ကူကို လုံးပြီးတော့ လက်ထဲမှာ ကြိုဖွက်ထားတဲ့ ဖလက်ပေပါ စက္ကူလုံးနဲ့ လဲလိုက်တာပါ၊ အဲဒီ ဖလက်ပေပါ စက္ကူလုံးထဲမှာ နကိုကတည်းက လက်စွပ်ကိုထည့်ပြီးတော့ လုံးထားတာ၊ မီးရှို့လိုက်တော့ လက်စွပ်ကိုထုတ်ထားတဲ့ ဖလက်ပေပါက လောင်သွားပြီးတော့ လက်စွပ်ကကျန်ရစ်ခဲ့တာပါ၊ သူ့အမြင်မှာတော့ စက္ကူလုံးကနေပြီးတော့ လက်စွပ်ဖြစ်သွားတယ်ပေါ့၊ အထက်ပုဂ္ဂိုလ်ကပေးသလိုလို ဘာလိုလိုပေါ့၊ သူကတော့မယုံပါဘူး၊ ကျွန်တော်မျက်လှည့်ဆရာမှန်း သိနေတာကိုး၊ ကျွန်တော်နဲ့ပေါင်းနေတာလဲ ကြာပြီလေ၊

ဘိုးတော်တစ်ယောက်ယောက်ကသာ ယုံကြည်လွယ်တဲ့သူတစ်ယောက်ယောက်ကိုပြလိုက်ရင် ယုံကြမှာပါပဲ၊ အဲဒီတော့ ကျွန်တော်တို့က အဲဒီနည်းတွေကို တီဗွီအစီအစဉ်ကနေပြမယ်၊ ပြီးတော့ ဘယ်လိုလုပ်လိုက်တာလဲဆိုတာ ပြန်ဖော်ပြမယ်၊ တီဗွီကမဖော်ခင် အဲဒီပြကွက်လေးကို အပျော်ပြန်ပြနိုင်ဖို့အတွက် အောက်မှာ အသေးစိတ်ပြန်ဖော်ပြပေးထားပါတယ်၊ အောက်မှာဖော်ပြထားတာကတော့ လက်စွပ်ဖြစ်သွားတာမဟုတ်ပါဘူး၊ ပိုက်ဆံငါးထောင်တန်ဖြစ်သွားတာပါ၊ သဘောခြင်းကတော့ အတူတူပါပဲ၊ လိုအပ်တဲ့ ပစ္စည်းတွေကတော့













ဖလက်ပေပါ ထဲမှာ ငါးထောင်တန်ကို ကြိုထည့်ပြီးတော့ လုံးထားလိုက်ပါ၊



ငါးထောင်တန်ထည့်ပြီး လုံးထားတဲ့ ဖလက်ပေပါကို လက်ထဲမှာ ကြိုတင်ဖွက်ထားပါ၊


တစ်ရှူးစက္ကူကို နဲနဲဖြဲပြီး လုံးလိုက်ပါ။ လက်ထဲမှာကြိုဖွက်ထားတဲ့ ဖလက်ပေပါ စက္ကူလုံးနဲ့ တစ်ရှူးလုံးကို လဲလိုက်ပါ၊






လဲလိုက်တဲ့ ငါးထောင်တန်ပါတဲ့ စက္ကူလုံးကို ပန်းကန်ပြားထဲကိုထည့်လိုက်ပြီး မီးရှို့လိုက်ပါ၊

အပြင်ဖက်မှာက ဖလက်ပေပါ မီးလောင်သွားပြီး အတွင်းထဲမှာ ကြို ထည့်ထားတဲ့ ငါးထောင်တန် ငွေစက္ကူ ပေါ်လာပါလိမ့်မယ်၊



အဲဒီငွေစက္ကူငါးထောင်တန်ကို ကိုင်ပြီးတော့ဖြန့်ပြလိုက်ပါ၊

ဒီနည်းကိုအခြေခံပြီးတော့ မိတ်ဆွေကြိုက်တဲ့ ပစ္စည်းဖြစ်လို့ရပါတယ်၊ ကမ္ဘာကျော်မျက်လှည့်ဆရာကြီး နှင်းဆီပန်းပွင် လုပ်သွားတာလည်း ဒီဖလက်ပေပါနဲ့ပဲ ဖြစ်ပါတယ်၊









## "အာရုံရလို့ လာတာ"

ဟိုတစ်ရက်က ကျွန်တော်ကိစ္စတစ်ခုရှိလို့အပြင်သွားနေပါတယ်၊ အိမ်မှာ ကျွန်တော့်အမျိုးသမီးရယ် ကျွန်တော့်တပည့်မ တစ်ယောက်ရယ် သူတို့နှစ်ယောက်ပဲ အိမ်မှာရှိတဲ့အချိန် အလှူခံတစ်ယောက် ရောက်လာပြီးတော့ အလှူခံသလိုလို ဘာလိုလိုနဲ့ သူတို့ကို မှော်အုပ်ဖို့လုပ်တဲ့အကြောင်း သူတို့ပြန်ပြောပြလို့ ကျွန်တော်သိရပါတယ်၊

သူတို့နှစ်ယောက် အိမ်ထဲမှာ ရောက်တတ်ရာရာ စကားပြောနေကြတဲ့အချိန် အိမ်ရှေ့ကို အလှူခံတစ်ယောက် ရောက်လာပါတယ်၊ ကုလားမတစ်ယောက်ပါ၊ သူ့လက်ထဲမှာ ဟိန္ဒူဘုရားပုံတော်တစ်ခုကို ကိုင်ထားပါတယ်၊ ပုံတော်ဆိုတာက ဘုရားပုံတော် ပိုစတာကို ပလပ်စတစ်လောင်းထားတာပါ၊ တော်တော်ဟောင်းနေပါပြီ၊ ညစ်ပေနေပါတယ်၊ သူကအိမ်ရှေ့မှာလာပြီး ရပ်နေတာကို ကျွန်တော့်အမျိုးသမီးကတွေ့တော့"ကန်တော့ပါသေးရဲ့"လို့ လှမ်းပြောလိုက်ပါတယ်၊ အဲဒီတော့ အဲဒီကုလားမက"အဲဒီလို မပြောရဘူး လာတောင်းတာမဟုတ်ဘူး အာရုံရလို့လာတာ" လို့ ပြောလိုက်ပါတယ်၊ ကျွန်တော့အမျိုးသမီးက ပေမရှည်ချင်တာနဲ့ ပိုက်ဆံ တစ်ရာတန်တစ်ရွက်ကို ကျွန်တော့်တပည့်မ သူ့သူငယ်ချင်းကို ပေးပြီးတော့ သွားပေးခိုင်းလိုက်ပါတယ်၊ အဲဒီလိုပိုက်ဆံလည်းထည့်လိုက်ရော ကုလားမက အိမ်ရှေ့မှာရပ်နေရာကနေ အိမ်ထဲကိုဝင်လာပြီး ကျွန်တော့်အမျိုးသမီးကို ရူးရူးစိုက်စိုက်ကြည့်ပြီးတော့ မမြင်နိုင်တဲ့အရာတစ်ခုခုက သူ့နဲ့ ဆက်သွယ်ချက်ရသလိုလို အမူအရာလုပ်ပြီးတော့ "လက်သွားဆေးလိုက် အာရုံတွေရနေတယ် လက်သွားဆေးလိုက်" လို့ လှမ်းပြီးတော့ပြောလိုက်ပါတယ်၊ သူလုပ်တဲ့အမူအရာနဲ့ သူလုပ်တဲ့ပုံစံက ကျွတ်စဥ်ကြီးပါပဲ၊ အရင်တုံးကလိုသာဆိုရင် ကျွန်တော့်အမျိုးသမီးက ကျွတ်ပြီးတော့ သူခိုင်းတဲ့အတိုင်း လုပ်မိမှာပါပဲ၊ အခုတော့သူလည်း နဲနဲနပ်နေပါပြီ၊ သူ့ကိုသေသေချာချာကြည့်ပြီးတော့ "သွားလိုက်တော့ သွားလိုက်တော့" လို့ ပြောလိုက်ပါတယ်၊ အဲဒီတော့မှ ကုလားမလည်း ပေစောင်းစောင်းနဲ့ အိမ်ထဲကနေထွက်သွားပါတယ်၊ သူတို့ပြန်ပြောပြလို့ ကျွန်တော်သိရတာပါ၊ ကျွန်တော်သာရှိရင် လက်သွားဆေးပေးလိုက်ပါမယ်၊ သူဘယ်လိုဆက်ပြီးတော့ မှော်အုပ်မှာလဲဆိုတာ သိချင်ပါတယ်၊ ဒါက ကျွန်တော်စဥ်းစားကြည့်တာပါ၊ တကယ်တမ်းကျတော့ ကျွန်တော်သာရှိနေမယ်ဆိုရင် သူဒါမျိုးလုပ်မှာမဟုတ်ပါဘူး၊ သူကအဲဒီလောက်တော့ နုံမှာမဟုတ်ပါဘူး။

## “စိတ်တန်ခိုးနဲ့ ဖွန်းကွေးပြနည်း”

ဟိုတရက်က ကျွန်တော့်ဆီကို မြေဝိုင်းပြတုန်းက တပည့် တင့်လွင်ရောက်လာတယ်၊ သူကျွန်တော့်ဆီကို မရောက်တာကြာပါပြီ၊ ဘာလို့လဲဆိုတော့ မြေဝိုင်းပြတုန်းက တစ်နေ့အရက်ဝိုင်းမှာ ကျွန်တော့်ကိုသူက “ဆရာရဲ့ကျေးဇူးတွေက ဆပ်လို့မကုန်တော့ဘူးလား၊ ဆရာဆီက ဘာပညာမှလည်းထပ်ပြီး တော့မသင်တော့ဘူး၊ အခုတတ်သလောက်နဲ့ပဲ လုပ်စားတော့မယ်” လို့ပြောဖူးပါတယ်၊ အဲဒီတော့ကျွန်တော်ကလည်းသူ့ကို “အေးကောင်းတာပေါ့ကွာ၊ ဒီကနေ့ကစပြီးတော့ မင်းရယ်ငါရယ်ဟာ ဆရာတပည့်မဟုတ်တော့ဘူး၊ သူငယ်ချင်းပေါ့ကွာ သူငယ်ချင်းဆိုတော့ မင်းရှိရင်မင်းတိုက်၊ ငါရှိရင်ငါတိုက်မယ်၊ လွှက်ရည်အတူတူသောက်လို့ရတယ်၊ အရက်အတူတူ သောက်လို့ရတယ်၊ အရင်တုံးကလိုမျိုး ဆရာ ဟိုပြကွက်လေးက ဘယ်လိုလုပ်တာလဲ၊ ဟိုနည်းလေးကဘယ်လိုလဲ၊ ဒီနည်းလေးက ဘယ်လိုလဲလို့ မမေးနဲ့၊ ငါကလည်းမင်းကို အလကားသင်ပေးမှာမဟုတ်တော့ဘူး၊ ဒါပေမဲ့ ဆရာတပည့်မဟုတ်ပေမယ့် မင်းသိချင်တာ မင်းတတ်ချင်တာရှိရင် သင်ပေးဦးမယ်၊ အရင်ကလို အလကားတော့မရတော့ဘူး၊ ပိုက်ဆံနဲ့သင်ရမယ်၊ တန်ရာတန်ကြေးပေးရမယ်လို့ ပြောလိုက်တော့ သူက “တော်ပါပြီဆရာရယ် ဘာကိုမှမသင်တော့ပါဘူး၊ တတ်သလောက်နဲ့ပဲလုပ်စားပါ့မယ်”လို့ ခပ်ငေါ့ငေါ့လေး ပြန်ပြောလိုက်တယ်၊ အဲဒီကတည်းက ကျွန်တော်သိပါတယ်၊ ဒီကောင်ကျွန်တော့်ဆီကို ရောက်လာဦးမှာပါ၊ ဘာလို့လဲဆိုတော့ သူက ဒီအတတ်ပညာနဲ့ လုပ်စားနေတာကိုး၊ အခုကြည့် ကျွန်တော်ထင်ထားတဲ့ အတိုင်းရောက်လာပြီ၊ သူလာတာက တစ်ယောက်ထဲမဟုတ်ဘူး၊ သူ့အနောက်မှာ နောက်ထပ်နှစ်ယောက်ပါလာသေးတယ်၊ ကျွန်တော်က သူ့သတင်းကိုကြားပြီးသားပါ၊ သူဘယ်သူတွေနဲ့ ပေါင်းနေတယ်ဆိုတာ၊

ကျွန်တော်ထင်ထားတဲ့ အတိုင်းပါပဲ၊ သူ့နောက်ကပါလာတာတွေက ဘိုးတော်----ရဲ့တပည့်တွေ၊သူတို့သိချင်တာက တတ်ချင်တာက ဟိုတရက်က မြဝတီရုပ်သံလိုင်းတီဗွီအစီအစဉ်ကနေ ကျွန်တော်ပြလိုက်တဲ့ စိတ်တန်ခိုးနဲ့ ဇွန်းကွေးတဲ့နည်း၊ အဲဒီတုန်းက တီဗွီရုပ်သံလိုင်းမှာ ကျွန်တော်ကပြနေတယ်၊ သူက တင့်လွင်က ဘိုးတော်---ရဲ့တပည့်တွေနဲ့ပေါင်းပြီးတော့ ဟိုဟာသင်ပေး ဒီဟာသင်ပေးနဲ့ လုပ်စားနေတာ၊ ဘိုးတော်---က အဲဒီနည်းကိုလိုချင်လို့ ကျွန်တော့်





ဆီကိုရောက်လာတာ၊ ရောက်လာရမှာပေါ့၊ အဲဒီနည်းကို တင့်လွင်မှမသိတာ၊ တင့်လွင်က လာရင်းကိစ္စကိုအကျိုးအကြောင်းရှင်းပြပြီးတော့ “အဲဒါပါပဲဆရာရယ်”လို့ စကားအဆုံးသတ်လိုက်ပြီးတော့ ကျွန်တော်ပြန်ပြောမယ့် စကားကို နားထောင်နေတယ်၊ ကျွန်တော်က “တင့်လွင် မင်းကိုငါပြောပြမယ်၊ မင်းနဲ့ငါက ဆရာတပည့် မဟုတ်တော့ဘူးဆိုတာ မင်းသိတယ်နော်၊ အဲဒီတော့ အခုမင်းတို့တတ်ချင်တဲ့နည်း သုံးသောင်းပေးရင်သင်ပေးမယ်”လို့ ပြောလိုက်ပါတယ်၊

အဲဒီတော့ တင့်လွင်က သူနဲ့ပါလာတဲ့ ဘိုးတော် --- ရဲ့တပည့်တွေနဲ့ တိုင်ပင်ပြီးတော့ “ရတယ်ဆရာပေးမယ်”လို့ ပြန်ပြောလိုက်တယ်၊ ကျွန်တော်ကလည်း သူတို့ကကျွန်တော်တောင်းတဲ့ ပိုက်ဆံကိုပေးပါ့မယ်ဆိုတာတောင် လက်မခံသေးပဲ အထွန့်တက်ပြီးတော့ သမားဂုဏ်ပြချင်တာလဲပါတယ်၊ တင့်လွင်ကို ချွတ်ချင်တာလည်းပါတယ်၊ အဲဒါနဲ့ ဘိုးတော် --- ရဲ့တပည့်တွေရှေ့မှာပဲ တင့်လွင်ကို “တင့်လွင် မင်းလည်းမျက်လှည့်ဆရာပဲ၊ ငါအခုလုပ်ပြမယ် မင်းသေသေချာချာကြည့် ငါဘယ်လိုလုပ်လိုက်တာလဲဆိုတာ မင်းသိသွားရင် ငါ့ကိုတစ်ပြားမှမပေးနဲ့၊ အဲဒီပိုက်ဆံ မင်းယူလိုက် မင်းပဲသင်ပေးလိုက်၊ မသိလိုက်ဘူး မလုပ်နိုင်ပါဘူး ဆိုမှ ငါမင်းတို့ပိုက်ဆံကိုယူပြီးတော့ သင်ပေးမယ်၊ မျှမျှတတပေါ့ကွာ၊ ကဲသေသေချာချာကြည့်ကြပေတော့” လို့ ပြောပြီးတော့ ကျွန်တော်က လွှက်ရည်ဇွန်းအထူ သုံးချောင်းကို သူတို့ရှေ့မှာချပေးပြီး ကြိုက်တဲ့တစ်ချောင်းကို ရွေးလို့ပြောလိုက်ပါတယ်၊ တင့်လွင်က အဲဒီအထဲကတစ်ချောင်းကို ရွေးပြီးတော့ ကျွန်တော့်ကိုပေးလိုက်တယ်၊ ကျွန်တော်လည်း အဲဒီဇွန်းကို သူတို့ရှေ့မှာတင်ပဲ အလယ်ကကိုင်ပြီးတော့ လက်ထဲမှာ ကန့်လန့်ထားလိုက်တယ်၊ နောက်တော့ အဲဒီဇွန်းကို သေသေချာချာ စိုက်ကြည့်လိုက်တယ်၊ အားလုံးမြင်လိုက်ရတယ်၊ သူတို့မျက်စိရှေ့မှာတင်ပဲ ဇွန်းကဖြေးဖြေးချင်း ကွေးဆင်းသွားတယ်၊ နောက်တော့ ကျွန်တော်ကအဲဒီဇွန်းအကွေးကို သူတို့လက်ထဲထည့်ပေးလိုက်တယ်၊ သူတို့ ဇွန်းအကွေးကို သေသေချာချာကြည့်ကြတယ်၊ လက်နှစ်ဖက်နဲ့ကိုင်ပြီး တော်ရုံအားနဲ့ ပြန်ဆန့်ဖို့တောင်မလွယ်ဘူး၊ တင်လွင်ကိုကျွန်တော်က မင်းငယ်သေးတယ်ဆိုတဲ့ မျက်နှာနဲ့ ကြည့်လိုက်ပြီးတော့ “တင့်လွင် နောက်ကိုမင်းမှတ်ထား၊ မင်းနောက်ကိုစကားလွယ်လွယ်မပြောနဲ့” လို့ပြောလိုက်တယ်၊

တင့်လွင်ကလည်း “ ကဲ ပါဆရာရယ် အဲဒါတွေထားပါတော့ သင်စရာရှိတာကိုသာသင်ပေးပါ၊” လို့ ပြောလိုက်ပါတယ်၊ အဲဒီတော့ ကျွန်တော်က တင့်လွင်ရဲ့ ရှေ့ကိုလက်ဆန့်ပြီးတော့ လက်ဝါးကိုဖြန့်ပြလိုက်ပါတယ်၊ အဲဒီအမိပ္ပါယ်ကို တင့်လွင်သိပါတယ်၊ အဲဒါက ဆရာပီကိုလာ(ကျွန်တော့်ရဲ့ဆရာ) ရဲ့ စတိုင်ပါပဲ၊ အမိပ္ပါယ်ကတော့ ကျန်တာနောက်မှပြော၊ မင်းပေးစရာရှိတာကို လက်ထဲကိုအရင်ထည့်လိုက်ဆိုတဲ့ သဘောပါပဲ၊ ကျွန်တော်ကအဲဒီလို လက်ဝါးဖြန့်ပြလိုက်တော့ တင့်လွင်က “ဆရာရယ် ဆရာတပည့် အချင်းချင်းတွေပဲ ကျွန်တော်တစ်ယောက်လုံးပါပါတယ်၊ ဆရာပြစရာရှိတာကိုသာပြစမ်းပါ၊ ပြီးရင်ရမှာပေါ့” တဲ့ ကျွန်တော်ကလည်း “ ကျွန်တော်တစ်ယောက်လုံးပါပါတယ် မလုပ်နဲ့၊ ငါကမင်းကိုမယုံတာ၊ ဆရာတွေ တပည့်တွေလည်းမလုပ်နဲ့၊ အဲဒီ ဆရာတပည့် ကိစ္စတွေလည်း မင်းရယ်ငါရယ် နှစ်ဦးသဘောတူ ဖျက်သိမ်းပြီးသွားပြီ၊ အဲဒီတော့ ငါတို့ထုံးစံအတိုင်း မင်းပေးစရာရှိတာကို လက်ထဲကိုသာ အရင်ထည့်လိုက်ပါ” လို့ပြောလိုက်တော့မှ သူလည်း ဘယ်လိုမှ ရှောင်လို့မရဘူးဆိုတာသိသွားပြီးတော့ ဘိုးတော် --- ရဲ့တပည့်တွေဆီကနေ ပိုက်ဆံထုပ်ကိုယူပြီးတော့ ကျွန်တော့် လက်ထဲကို ထည့်ပေးလိုက်ပါတယ်၊

ကျွန်တော်လုပ်တာမှန်ပါတယ်၊ ကျွန်တော်တို့မှာ အတွေ့အကြုံတွေအများကြီး ရှိပါတယ်၊ လူတော်တော်များများဟာ ပထမတော့ ပိုက်ဆံပေးမယ် သင်ပေးပါလို့ပြောတယ်၊ နောက်တော့ မျက်လှည့်နည်း လျှို့ဝှက်ချက်ဆိုတာ သိသွားရင် ပိုက်ဆံမပေးချင်ကြတော့ဘူး၊ အခုကိစ္စကပိုပြီးတော့ဆိုးတယ်၊ အခုပြလိုက်တဲ့ ဇွန်းကွေးတဲ့နည်းဆိုတာ လျှို့ဝှက်ချက်ကိုသူတို့သိသွားရင် တော်တော်စိတ်ပျက်သွားမှာ၊ လက်လှည့်နည်းသက်သက်၊ ဘာမှ အဆင့်မြင့်နည်းပညာမပါဘူး၊ ဒါပေမယ့် အဲဒီလမ်းကြောင်းကို ကျွန်တော်ထွင်ထားတာမဟုတ်ဘူး၊ နိုင်ငံခြားနည်း၊ သူတို့လည်း ဒီလမ်းကြောင်းအတိုင်းပဲလုပ်ကြတယ်၊ ကျွန်တော်ပြောခဲ့သလို လျှို့ဝှက်ချက်ကိုသိသွားရင် တင့်လွင်တို့လက်ခံနိုင်မှာမဟုတ်ဘူး၊ သူတို့ရော သူတို့ ဘိုးတော်ရော လက်လှည့်နည်းဖြစ်လို့ လေ့ကျင့်နိုင်မှာမဟုတ်ဘူး၊ လေ့ကျင့်လို့ရရင်တောင် ပြရဲမှာမဟုတ်ဘူး၊ လုပ်ရတာက ပေါတင်ကြီး၊ အဲဒီတော့ အခုရှုတ်မှနှောင်ရှင်း၊ ထုံးစံအတိုင်း ပိုက်ဆံကိုအရင်ယူထားတာ မမှားဘူး၊





ကျွန်တော်က တင့်လွင်ပေးလိုက်တဲ့ ပိုက်ဆံကိုယူပြီးတော့ သိမ်းလိုက်ပါတယ်၊ ပြီးတော့မှ ဇွန်းကို တစ်ဝက်ပိုင်းထားတဲ့ နောက်မြီးတိုလေးကိုထုတ်ပြပြီး “လျှို့ဝှက်ချက်ကတော့ ဒါပဲ” လို့ သင်ပေးဖို့ စကားစလိုက်ပါတယ်၊ တင့်လွင်နဲ့ ဘိုးတော် --- ရဲ့တပည့်နှစ်ယောက်ဟာ အဲဒီဇွန်းဖင်မှီးပြတ်လေးကို အထူးအဆန်းသဖွယ် ဝိုင်းပြီးတော့ ကြည့်နေကြပါတယ်၊ နောက်တော့မှ ကျွန်တော်ပြခဲ့တဲ့ ဇွန်းကွေးနည်းရဲ့ အဆင့်ဆင့်ကို သူတို့နားလည်သည်အထိ သင်ပေးလိုက်ပါတယ်၊ အဲဒီနည်းရဲ့ လျှို့ဝှက်ချက်နဲ့ လုပ်နည်းလုပ်ပုံ အဆင့်ဆင့်ကို သိလိုက်တဲ့အချိန်မှာတော့ သူတို့အားလုံး စိတ်ပျက်သွားတဲ့ အမူအရာကို ကျွန်တော်တွေ့လိုက်ရပါတယ်၊ အဲဒီလိုဖြစ်မယ်ဆိုတာကို ကျွန်တော်အစောကြီးကတည်းကသိပါတယ်၊ သူတို့ထင်ထားတာက ဇွန်းကအလိုလို ကွေးသွားလိမ့်မယ်ထင်တာ၊ ဒီနည်းကအလိုလိုဖြစ်တာ မဟုတ်ဘူး၊ လက်လှည့်နည်း၊ အကိုင်အတွယ်သေသပ်ဖို့ အများကြီးလေ့ကျင့်ရမယ်၊


သူတို့အားလုံးက စိတ်ပျက်သွားကြပေမယ့် ကျွန်တော့်ကိုအထွန့်မတက်ရဲပါဘူး၊ ဘာလို့လည်းဆိုတော့ ကျွန်တော်ပြခဲ့တဲ့အတိုင်း သူတို့ကိုသင်ပေးထားလို့ပါပဲ၊ သူတို့ဖာသာသူတို့ မလုပ်ရဲတာ မလုပ်နိုင်တာကျွန်တော်နဲ့ မဆိုင်ပါဘူး၊ လူပါးပုလင်းထိဆိုတာ ကြားဖူးပါတယ်၊ သူတို့တွေကလည်း လူလည်တွေပါ၊ အခုကျွန်တော့်ဆီမှာ အဲဒီနည်းကိုလာသင်တာကလည်း မသိနားမလည်ယုံကြည်လွယ်တဲ့သူတွေကို ပြန်လိမ်ဖို့ပါ၊ မျက်လှည့်နည်းပညာကို ချစ်လို့မဟုတ်ပါဘူး၊ ကျွန်တော့်ဆီကို လာခြင်းမကောင်းတဲ့ သူတို့အဖွဲ့ ကျွန်တော့်အိမ်က အပြန်လမ်းမှာ လေးလံတဲ့ခြေလှမ်းများနဲ့ ပြန်လည်ထွက်ခွာသွားခဲ့ကြပါတယ်၊

ဒါသူတို့ပါ၊ ကျွန်တော်ကကောဘာထူးလို့လဲ၊ အူမမတောင့်တာကို အကြောင်းပြပြီး မလုပ်သင့်တာတွေလုပ် မပေါင်းသင့်တဲ့သူတွေနဲ့ပေါင်း တံငါနားနီးတံငါ၊ မုဆိုးနားနီး မုဆိုးဆိုသလိုပါပဲ၊ ကျွန်တော် လမ်းဘေးမျက်လှည့်ဆရာဘဝမှာ ရခဲ့တဲ့ အမြတ်တွေကတော့ လောဘတွေ၊ အတ္တတွေ၊ မာနတွေ၊ ကိုယ့်ကိုယ်ကို လူလည်ဆိုပြီးတော့ သူများကိုလိမ်တာ ကောက်တာ လှည့်တာ ပါတ်တာ နည်းမျိုးစုံနဲ့ အကုသိုလ်တွေ အပြည့်ကြီး ရခဲ့ပါတယ်၊



F6-A

# “မီးထိုကူးတယ်ဆိုတာ”



ဘိုးတော်လိမ်တွေရဲ့ နောက်ကြောင်းရာဇဝင်တွေကိုကြည့်လိုက်မယ်ဆိုရင်လည်း ပြစ်မှုတွေကိုကျူးလွန်ခဲ့တဲ့ ထောင်ထွက်တွေများပါတယ်၊ တစ်ချို့ဘိုးတော်တွေကျတော့ သူတို့အသက်ကိုမေးရင် တစ်ရာကျော် တစ်ထောင်ကျော်ပြောကြတယ်၊ သူတို့ရုပ်လေးတွေက နုဖတ်နေတာပဲ၊ ဘာသာရေးလိုက်စားလို့ နုနယ်နေသယောင်ပေါ့၊ တစ်ချို့ဘိုးတော်လိမ်တွေက ယောကျာ်းတွေမဟုတ်ပဲ မိန်းမတွေ ဖြစ်နေတာလဲရှိတယ်၊ အဲဒါမျိုးတွေက များသောအားဖြင့် အုပ်စုနဲ့လိမ်တဲ့အဖွဲ့တွေ အများဆုံးသုံးတယ်၊ တကယ်တမ်းကျတော့ အဲဒီဘိုးတော်လိုသရုပ်ဆောင်တဲ့သူက ဆရာမဟုတ်ဘူး၊ သူ့ဘေးက သူ့တပည့်အဖြစ်သရုပ်ဆောင်တဲ့သူကဆရာ၊ ကျွန်တော်တို့ငယ်ငယ်တုန်းက ကျွန်တော်တို့အိမ်ရှေ့က အကယ်ဒမီရုပ်ရှင်မင်းသားကြီးတစ်ယောက်ရဲ့အိမ်ကို လာလိမ်သွားတာ အဲဒီဘိုးတော်က မိန်းမကြီး၊ အဲဒီအကြောင်းကို ချက်ခြင်းသိရတာတော့မဟုတ်ဘူး၊ နောက်တော်တော်ကြာမှသိရတာ၊ သူ့အသက်ကိုမေးရင် သူကငွေးတောက်ရှက်လို့ဖြေတယ်၊ ငွေးတောက်ရှက်ဆိုတာ သူ့အသက် ၂၇၄ နှစ်လို့ပြောတာတဲ့၊ သူ့ကိုလာပြီးတော့ ကိုးကွယ်တဲ့သူတွေက ဘိုးတော်ရဲ့အသားအရေရုပ်ဆင်းအင်္ဂါက နုဖတ်နေတာပဲ လို့ချီးမွမ်းကြတယ်၊ မိန်းမကြီးဆိုတာ သူတို့မှမသိကြပဲ၊ အဲဒီတုန်းက သူလုပ်ပြတာက သိုက်ကဘုရားကိုပင့်ပြတာတို့ သဘော်သီးထဲက စိတ်ပုတီးထုတ်ပြတာတို့များတယ်၊ မီးတွေအမှောင်ချပြီးတော့မှ လုပ်ပြတာ သိတ်ပြီးတော့ ပညာသားမပါလှပါဘူး၊





အထက်ဖက်က အသက်တစ်ထောင်ကျော်ပြီဆိုတဲ့ ဘိုးတော်တစ်ယောက်ရဲ့ မီးထိုကူးတယ်ဆိုတဲ့ ဗွီဒီယိုခွေကိုကြည့်လိုက်ရတယ်၊ ဗွီဒီယိုခွေကို ကြည့်ပြီးကတည်းက သိလိုက်ပါတယ်၊ ကျွန်တော်တို့ မျက်လှည့်ပြကွက်တွေရဲ့ သဘောတရားအတိုင်း အာရုံပြောင်းပြီးတော့ အစစ်နဲ့ အတုကိုစနစ်တကျလဲတာ တွေ့ရပါတယ်၊ သူတိုအုပ်စုကတော့ ဒီကနေ့တိုင်ရှိသေးတယ်ထင်ပါတယ်၊ ပြည်ဖက်က မြေရှိုးမိုးပျံတဲ့ ဘိုးတော်ကျော်သောင်းတို့အဖွဲ့ကတော့ အလိမ်တွေပေါ်ပြီးတော့ အဖမ်းခံလိုက်ရပါပြီ၊

လူတွေကလည်း လူတွေပါပဲ၊ ဘယ်တော့မှ သဘာဝကျကျမစဉ်းစားကြဘူး၊ ကျွန်တော်တို့ ဘုရားရှင်ကလည်း ရုပ်ခန္ဓာဆိုတာ ဓါတ်ကြီးလေးပါး အစုအဖွဲ့သာဖြစ်တယ်လို့ အတိအလင်းဖွင့်ဆိုထားပါတယ်၊ ဒီရုပ်ခန္ဓာကြီးကိုမီးနဲ့တိုက်မှတော့ ပျက်စီးဖို့ပဲရှိတာပေါ့၊ အဲဒီကနေဆက်ပြီတော့ သဘာဝကျကျစဉ်းစားကြည့်ရအောင်၊ မီးနဲ့လဲ ရှို့လိုက်တယ် ပျက်လည်း မပျက်စီးဘူးဆိုမှတော့ လှည့်စားမှုတစ်ခုခုပဲပေါ့၊ ဘယ်လိုလှည့်စားနိုင်လဲ၊ မီးကအတုလား၊ မီးအတုလုပ်ဖို့ကမလွယ်ဘူး၊ မီးကအတုမဟုတ်ရင် မီးအရှို့ခံတဲ့လူကအတုပေါ့၊ လူပုံစံအရုပ်ပေါ့၊ တစ်ခုနဲ့တစ်ခု အစစ်နဲ့အတု ဘယ်အချိန်မှာလဲလိုက်တာလဲ၊ အဲဒီမှာ အဲဒီခွေကိုသေသေချာချာပြန်ကြည့်၊ လူအစစ်က ထင်းချောင်းတွေပေါ်မှာ ထိုင်တယ်၊ တစ်ခါထဲရှို့လိုက်ပါလား၊ ဘာဖြစ်လို့ မီးမရှို့သေးပဲ တံခါးပိတ်လိုက်တာလဲ၊ ဘာဖြစ်လို့တံခါးပိတ်ပြီးမှ ရှို့တာလဲ၊ တံခါးပိတ်ပြီးတော့ ရှို့လိုက်တယ်၊ လောင်နေတာကို ဘာဖြစ်လို့ပြန်ဖွင့်ပြတာလဲ၊ အစစ်နဲ့ အတုလဲပြီးလို့ပေါ့၊ သေသေချာချာကြည့် သေသေချာချာစဉ်းစားရင် အဖြေပေါ်ပါတယ်၊

မိတ်ဆွေတို့ အနီးဝန်းကျင်မှာ ဘိုးတော်အတု အယောင်ဆောင် အလိမ်ကောက်များကြောင့် ထိခိုက်နစ်နာမှုများရှိပါက ကျွန်တော်တို့နဲ့ဆက်သွယ်နိုင်ပါသည်၊
သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် အတူလာရောက်ကူညီဖြေရှင်းပေးပါမည်၊

# "ကျောက်ခဲတွေအန်နေတာ ဘာ့ကြောင့်လဲ"

ဟိုတစ်ရက်က ကျောက်ခဲတွေပါးစပ်ထဲက အန်တယ်ဆိုတဲ့ ဗွီဒီယိုခွေကို ကြည့်လိုက်ရပါတယ်၊ တရားဝင်ဆင်ဆာတင်ထားတဲ့ခွေ မဟုတ်ပါဘူး၊ သူငယ်ချင်းတစ်ယောက် လမ်းဘေးဆိုင်တစ်ဆိုင်ကဝယ်လာတာကို ကျွန်တော်ကခဏငှားပြီးတော့ ကြည့်တာပါ၊ ကျွန်တော်တို့မျက်လှည့်မှာ ပါးစပ်ထဲကနေပြီးတော့ ပင်ပေါင်ဘောလုံးတွေအများကြီး ထုတ်ပြတဲ့ ပြကွက်ရှိပါတယ်၊ အဲဒီနည်းကို သုံးထားတာလားလို့ ခွေကိုမကြည့်ခင်မှာစဉ်းစားမိပါတယ်၊ ခွေကိုကြည့်လိုက်တော့ အဲဒီနည်းကိုသုံးထားတာ မဟုတ်ဘူးဆိုတာ တွေ့ရပါတယ်၊ ဘာပဲဖြစ်ဖြစ် သေသေချာချာကြည့်မယ်ဆိုရင် အဲဒီခွေထဲမှာ သဘာဝမကျတာတွေအများကြီးပါပဲ၊ ဖြစ်စဉ်ကလည်း သဘာဝဖြစ်စဉ်မဟုတ်ပါဘူး၊ သဘာဝဖြစ်စဉ်ဆိုတာက အစာမကျေရင် စားပြီးသားအစာတွေ ပြန်အန်နိုင်တယ်၊ ကလေးသူငယ်တွေ ဗိုက်ထဲမှာသံရှိရင် သံကောင်တွေ အန်နိုင်တယ်၊ တခုခုထိခိုက်မိလို့ ခန္ဓာကိုယ်ထဲက သွေးကြောတွေ ပေါက်သွားခဲ့ရင် သွေးတွေအန်နိုင်တယ်၊ ဒါတွေက သဘာဝဖြစ်စဉ်တွေပါ၊ သဘာဝအတိုင်းမဟုတ်တဲ့ ဖြစ်စဉ်တွေလဲ ဖြစ်တတ်ကြပါတယ်၊ ဒါပေမယ့် အဲဒါတွေမှာလည်း သူ့သဘာဝနဲ့သူ ရှိနေပါတယ်၊ ဥပမာတစ်ခုကို သဘာဝကျကျ စဉ်းစားကြည့်ရအောင်၊ ခင်ဗျားရဲ့ ပါးစပ်ထဲကနေပြီး ကျောက်ခဲဆယ်လုံးလောက် အန်ထွက်လာမယ်ဆိုရင် ခင်ဗျားဘယ်လိုနေမလဲ၊ ခင်ဗျားမိသားစု ဘယ်လိုနေမလဲ၊ ခင်ဗျား စားလို့ဝင်ပါ့မလား၊ အိပ်လို့ပျော်ပါ့မလား၊ ခင်ဗျားအဲဒီစိတ်နဲ့ ရက်ပိုင်းအတွင်း အိပ်ရာထဲမှာ လဲပြီးတော့ မျောက်ခေါင်းရုပ် ဖြစ်သွားမှာ သေချာတယ်၊ ကျွန်တော်ဆိုရင်လဲ ဒီအတိုင်းပဲဖြစ်မှာ၊ ခွေထဲမှာကြည့်ရတဲ့ ကျောက်ခဲအလုံးတစ်ရာကျော်အန်တဲ့ ကောင်မလေးနဲ့သူ့မိသားစုက အေးအေးဆေးဆေးပဲ၊ အဲဒါကသဘာဝမကျဘူး၊ ဘာနဲ့သွားတူသလဲဆိုတော့ ကျွန်တော်မျက်လှည့်ကို ကျွန်တော်နဲ့အတူပူးတွဲပြီးပြတဲ့ ကျွန်တော့်တပည့်တွေက မအံ့ဩသလို ဖြစ်နေတယ်၊ သူတို့က သရုပ်ဆောင်တာသိတ်ပြီးတော့မပီပြင်ဘူး ဖြစ်နေတယ်၊






နောက်တစ်ခု သဘာဝမကျတာရှိပါသေးတယ်၊ အနီးကဘယ်ဆေးရုံဆေးခန်းကိုမှမပြဘူး၊ အဲဒါဘာသဘောလဲ၊ ခွေကိုကြည့်ဖူးရင်တော့ ပြောရတာပိုကောင်းပါတယ်၊ ခွေထဲမှာကပထမတစ်လုံးအန်ပြတယ်၊ အဲဒီအချိန်မှာ သူ့အိမ်ကမိသားစုကပြောတယ်၊ အဲဒီအလုံးနဲ့ဆိုရင် အလုံးငါးဆယ်ကျော်ပြီတဲ့၊ နောက်တော်တော်ကြာတော့ နောက်တစ်လုံးအန်တာကို ထပ်ရိုက်ပြတာတွေ့ရတယ်၊ သူ့မိသားစုကပြောတယ်၊ အလုံးတစ်ရာကျော်သွားပြီတဲ့၊ ကျွန်တော်တို့သေသေချာချာစဉ်းစားကြည့်ရမယ်၊ ရုပ်ကွက်တိုင်းရပ်ကွက်တိုင်းမှာ ပါတ်ဝန်းကျင်ဆိုတာရှိတယ် ဒီလိုကိစ္စမျိုးကြီးသာတကယ်ဖြစ်ရိုးမှန်ရင် အဲဒီအိမ်မှာ ပါတ်ဝန်းကျင်ကလူတွေအများကြီးနဲ့ ရုပ်ရုပ်သဲသဲဖြစ်နေမှာသေချာတယ်၊ ခွေထဲမှာတော့ လူလေး လေးငါးဆယ်ယောက် ချောက်တောက်တောက်နဲ့၊ အတိအလင်းပြောရရင် ရိုးသားမှုတွေမတွေ့ရဘူး၊

အဲဒီဖြစ်စဉ်ကို လူတွေစိတ်ဝင်စားအောင်လုပ်ပြတာဟာ၊ ဘာဖြစ်ချင်တာလဲ၊ ဘာလုပ်ချင်တာလဲ၊ စောင့်ကြည့်ရမယ်၊ သူ့တို့မှာ အကြောင်းတစ်ခုခုတော့ ရှိရမယ်၊ အဲဒီအနီးအနားကလူတွေဆိုရင်တော့ ပိုပြီးတော့သိနိုင်တယ်၊ အဲဒီဖြစ်စဉ်ဖြစ်ပြီးသိတ်မကြာဘူး နောက်ထပ်တစ်ယောက်က ဖင်ထဲကနေပြီးတော့ ဝမ်းသွားရင်း သံချောင်းတွေထွက်လာတယ်ဆိုပြီး နောက်ထပ်သတင်းတစ်ပုဒ်ထွက်လာတယ်၊ အဲဒါကလည်း သဘာဝကျတဲ့ဖြစ်စဉ် မဟုတ်ဘူး၊ ကိုယ့်အနီးအနားကဆိုရင် သေသေချာချာလေ့လာပြီးသေသေချာချာစောင့်ကြည့်၊ သူတို့မှာအကြောင်းရှိတယ်၊

တစ်ခါတစ်ရံမှာ သဘာဝလွန်ဖြစ်ရပ်တွေ ရှိကောင်းရှိနိုင်တယ်၊ ဒါပေမယ့် အဲဒီသဘာဝလွန်ဖြစ်ရပ်ဖြစ်စဉ်မှာကိုက သဘာဝရှိတယ်၊ အဲဒီသဘာဝကိုမြင်အောင်ကြည့်ရမယ်၊ သဘာဝလွန်ဖြစ်ရပ်တစ်ခုဖြစ်တယ်ဆိုတာကြားတာနဲ့ ရန်းပြီးတော့မယုံနဲ့၊ အဲဒီဖြစ်တဲ့သူ၊ ပါတ်ဝန်းကျင်၊ နောက်ကြောင်း အဲဒါတွေကို သေသေချာချာလေ့လာကြည့်ရမယ်၊





# “မှော်”

ကျွန်တော် ဆရာတစ်ယောက် တွေ့ဖူးပါတယ်၊ သူက ‘မှော်’ကိုမယုံပါဘူး၊ ဒါပေမယ့် သူများတွေကိုတော့ ‘မှော်’ အုပ်ပါတယ်၊ သူများတွေသူ့ကို ယုံကြည်ကိုးစားလာအောင် ‘မှော်’ ကောင်းကောင်းအုပ်တတ်ပါတယ်၊ အဲဒါက သူ့အလုပ်ပါပဲ၊ သူအဲဒါလုပ်စားပါတယ်၊ တကယ်တမ်းကျတော့ သူက အဲဒါလုပ်စားမှ မဟုတ်ပါဘူး၊ သူ့အတွက် အကောင်းစားနေရာတွေ အများကြီး ရှိပါတယ်၊ ဘာလို့လဲဆိုတော့ သူ့မှာထူးချွန်ထက်မြက်တဲ့ အတတ်ပညာတွေ အများကြီး ရှိပါတယ်၊ သူ့မှာ ပြည့်စုံလုံလောက်တဲ့ အတွေ့အကြုံ ဗဟုသုတတွေ အများကြီးရှိပါတယ်၊ ဒါပေမယ့် သူက အဲဒီလို သူများတွေကိုမှော်အုပ်တဲ့အလုပ်ကိုမှ သာယာပါတယ်၊ ဉာဏ်ပညာကလည်းကြီးတယ် အတွေ့အကြုံ ဗဟုသုတက လည်း ရှိတယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် အသာလေးရွှေလိုက်ရုံပါပဲ၊ နောက်ပိုင်းမှာ (၇)ရက်သားသမီးတွေကို ကယ်တင်နေတဲ့ ကယ်တင်ရှင်ကြီး အနေနဲ့ ယုံကြည်ကိုးကွယ်တဲ့သူတွေ တစ်စထက်တစ်စများပြားလာပါတယ်၊ အဲဒီမှာ ‘မှော်’ကိုမယုံကြည်တဲ့ အဲဒီဆရာဟာ မှော်ကိုယုံကြည်စပြုလာပါတယ်၊





လူကြိုက်နာကြတာတွေကလည်းများ တပည့်တပန်းတွေကလည်းများ ဆိုတော့ သူ့ကိုမမြင်နိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ယောက်ကပဲ စောင့်မနေသလိုလို စောင့်ရှောက်နေသလိုလို သူကိုယ်တိုင်ပဲ သိဒ္ဓိတွေရသွားသလိုလို ထင်လာပါတယ်၊ တပည့်တပန်းနဲ့ ပါတ်ဝန်းကျင်ကလည်း စားကောင်းသောက်ကောင်းအောင် သူ့ကို ကြတ်ကြပါတယ်၊ တစ်ချို့က အဲဒီဆရာ သိတ်ပြီးတော့ တော်တာ သူ့မှာ သိဒ္ဓိတွေရနေပြီ၊ ဘိုးတော် ဖြစ်နေပြီ။ တစ်ချို့က ဆရာ့ကို ယုံပါတယ်၊ ကျွန်တော်တို့ကျွန်မတို့ ဘဝတွေကိုပုံပြီးတော့အပ်ပါတယ်တဲ့၊ အဲဒီမှာတင် သူကိုယ်တိုင်ကလည်း ဘာဖြစ်သွားမှန်းမသိပဲ ၊ သူ့ကိုယ်သူ တစ်ခုခုတော့ ဖြစ်နေပြီလို့အထင် ရောက်လာပါတယ်၊ အမှန်ကတော့ ပထမပိုင်းမှာ သူကသူများတွေကို မှော်အုပ်တာပါ၊ နောက်ပိုင်းမှာတော့ စောစောကပြောသလိုပါပဲ၊ ပါတ်ဝန်းကျင်နဲ့ သူ့တပည့်တွေက သူ့ကိုပြန်ပြီးတော့မှော်အုပ်တာကြတ်တာကို သူခံနေရပါပြီ၊ အဲဒီမှာ သူသာယာနေပါပြီ၊ နောက်ပိုင်းမှာ အရှိန်အဆော်တွေ ကြီးမားလာပြီး သူက အရင်ကလိုမျိုး လုပ်စားတာ မဟုတ်တော့ဘဲနဲ့ ဘာမှသိတ်ပြီးတော့ မလုပ်ရဘဲနဲ့ ပိုက်ဆံတွေမြောက်မြားစွာ ဝင်ပြီးတော့ လက်ညှိုးညွှန်ရာဖြစ်ခဲ့ပါတယ်၊ သူ့ကိုယုံကြည်ဖို့ကိုလည်း အထူးတည်ဆောက်စရာမလိုပဲ ယုံကြည်တဲ့ ကိုးကွယ်မယ့်သူတွေကလည်း ဝင်လာမစဲ တသဲသဲ ပါပဲ၊ အဲဒီမှာ သူ့ရဲ့စိတ်က ငါလိုလူဒီဇမ္ဗူ့ရှိလားဆိုတဲ့ အတွေးပေါင်းများစွာနဲ့ ငါကတော့ဖြစ်နေပြီ ငါတကယ်ဖြစ်နေပြီ ဆိုပြီးတော့ တချိန်က သူက သူများတွေကိုအုပ်ခဲ့တဲ့မှော် သူကိုယ်တိုင်ပြန်ညိနေပါပြီ။

ကျွန်တော် ဟိုသီချင်းကိုသွားပြီးတော့ သတိရပါတယ်၊ “မောင့်အချစ်များရူး မောင့်အချစ်များရူး နှုတ်လည်း မနှုတ်ချင်ပေဘူး” တစ်ခါတစ်လေမှာ မဟုတ်ဘူး အစစ်တွေမဟုတ်ဘူးဆိုတာသိပါတယ်၊ မှော်တွေ ရူးဝင်နေတာပါ။ မှော်တွေ ရူးဝင်နေမှန်းသိသိကြီးနဲ့ နှုတ်လည်းမနှုတ်ချင်ပါဘူး မှော်ကမ္ဘာထဲမှာ သာယာနေပြီထင်ပါတယ်။






## မျော်အနုပညာ သင်တန်းများ

- အနီးကပ်မျက်လှည့် ပြကွက်များ
- ဖဲမျက်လှည့် ပြကွက်များ
- ပဥ္စလှည့် ပြကွက်များ
- စင်တင်မျက်လှည့် ပြကွက်များ
- စိတ်ပိုင်းဆိုင်ရာ ပြကွက်များ

အမှတ် (၄၃)၊ ၁၃၃-လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၀၂၅၉၂ ၊ ၀၉-၅၀ ၆၂၇၂၆၊ ၀၉-၄၄၈၀၀၇၉၈၉